# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၇၉ ခုနှစ် သီတင်းကျွတ်လဆန်း ၁၀ ရက်၊ စနေနေ့။ Saturday, 30 September 2017 (၉၀၆၃)


**တိုင်းရင်းသားရေးရာ အထူးကဏ္ဍအချပ်ပိုပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာအထူးကဏ္ဍ အချပ်ပို(၄)မျက်နှာ ပါရှိပါသည်။



**ရန်ကုန် ရေကမ္ဘာဥယျာဉ် ဝင်ခွင့်စျေးနှုန်းများ ပြောင်းလဲသတ်မှတ်**

စာမျက်နှာ - ၁၂



**နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်များ ဝင်ခွင့်လျှောက်ထားနိုင်**

စာမျက်နှာ - ၃

# ဟဲဟိုး၊ ကော့သောင်းနှင့် မော်လမြိုင်လေဆိပ်တို့ကို PPP စနစ်ဖြင့် လာမည့်နှစ်တွင် အဆင့်မြှင့်တင်မည်



“လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံအတွင်းဖြတ်ကျော်ပျံသန်းမှုအတွက် အမေရိကန်ဒေါ်လာ သန်း ၁၀၀ နှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများမှ မြန်မာငွေကျပ်သန်းပေါင်း ၁၃၀၀၀ ကျော်ကို နိုင်ငံတော်ဝင်ငွေအဖြစ် နှစ်စဉ်ရှာဖွေပေးလျက်ရှိ”

**ရန်ကုန် စက်တင်ဘာ ၂၉**

ပြည်တွင်းလေဆိပ်သုံးခုဖြစ်သော ဟဲဟိုးလေဆိပ်၊ ကော့သောင်းလေဆိပ်နှင့် မော်လမြိုင်လေဆိပ်တို့ကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်းပါဝင်သည့် Public Private-Partnership(PPP)စနစ်ဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် Market Sounding Meeting အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ရှိ လေကြောင်းသိပ္ပံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

စာမျက်နှာ ၃ ကော်လံ ၅ သို့ ✳

# ယာဉ်မောင်းလိုင်စင်ဖြေဆိုရန် အွန်လိုင်းမှတိုကင်ယူသည့်စနစ် အောက်တိုဘာ ၁ ရက်တွင် စတင်ကျင့်သုံးမည်

**ရန်ကုန် စက်တင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(မြင်သာ)၌ ယာဉ်မောင်းလိုင်စင်ဖြေဆိုမည့်သူများ ကြိုတင်တိုကင်ယူသည့်စနစ်ကို အွန်လိုင်းစနစ်ဖြင့် အောက်တိုဘာ ၁ ရက်တွင် စတင်ကျင့်သုံးမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(မြင်သာ)မှ သိရသည်။

အွန်လိုင်း ကြိုတင်တိုကင်ယူစနစ်ကို အနည်းဆုံးသုံးရက်မှ အများဆုံး ရက် ၃၀ အထိ ကြိုတင်ရယူထားနိုင်ကြောင်း အွန်လိုင်းတိုကင်စနစ်ဆောင်ရွက်ရမည့် နည်းလမ်းစဉ်နှင့်ပတ်သက်၍ ယနေ့နံနက်က ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(မြင်သာ)ရုံးတွင် ညွှန်ကြားရေးမှူး(ကွန်ပျူတာ)ဒေါ်ရီရီမြင့်က သတင်းမီဒီယာများအား ရှင်းလင်းပြောကြားသည်။

“မနက်အစောကြီးကတည်းက တိုကင်ယူဖို့အတွက် လာစောင့်နေတဲ့လူအုပ်က မနည်းဘူး။ ရုံးဝင်းတံခါးဖွင့်တာနဲ့ အပြေးအလွှားတန်းစီရတော့ အမျိုးသမီးတွေဆို အဆင်မပြေဘူး။ ဒါကြောင့် အွန်လိုင်းကနေ တိုကင်ယူနိုင်တဲ့စနစ်ကို စတင်ကျင့်သုံးသွားမှာပါ” ဟု ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(မြင်သာ)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ◯






## ကြေးမုံ

# ပန်းကောင်းအညွန့်မကျိုး ပျိုးထောင်

မကြာသေးမီက ကလေးသူငယ်များနှင့်ပတ်သက်သည့် စိတ်မချမ်းမြေ့ဖွယ်ရာများ၊ အမှုအခင်းများ၊ ပြဿနာများကို ကြားသိခဲ့ရသည်။ လူမှုပတ်ဝန်းကျင်တွင်ဖြစ်ပေါ်ခဲ့သော ကလေးသူငယ်တို့အရေးနှင့် ပတ်သက်၍ သတိထားဆင်ခြင်ကိုင်တွယ်ဖြေရှင်းပေးသင့်သည်။ ကလေးသူငယ်ဟူသည်မှာ အသိအမြင် ဗဟုသုတနည်းပါးသေးသဖြင့် လူကြီးများကတည့်မတ်ထိန်းကျောင်းပြုပြင်ပေးမှသာ အကောင်းဆုံးဖြစ်ပေလိမ့်မည်။

ပူပူနွေးနွေး ကလေးသူငယ်အရေးတို့မှာ အလှူခံပုံးမှ ငွေကျပ်သုံးရာယူမိသည့် ကလေးသူငယ်သုံးဦးအား တရားစွဲဆိုသောအဖြစ်၊ အကြွေးမပေးနိုင်၍ ထွက်ပြေးသည့်မိဘ၏ ကလေးငယ်နှစ်ဦးကို နှိပ်စက်ညှဉ်းပန်းသောကြောင့် ကလေးတစ်ဦး သေဆုံးသောအဖြစ်၊ ကျောင်းနေအရွယ်ကလေးငယ်တို့ စိတ်ဒဏ်ရာရရှိအောင် အပြစ်ပေးမိသောအဖြစ်နှင့် အဆိုးရွားဆုံးဖြစ်သော အပြစ်မဲ့ကလေးများ အကြောင်းမဲ့သတ်ဖြတ်ခံရသောအဖြစ်တို့ရှိခဲ့သည်။ ယခင်ကလည်း အိမ်အကူကလေးငယ်တို့ နှိပ်စက်ညှဉ်းပန်း၊ အကြမ်းဖက်ခံရသော အဖြစ်များလည်းရှိခဲ့သည်။

အဆိုပါ ကလေးသူငယ်အရေးတို့ကို သက်ဆိုင်ရာက ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းပေးခဲ့သည်များရှိသလို အုပ်ထိန်းသူနှင့်ပတ်ဝန်းကျင်တို့က ကလေးသူငယ်တို့၏ အနာဂတ်၊ ကလေးသူငယ်တို့၏ အခွင့်အရေး၊ ကလေးသူငယ်တို့အတွက် ဥပဒေဆိုင်ရာ အသိအမြင်ဗဟုသုတနည်းပါးခြင်း၊ ကလေးသူငယ်တို့အား မထီမဲ့မြင်ပြုခြင်းတို့ကြောင့် ကလေးသူငယ်များ ထိခိုက်နစ်နာမှုများရှိနေသေးသည်ကို ကြားသိနေရဆဲဖြစ်သည်။

နောက်ဆုံးဖြစ်ပွားခဲ့သည့် အလှူခံငွေကျပ် သုံးရာယူမိသော ကလေးသူငယ်အမှုတွင် သက်ဆိုင်ရာတို့၏ ကိုင်တွယ်မှုအားနည်းချက်ကြောင့် အပ်နှင့်ထွင်းရမည့်အရေးမှ ပုဆိန်နှင့်ပေါက်ရသည့်အရေးအဖြစ်သို့ ကျယ်ပြန့်သွားသည်ကိုတွေ့ရသည်။ အလှူခံငွေကျပ်သုံးရာယူမိသောကြောင့် ကလေးသုံးဦးအား အမှုဖွင့်တရားစွဲဆိုသည်အထိဖြစ်ပွားခဲ့ရာ မကျေနပ်သောပြည်သူတို့က ဆန္ဒဖော်ထုတ်တုံ့ပြန်မှုအထိရှိခဲ့သဖြင့် မဖြစ်သင့် မဖြစ်ထိုက်သော ကလေးသူငယ်အမှုတစ်ခုဟု ပြောရမလိုဖြစ်သည်။

တကယ်တမ်းတွင် ကလေးသူငယ်ဆိုင်ရာ ကျင့်ထုံးဥပဒေများရှိပြီးဖြစ်၍ တကယ်တမ်း အရေးယူဆောင်ရွက်လိုပါက အရွယ်မရောက်သေးသူများ ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်သည်။ ၁၉၉၃ ခုနှစ် ပြဋ္ဌာန်းထားသော ကလေးသူငယ်ဥပဒေပုဒ်မ ၂(က)တွင် အသက် (၁၆)နှစ်မပြည့်သေးသူကို ကလေးဟုဆိုထားပြီး ပုဒ်မ ၂(ခ)တွင် အသက်(၁၆)နှစ်ပြည့်ပြီး အသက်(၁၈)နှစ်မပြည့်သေးသူကို လူငယ်ဟုဆိုထားသည်။ ဖြစ်ပွားခဲ့သော ကလေးသူငယ်များမှာ အသက် (၁၆)နှစ်အောက်အရွယ်များသာဖြစ်၍ ကလေးသူငယ်ဥပဒေ၊ ကလေးသူငယ်အခွင့်အရေးများနှင့်အညီ ဆောင်ရွက်သင့်သည်။

နိုင်ငံတစ်နိုင်ငံ၏ တန်ဖိုးအကြီးမားဆုံး အရင်းအနှီးမှာ ကလေးသူငယ်များနှင့် လူငယ်များဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။ ကလေးလူငယ်များမှားယွင်းလျှင် မှန်ကန်အောင်တည့်မတ်ပြုပြင်ပေးပြီး ငယ်စဉ်ကတည်းက မှန်မှန် ရှင်သန်ဖွံ့ဖြိုးအောင် ပြုစုပျိုးထောင်ပေးနိုင်လျှင် ထိုကလေးလူငယ်များ အရွယ်ရောက်သောအခါ ယုံကြည်ချက်ခိုင်မာသည့် မိသားစုအတွက်၊ နိုင်ငံအတွက် အားထားရမည့်သူများဖြစ်လာမည်။

သို့တည်းမဟုတ် ကလေးငယ်များ၏ဘဝကို မှန်ကန်အောင်ရှင်သန်ခွင့်မပေးဘဲ အကြောက်တရားများဖြင့် သိမ်ငယ်အောင်ဖန်တီးခဲ့ကြလျှင်၊ လွဲမှားသည့် အသိအမြင်များ ပေးခဲ့ကြလျှင် ပန်းကောင်းအညွန့်ချိုးသကဲ့သို့ ငယ်ငယ်ရွယ်ရွယ်နှင့် သင်းသတ်ခံရသကဲ့သို့ အမှားများစွာနှင့်ယဉ်ပါးသူများ ဖြစ်လာသောအခါ နိုင်ငံ၏အနာဂတ်အတွက် ရင်လေးဖွယ်ရာများဖြစ်လာပေလိမ့်မည်။

ယင်းကို အုပ်ထိန်းသူများ၊ ဆရာသမားများ၊ ပတ်ဝန်းကျင်နှင့် သက်ဆိုင်သူများက အထူးအလေးထားကာ ကလေးသူငယ်များအား အကာအကွယ်ပေးရေး၊ ပြုစုပျိုးထောင်ပေးရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဦးစားပေးဆောင်ရွက်ပေးစေလိုပါကြောင်း စေတနာကောင်းဖြင့် အကြံပြုတင်ပြအပ်ပါသည်။ ။

# ယူနက်စကို ကမ္ဘာ့မှတ်တမ်းအမွေအနှစ်ထိန်းသိမ်းရေး ဆောင်ရွက်သွားမည်

**ရန်ကုန် စက်တင်ဘာ ၂၉**



မြန်မာနိုင်ငံတွင် ယူနက်စကို ကမ္ဘာ့မှတ်တမ်းအမွေအနှစ် (Memory of the World-MOW)အစီအစဉ်ကို မျိုးဆက်သစ်များ ပိုမိုထိန်းသိမ်းစောင့်ရှောက်ရေး သိရှိစေရန် လုပ်ဆောင်လျက်ရှိပြီး ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို လာမည့် ဒီဇင်ဘာလ(သို့မဟုတ်) ဇန်နဝါရီလအတွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ ကျင်းပသည့် အမွေအနှစ်ထိန်းသိမ်းရေး အစီအစဉ်များတွင် အမျိုးအစား သတ်မှတ်ချက်နှင့် ကွဲပြားခြားနားပုံကို ရှင်းလင်းတင်ပြသည့်အခမ်းအနားမှ သိရသည်။

ယူနက်စကိုမြန်မာမှ Programme Officer ဒေါ်နိုင်နိုင်အေးက "ပြီးခဲ့တဲ့ မေ ၄ ရက်က အင်းယားလိတ်ဟိုတယ်မှာ ယူနက်စကိုရဲ့ ပထမအကြိမ် ကမ္ဘာ့အမွေအနှစ် မှတ်တမ်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခဲ့ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနက တာဝန်ရှိသူတွေကို ဖိတ်ကြားခဲ့ပါတယ်။ အဓိကကတော့ ယူနက်စကိုကနေ မြန်မာနိုင်ငံမှာ အမျိုးသားကော်မတီဖွဲ့စည်းဖို့အတွက် အဆိုပြုတာ ဖြစ်ပါတယ်။ နောက်ပြီး အမျိုးသားအဆင့်၊ ဒေသဆိုင်ရာနဲ့ နိုင်ငံတကာအဆင့် မှတ်ပုံတင်စာရင်းသွင်းတာတွေကို ပိုပြီးတိကျမှန်ကန်ဖို့ ပံ့ပိုးတာတွေ လုပ်ပေးပါတယ်"ဟု ပြောသည်။

မှတ်တမ်းအမွေအနှစ် ကာကွယ်ထိန်းသိမ်းခြင်းတွင် အဓိကအားဖြင့် (၁) လက်ရေးမူများ၊ စာအုပ်များ၊ ဒိုင်ယာရီများ၊ သတင်းစာများ၊ ပိုစတာများ၊ (၂) ပန်းချီကားများ၊ မြေပုံများ၊ သီချင်းစာသားများနှင့် ရုပ်ပုံများ၊ (၃) မှတ်တမ်းတင်ရုပ်ရှင်ကားများ၊ တေးသီချင်းများ၊ အသံသွင်းတိပ်ခွေများ၊ ဓာတ်ပုံများနှင့် (၄) မျက်မှောက်ခေတ်အနေအထား၊ ကမ္ဘာ့ပထမဆုံး web page၊ data base နှင့် website တို့အဖြစ် အမျိုးအစား လေးခုခွဲခြား မှတ်တမ်းတင်ထားကြောင်း သိရသည်။

Memory of the World အစီအစဉ်ကို ၁၉၉၂ ခုနှစ်တွင် ယူနက်စကိုက စတင်ခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံက ပထမဆုံး အမည်စာရင်း တင်သွင်းခဲ့သည့် မင်းတုန်းမင်းတရားကြီး ပဉ္စမသင်္ဂါယနာတင်ပွဲ၌ ပိဋကတ်သုံးပုံကို ကျောက်ပြား ၇၂၉ ချပ်ပေါ်တွင် ရေးထိုးပူဇော်ခဲ့သည့် မဟာလောကမာရဇိန်(ခေါ်) ကုသိုလ်တော်ဘုရား ကျောက်စာကို ၂၀၁၃ ခုနှစ်၌ ကမ္ဘာ့အမွေအနှစ် မှတ်တမ်းစာအုပ်တွင် အမည်စာရင်းတင်သွင်းခွင့်ရရှိခဲ့ကြောင်း သိရသည်။

မှတ်တမ်း အမွေအနှစ်များကို ခွဲခြားသတ်မှတ်ရာတွင် အစစ်အမှန်ဖြစ်ခြင်း၊ မူလနေရာတွင် ထိန်းသိမ်းထားခြင်း၊ အတုအပပြုလုပ်ထားခြင်းမျိုးမဖြစ်စေရန်နှင့် အချိန်ကာလအားဖြင့်ပါ ထူးခြားထင်ရှားမှုရှိရမည်ဖြစ်ကြောင်း သိရသည်။

ယနေ့အခမ်းအနားတွင် ကမ္ဘာ့အမွေအနှစ် ကွန်ဗင်းရှင်းနှင့် မြန်မာနိုင်ငံ မှတ်တမ်းအမွေအနှစ်၊ ဇီဝအဝန်းနယ်မြေနှင့် ဘူမိအမွေအနှစ်နယ်မြေ စသည့်အကြောင်းများကို ယူနက်စကိုမှ ပညာရှင်များက ရှင်းလင်းပြောကြားခဲ့သည်။

**သတင်း - မြတ်စန္ဒီသင်းဇော်**
**ဓာတ်ပုံ - ရဲထွဋ်**






**(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရဲတပ်ဖွဲ့စခန်းမှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၂၄ ရက်က ရေဆင်းဆည်အဝင်လမ်းတွင် ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်ကြစဉ်။ (ခွန်းဆက်နေ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၂၉**

ရန်ကုန်(ရွှေဈေး) ၉၃၀၂၀၀ - ၉၃၀၂၀၀ မန္တလေး(ရွှေဈေး) ၉၃၀၂၀၀ - ၉၃၀၂၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၁၀/၇၃၀ ကျပ်၊ | ၇၅၀/၇၆၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၆၀/၇၇၅ ကျပ်၊ | ၈၀၀/၈၈၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၂၀/၇၄၀ ကျပ်၊ | ၇၈၀/၇၉၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၂၅/၇၅၀ ကျပ်၊ | ၇၇၀/၇၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၉၀/၆၉၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၀၅/၇၁၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၁၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၀.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၀၁.၈ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၄.၀၈ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၀.၇၄၃ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၂၁.၇၈ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀.၇၇၃ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၀၈.၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၈.၆၆ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၆၇.၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၁.၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဝင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှိုင်သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ဇေယျ၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလဲ့
themirror.npt@gmail.com
www.facebook.com/themirrordaily

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ ဝင်ခွင့်လျှောက်ထားနိုင်

**ရန်ကုန် စက်တင်ဘာ ၂၉**

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး) ၁၃၇၉-၈၀ ပညာသင်နှစ်တွင် သာသနတက္ကသီလ ဓမ္မာစရိယတန်း (ပထမနှစ်)သို့ တက်ရောက်လိုသော ရဟန်း၊ သာမဏေများသည် အစိုးရပထမကြီးတန်း၊ စေတိယင်္ဂဏစာသင်တန်း၊ သကျသီဟစာသင်တန်း တစ်ခုခုအောင်မြင်ပြီး သက်တော် (၃၀)နှစ်၊ သိက္ခာတော် (၁၀)ဝါအောက်ရှိရမည်။

သာသနတက္ကသီလ မဟာဓမ္မာစရိယတန်း (ပထမနှစ်) သို့ တက်ရောက်လိုသော ရဟန်း၊ သာမဏေများသည် သာသနတက္ကသီလဓမ္မာစရိယဘွဲ့၊ သာသနဓဇဓမ္မာစရိယဘွဲ့၊ သကျသီဟဓမ္မာစရိယဘွဲ့၊ စေတိယင်္ဂဏ ဓမ္မာစရိယဘွဲ့တစ်ခုခုရရှိပြီး သက်တော် (၃၅)နှစ်၊ သိက္ခာတော် (၁၅)ဝါအောက်ရှိ အရှင်မြတ်များ လျှောက်ထားနိုင်ကြောင်း သိရှိရသည်။

**ဖြေဆိုကြရမည်**

သာသနတက္ကသီလ ဓမ္မာစရိယတန်း (ပထမနှစ်) ဝင်ခွင့်လျှောက်ထားသော ရဟန်း၊ သာမဏေများသည် အစိုးရပထမကြီးတန်းနှင့်ညီမျှသော ဝိနည်းဆိုင်ရာ ငါးပုစ္ဆာနှင့် အဘိဓမ္မာဆိုင်ရာ ငါးပုစ္ဆာ၊ မေးခွန်းလွှာတစ်ခု၊ ပါဠိဆိုင်ရာ ငါးပုစ္ဆာနှင့် အထွေထွေဗဟုသုတ ငါးပုစ္ဆာ၊ မေးခွန်းလွှာတစ်ခုကို တစ်ရက်စီ စုစုပေါင်း နှစ်ရက်ဖြေဆိုကြရမည်ဖြစ်ပါသည်။

သာသနတက္ကသီလမဟာဓမ္မာစရိယတန်း (ပထမနှစ်)ဝင်ခွင့်လျှောက်ထားသော ရဟန်း၊ သာမဏေများသည် သာသနတက္ကသီလ ဓမ္မာစရိယတန်း (စတုတ္ထနှစ်) ညီမျှသော ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာကို ပထမနေ့တွင် (က) အတ္ထယောဇနာ(ခ) ဝါကျသဒ္ဒါ(ဂ) အဓိပ္ပါယတ္တ (ဃ) ခေတ်လေ့လာနည်းအားဖြင့် (၁၀) ပုစ္ဆာ ဖြေဆိုရမည်။ ဒုတိယနေ့တွင် ပါဠိ၊ မြန်မာ၊ အင်္ဂလိပ်၊ ပြန်ပွားဘာသာအားဖြင့် (၁၀) ပုစ္ဆာဖြေဆိုရမည်။

**ဆက်သွယ်စုံစမ်းနိုင်**

သာသနာ့တက္ကသိုလ်ဝင်ခွင့်လျှောက်ထားလွှာများကို ၁၃၇၉ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၉ ရက် (၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၄ ရက်) (စနေ၊ တနင်္ဂနွေရုံးပိတ်ရက်မှအပ) စတင်ထုတ်ပေးမည်ဖြစ်ပြီး ၁၃၇၉ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၂ ရက် (၂၀၁၇ ခုနှစ် အောက်တိုဘာ ၃၁ ရက်) နောက်ဆုံးထား၍ လျှောက်လွှာပုံစံများကို သက်ဆိုင်ရာတက္ကသိုလ်များ၏ မော်ကွန်းထိန်းရုံးတို့တွင် တင်သွင်းနိုင်ပြီး အသေးစိတ်သိလိုသော အချက်များကို နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) မော်ကွန်းထိန်းရုံး ဖုန်း-၀၉-၅၄၀၀၈၂၈၊ ၀၉-၄၂၅၀၀၈၇၂၈၊ ၀၉ ၂၅၀၀၃၇၈၉၉၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) မော်ကွန်းထိန်းရုံး ဖုန်း-၀၂ ၆၆၉၀၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# အထူးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကာတာသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၉**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ ကာတာသံအမတ်ကြီး H.E. Mr. Hassan bin Mohamed Rafei Al Emadi အား ယနေ့ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အမှတ် (I-11)၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**



တွေ့ဆုံစဉ် အထူးကော်မရှင်ဥက္ကဋ္ဌက ရခိုင်ဒေသ အခြေအနေများအား အမှန်အတိုင်း သိမြင်နိုင်ရန် လိုအပ်ပါကြောင်း၊ ကာတာနိုင်ငံရှိ မီဒီယာများအနေဖြင့်လည်း ရခိုင်ဖြစ်စဉ်အပေါ် ဘက်မျှသည့် သတင်းများ ထုတ်လွှင့်ပေးခြင်းဖြင့် ကမ္ဘာမှ အခြေအနေမှန်များ သိရှိနိုင်စေရေးအတွက် ကူညီဆောင်ရွက်ပေးစေလိုပါကြောင်းနှင့် လူသားချင်း စာနာထောက်ထားမှုအကူအညီများကိုလည်း သတ်မှတ်ထားသည့် လမ်းကြောင်းများအတိုင်း ကူညီပေးစေလိုပါကြောင်း ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

# ငွေကြေးဝန်ဆောင်မှု နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီ

**ရန်ကုန် စက်တင်ဘာ ၂၉**

မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများသည် ယခုအချိန်အခါတွင် လျင်မြန်သောတိုးတက်မှုများဖြင့် အသွင်ကူးပြောင်းလျက်ရှိရာ Credit Card (အကြွေးဝယ်ကတ်များ)၊




Mobile Banking ဝန်ဆောင်မှုနှင့် အပြည်ပြည်ဆိုင်ရာ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများအစရှိသော Product အသစ်များကို မျှော်လင့်တောင်းဆိုလာကြောင်း သိရသည်။

ထို့ကြောင့် ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများသည် နည်းပညာကို အခြေခံ၍ လုံခြုံစိတ်ချရသော ဘဏ်ဝန်ဆောင်မှုများကို Customer များအား စဉ်ဆက်မပြတ် ဝန်ဆောင်မှုပေးနိုင်ရန်နှင့် ခိုင်မာသော နည်းပညာတည်ဆောက်မှုများ ပြုလုပ်လာကြသည်။ Core Banking၊ Digital Banking နှင့် အပြည်ပြည်ဆိုင်ရာ ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများကို သုံးစွဲသည့် Customer များနှင့် မိတ်ဖက်အဖွဲ့အစည်းများသို့ လုံခြုံစိတ်ချသော ဘဏ်ဝန်ဆောင်မှုများ ပေးနိုင်ရန်အတွက် Data Center နှင့် Core Network Infrastructure တို့ကို ပြောင်းလဲတည်ဆောက်ရန် CB Bank နှင့် Cisco တို့သည် နည်းပညာပိုင်းတွင် အတူတကွ ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြပြီး CB Bank မှ ဘဏ်ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ် ဝန်ဆောင်မှုပေးဆောင်နိုင်ရန်အတွက် Active-Active Data Centre ကို တည်ဆောက်လျက်ရှိသည်။

**ခင်မောင်ဝင်း(ကြေးမုံ)**

# ၁၉၄၈ ခုနှစ် ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။**
**အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**၁၉၄၈ ခုနှစ် ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေး**
**အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း**
**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်- )**
**၁၃၇၉ ခုနှစ်၊ လ ရက်**
**(၂၀၁၇ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **၁၉၄၈ ခုနှစ် ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေးအက်ဥပဒေ (BURMA ACT NO. III OF1948.)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

## ✱ ရှေ့ဖုံးမှ

"ICAO Standards အရ Regulator နဲ့ Service Provider ကဏ္ဍတွေ ခွဲထုတ်ပြီး မြန်မာနိုင်ငံရဲ့ Transport Master Plan အရ Service Provider အပိုင်းဖြစ်တဲ့ လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းတွေကို ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုတွေနဲ့ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လိုတဲ့အတွက် အခုလို အခမ်းအနားကျင်းပတာပါ”ဟု လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမင်းလွင်က ပြောသည်

အဆိုပါလေဆိပ်များကို PPP စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ပထမအဆင့်အနေဖြင့် အစိုးရဘက်မှရင်းနှီးမြှုပ်နှံမည့် တန်ဖိုး (In-Kind Value) ရှိရန် လေဆိပ်များ၏တန်ဖိုးဖြတ်ခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ဒုတိယအဆင့်အနေဖြင့် EOI တင်ပြလာသည့် ကုမ္ပဏီများကို အရည်အချင်းဆန်းစစ်ခြင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ထို့နောက် PQ အောင်မြင်သည့်ကုမ္ပဏီများကို တင်ဒါခေါ်ယူနိုင်ရေးအတွက် Reques for Proposal ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်

“အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းလိုင်းအဖွဲ့ချုပ်က ပြဋ္ဌာန်းထားတဲ့ စံချိန်စံညွှန်းနဲ့အညီ လေဆိပ်သုံးခုလုံးကို တစ်ပြိုင်နက်တည်း အဆင့်မြှင့်တင်သွားမှာပါ။ လေးလနဲ့ ခြောက်လအတွင်းမှာ တင်ဒါအောင်တဲ့သူတွေကို ရွေးချယ်ပြီး အသေးစိတ်ဆွေးနွေးမယ်။ ခြောက်လအတွင်းမှာ ဒီလုပ်ငန်းကို လွှဲပြောင်းနိုင်အောင် လျာထားတယ်။ ၂၀၁၈ ခုနှစ် ဧပြီလမှာ လုပ်ငန်းစဖို့ မှန်းထားတယ်။ ဒီလုပ်ငန်းတွေပြီးသွားရင် ပြည်တွင်းလေယာဉ်တွေအပြင် ပြည်ပကလာတဲ့ စင်းလုံးလေယာဉ်တွေပါ ဆင်းလို့ရတဲ့အပြင် တခြားဆက်စပ်လုပ်ငန်းတွေပါ အဆင်ပြေသွားမှာပါ”ဟု လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်စိုးက ပြောသည်

မြန်မာနိုင်ငံအတွင်း လေဆိပ်/လေယာဉ်ကွင်း စုစုပေါင်း ၆၉ ကွင်းရှိပြီး ထိုအထဲမှ ရန်ကုန်၊ နေပြည်တော်၊ မန္တလေးမြို့တို့ရှိ လေဆိပ်သုံးခုမှာ အပြည်ပြည်ဆိုင်ရာလေဆိပ်များဖြစ်ပြီး ပြည်တွင်းလေဆိပ် ၃၁ ခုမှာ လေယာဉ်များ ဆင်းသက်အသုံးပြုလျက်ရှိကြောင်း၊ ကျန်လေယာဉ်ကွင်းများမှာ ကွင်းတိုလေယာဉ်ကွင်းများဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်း ဖြတ်ကျော်ပျံသန်းမှုအတွက် အမေရိကန်ဒေါ်လာ သန်း ၁၀၀ နှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများမှ မြန်မာကျပ်ငွေ သန်းပေါင်း ၁၃၀၀၀ ကျော်ကို နှစ်စဉ်နိုင်ငံတော်ဝင်ငွေအဖြစ် ရှာဖွေပေးလျက်ရှိကြောင်း ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

ယနေ့ကျင်းပသည့်အခမ်းအနားသို့ ကုမ္ပဏီပေါင်း ၆၀ ကျော်မှ တာဝန်ရှိသူများတက်ရောက်ကြပြီး သိရှိလိုသည်များကိုမေးမြန်းရာ လေကြောင်းဌာနမှ တာဝန်ရှိသူများက ဖြေကြားသည်။ PPP စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် ပထမအဆင့်အနေဖြင့် Expression Of Interest (EOI) ခေါ်ယူရာတွင် လေဆိပ်အလိုက် ကုမ္ပဏီများမှစိတ်ဝင်စားမှုမှာ ဟဲဟိုးလေဆိပ်ကို ကုမ္ပဏီ ၆၃ ခု၊ မော်လမြိုင်လေဆိပ်ကို ၄၇ ခု၊ ကော့သောင်းလေဆိပ်ကို ၅၀ ရှိကြောင်း သိရသည်။

**(သတင်း-ဇာနည်မောင်၊ ဓာတ်ပုံ-ဇာဏီ)**

## ❍ ယာဉ်မောင်းလိုင်စင်မှ

အွန်လိုင်းတိုကင်စနစ်ယူရာတွင် www.rtad.gov.mm website သို့ ဝင်ရောက်ရမည်ဖြစ်ပြီး အဆိုပါဝက်ဘ်ဆိုက်စာမျက်နှာပေါ်တွင် ယာဉ်မောင်းလိုင်စင်ရေးဖြေ ဖြေဆိုမှု ရက်ချိန်းရယူရန်၏ လျှောက်ထားရန်ကို Click နှိပ်ပါက ရွေးချယ်ရမည့် ရက်ချိန်း၊ ရယူလိုသည့် လိုင်စင်၊ လာရောက်ဖြေဆိုမည့်အချိန်၊ လက်ရှိလိုင်စင်ရှိပါက လိုင်စင်အမှတ် စသည့် လိုအပ်ချက်များကို ဖြည့်စွက်ရမည်ဖြစ်ပြီး လာရောက်ဖြေဆိုမည့်ရုံးကို တိုင်းဒေသကြီးရုံး(မြင်သာ)ကို ရွေးချယ်ရမည်ဖြစ်သည်။

ယင်းနောက် စစ်ဆေးရန်ကိုနှိပ်၍ စစ်ဆေးရမည်ဖြစ်ပြီး စစ်ဆေးမှုအောင်မြင်ပါက အိုကေကိုနှိပ်၍ လျှောက်ထားသူ၏အချက်အလက် အပြည့်အစုံကို ဖြည့်စွက်ရမည်ဖြစ်သည်။ အပြည့်အစုံဖြည့်စွက်ပြီးနောက် လျှောက်ထားရန်ကို နှိပ်ပါက ရက်ချိန်းရယူမှု အောင်မြင်ပါသည်ဟု ပေါ်လာမည်ဖြစ်ပြီး Download ရယူနိုင်သလို အဆိုပါဖိုင်အား ပရင့်ထုတ်၍ လည်းကောင်း၊ လက်ကိုင်ဖုန်း(သို့မဟုတ်) တက်ဘလက် (Tablet) တစ်ခုခုဖြင့် လည်းကောင်း တင်ပြနိုင်ရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအွန်လိုင်းတိုကင်စနစ်ဖြင့် ကြိုတင်ရက်ချိန်းရယူမှုကို အောက်တိုဘာ ၁ ရက်တွင် စတင်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး အောက်တိုဘာ ၉ ရက် (တနင်္လာနေ့)မှစတင်၍ ရေးဖြေဖြေဆိုနိုင်ရန် ဆောင်ရွက်မည်ဖြစ်သည်။

ယာဉ်မောင်းလိုင်စင်ဖြေဆိုရန် တစ်ရက်လျှင် လိုင်စင်အသစ် ဖြေဆိုသူ ၄၀၀ အထိ လက်ခံပေးမည်ဖြစ်ပြီး တစ်ကြိမ်လျှင် ၁၀၀ နှုန်း (“ခ” လိုင်စင်ဖြေဆိုသူ ၈၅ ဦး၊ “ဃ” နှင့် “င”ယာဉ်မောင်းလိုင်စင် ဖြေဆိုသူ ၁၅ ဦးဖြင့်) လေးကြိမ်ခွဲခြားသတ်မှတ်ထားကြောင်း သိရသည်။ ယင်းတွင် ပထမအကြိမ် နံနက် ၁၀ နာရီမှ ၁၁း၃၀ နာရီအထိ (သတင်းပို့ရမည့် အချိန် ၈း၃၀ နာရီ)၊ ဒုတိယအကြိမ် ၁၁း၃၀ နာရီမှ ၁၃း၀၀ နာရီအထိ (သတင်းပို့ရမည့် အချိန် ၁၀း၀၀ နာရီ)၊ တတိယအကြိမ် ၁၃း၃၀ နာရီမှ ၁၅း၀၀ နာရီ (သတင်းပို့ရမည့်အချိန် ၁၂း၀၀ နာရီ)၊ စတုတ္ထအကြိမ် ၁၅း၀၀ နာရီမှ ၁၆း၃၀ နာရီ (သတင်းပို့ရမည့်အချိန် ၁၃း၃၀ နာရီ) တို့ဖြစ်ကြောင်း သိရသည်။

အလားတူ ယင်းသို့ ရေးဖြေဖြေဆိုပြီးနောက် လက်တွေ့စစ်ဆေးခြင်းကိုလည်း လက်ရှိတွင် ရွာသာကြီးတွင် စစ်ဆေးပေးလျက်ရှိပြီး ထပ်မံ၍ တောင်ပိုင်းခရိုင်ရုံး(သန်လျင်) တွင် နေရာခွဲစစ်ဆေးပေးနိုင်ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ယာဉ်မောင်းလိုင်စင်ဖြေဆိုရာတွင် အစိုးရမှ တရားဝင်အသိအမှတ်ပြု ယာဉ်မောင်းသင်တန်းကျောင်းများတွင် သင်တန်းတက်ရောက်ပြီးမြောက်ကြောင်း သင်တန်းဆင်းလက်မှတ်တင်ပြရန် လိုအပ်ပြီး အွန်လိုင်းစနစ်ဖြင့် တိုကင်ယူရာတွင်လည်း ဖြည့်စွက်ရမည့် လိုအပ်ချက်များကို ပြည့်စုံစွာ ဖြည့်စွက်ပေးရမည်ဟု သိရသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် တရားဝင်အသိအမှတ်ပြုထားသော ယာဉ်မောင်းသင်တန်းကျောင်း ၄၀ ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**(၀၀၁)**

# တရုတ်ဒဿနိကပညာရှိကြီး ကွန်ဖြူးရှပ်၏(၂၅၆၈) နှစ်မြောက်မွေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ကျီနင်း စက်တင်ဘာ ၂၉**

တရုတ်လူမျိုးရှေးဟောင်းဒဿနိက ပညာရှိကြီး ကွန်ဖြူးရှပ်၏ (၂၅၆၈)နှစ်မြောက်မွေးနေ့ အထိမ်းအမှတ် အခမ်းအနားကို စက်တင်ဘာ ၂၈ ရက်က ၎င်း၏ ဇာတိရပ်မြေ ကျူဖူမြို့၌ သိုက်မြိုက်စွာ ကျင်းပကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

ပညာရှိတစ်ဦးဖြစ်သူ ကွန်ဖြူးရှပ်သည် ရှေးဟောင်းတရုတ်ပြည်၌ ပုဂ္ဂလိကစာသင်ကျောင်းကို ပထမဆုံး ထူထောင်ခဲ့သူအဖြစ် ထင်ရှားသည်။

ကွန်ဖြူးရှပ်၏ (၂၅၆၈)နှစ်မြောက်မွေးနေ့ အထိမ်းအမှတ်အခမ်းအနားကို တရုတ်နိုင်ငံ ရှန်တုန်ပြည်နယ် အရှေ့ပိုင်းကျူဖူမြို့ရှိ ကွန်ဖြူးရှပ်ကျောင်းတော်၌ စက်တင်ဘာ ၂၈ ရက် နံနက် ၉ နာရီတွင် စတင်ခဲ့ပြီး ကျောင်းသား ကျောင်းသူများ၊ ကုမ္ပဏီဝန်ထမ်းများဖြစ်သည့် လူငယ် ၂၅၀၀ ကျော်က ကွန်ဖြူးရှပ်၏ အတွေးအမြင်ဒဿနများနှင့် ဆုံးမဩဝါဒစကားများကို ဖော်ပြသောကျမ်းမှ ကောက်နုတ်ချက်စာသားများကို ရွတ်ဆိုခဲ့ကြသည်။

ကွန်ဖြူးရှပ် (ဘီစီ ၅၅၁-၄၇၉)ကို ယနေ့ တရုတ်နိုင်ငံ ရှန်တုန်ပြည်နယ်ရှိ နိုင်ငံငယ်လေး၌ ဘီစီ ၅၅၁ ခုနှစ်တွင် ဖွားမြင်ခဲ့သည်။ ငယ်စဉ်ကပင် ဖခင်ဆုံးပါးသဖြင့် မိခင်မုဆိုးမက ကျွေးမွေးစောင့်ရှောက်လာခဲ့သည်။ လူငယ်ဘဝတွင် အစိုးရဝန်ထမ်းအဖြစ် တာဝန်ထမ်းခဲ့ဖူးပြီး ဝန်ထမ်းသက်အတော်ကြာမှ အလုပ်ထွက်ကာ အတွေးအမြင်များကို စတင်ဟောပြောပို့ချခဲ့သည်။

အသက်(၅၀)အရွယ်တွင် နောက်ပါတပည့်များပြားလာပြီး အစိုးရက ရာထူးကြီးကြီးပေးကာ တာဝန်ထမ်းဆောင်ရန် ကမ်းလှမ်းသောကြောင့် မင်းမှုထမ်းဖြစ်ခဲ့သည်။ မင်းမှုထမ်းဘဝတွင် လေးနှစ်သာခံပြီး ကုန်းတိုက်သူတို့ကြောင့် ပြည်နှင်ဒဏ်ဖြင့် ၁၃ နှစ်တိုင် နေခဲ့ရသည်။ ယင်းကာလအတွင်း တရုတ်ပြည်ပ ဒေသရာဇ်နိုင်ငံငယ်လေးများတွင် နယ်လှည့် ဟောပြောပို့ချသူအဖြစ် နေထိုင်ရှင်သန်ခဲ့သည်။ နာမည်ကျော်ကြားလာခဲ့ပြီးနောက် ဇာတိမြေသို့ ပြန်ရောက်လာပြီး ငါးနှစ်အကြာ အသက်(၇၂)နှစ်တွင် ကွယ်လွန်ခဲ့သည်။

ကွန်ဖြူးရှပ်ဟူသော ဝေါဟာရမှာ ကန်တုန် တရုတ်သံမှဖလှယ်ထားခြင်းဖြစ်ပြီး မန်ဒရင်းသံဖြင့်ဆိုလျှင် ခုန်ဖူဇီဟု အသံဖလှယ်နိုင်သည်။ အသက်အရွယ်ကြီးရင့်သူ၊ ပညာကြွယ်ဝသူကို လေးစားသမှုဖြင့် ခေါ်ဝေါ်သည့် အသုံးအနှုန်းဖြစ်သည်။

ကွန်ဖြူးရှပ်ကို အတွေးအခေါ် ပညာရှင်သာမက ဘာသာရေးရှေ့ဆောင်အဖြစ်လည်း သတ်မှတ်ကြသည်။



ကိုရီးယားကျွန်းဆွယ်တွင် ဘာသာရေးအသွင်ဖြင့် ကိုးကွယ်သေးသည်။ တရုတ်လူမျိုးတို့အတွက်မူ ဘဝလမ်းပြ ဒဿနဆရာကြီးအဖြစ် ကြည်ညိုကြသည်။

အဆိုပါအခမ်းအနားသို့ ယူနက်စကို တာဝန်ရှိသူများ၊ နိုင်ငံတကာမှ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

**ဆင်ဟွာ။**



# မွမ်ဘိုင်းရှိ ရထားလမ်းကျော် လူကူးတံတား၌ လူအုပ်ပြိုကျသဖြင့် ၁၅ ဦးသေဆုံး၊ ၅၀ ခန့် ထိခိုက်ဒဏ်ရာရ

**မွမ်ဘိုင်း စက်တင်ဘာ ၂၉**

အိန္ဒိယနိုင်ငံ၏ ဘဏ္ဍာရေးမြို့တော် မွမ်ဘိုင်းရှိ လော်ကယ်ရထားများရပ်နားရာ ဘူတာရုံအနီးရှိ ရထားလမ်းကျော် လူကူးတံတားတစ်စင်းပေါ်၌ စက်တင်ဘာ ၂၉ ရက်က လူအုပ်စုပြုံတိုးမှုဖြစ်ပွားရာ လူနင်းခံရမှုကြောင့် ၁၅ ဦး သေဆုံးပြီး ၅၀ ခန့် ထိခိုက်ဒဏ်ရာရခဲ့ကြောင်း၊ ဒဏ်ရာရသူများထဲမှ တချို့မှာ စိုးရိမ်ရကြောင်း ဒေသဆိုင်ရာ သတင်းများတွင် ဖော်ပြသည်။

ယင်းမတော်တဆဖြစ်ရပ်ကြောင့် သေဆုံးရသူအရေအတွက်နှင့်ပတ်သက်၍ ဒေသဆိုင်ရာရဲအဖွဲ့က အများပြည်သူစိတ်ထိခိုက်နေချိန်ဖြစ်သဖြင့် ထုတ်ဖော်ပြောကြားရန် နှုတ်ဆိတ်နေသော်လည်း ထိခိုက်ဒဏ်ရာရသူများစွာကို ဆေးရုံသို့ပို့ဆောင်ပေးခဲ့ကြောင်း ပြောကြားသည်။

ယင်းလူအုပ်ပြိုကျမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူအားလုံးကို ရှာဖွေကယ်ဆယ်ရေးလုပ်သားများက ဆေးရုံများသို့ ပို့ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း ရထားလုပ်ငန်းဌာန ပြောရေးဆိုခွင့်ရှိသူ အနီးလ်ဘတ်သီနာက ပြောကြားသည်။

လတ်တလောအခြေအနေတွင် သေဆုံးသူဦးရေကို အတိအကျသတင်းအချက်အလက်ရယူရန် ခက်ခဲကြောင်း၊ သေဆုံးသူများအား စနစ်တကျစိစစ်ပြီးနောက် မကြာမီတွင် မိမိတို့အနေဖြင့် အသေးစိတ်အချက်အလက်များကို ထုတ်ပြန်ပေးမည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

စက်တင်ဘာ ၂၉ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၄၅ မိနစ်ခန့်တွင် ကိုဝါးပါးလ်နှင့် အယ်လ်ပင်စတုန်း ဘူတာရုံအနီးရှိ ကျဉ်းမြောင်းသော ရထားလမ်းဖြတ်ကျော် လူကူးတံတားပေါ်၌ လူအုပ်ပြိုကျမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အိန္ဒိယရဲအဖွဲ့နှင့် ရထားလုပ်ငန်းတာဝန်ရှိသူများက ပြောကြားသည်။ အခင်းဖြစ်ပွားချိန်တွင် မိုးသည်းထန်စွာရွာသွန်းနေပြီး များပြားလှသော လူစုလူဝေးကြီးမှာ မိုးရွာသွန်းစဉ် မိုးလွတ်ရာသို့ပြေးလွှားရာမှ ယင်းသို့ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

ဒေသဆိုင်ရာအစိုးရအဖွဲ့က စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် အမိန့်ထုတ်ပြန်ထားကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ဆင်ဟွာ။**

# မြောက်ကိုရီးယား၏ ရန်စလှုံ့ဆော်မှုများ ပိုမိုရှိလာနိုင်ဟု တောင်ကိုရီးယားပြော

**ဆိုးလ် စက်တင်ဘာ ၂၉**

မြောက်ကိုရီးယား ကွန်မြူနစ်ပါတီထူထောင်သည့် နှစ်ပတ်လည်နေ့ အခါသမယနှင့် တရုတ်နိုင်ငံ၏အရေးအကြီးဆုံး ညီလာခံဖြစ်သည့် ကွန်မြူနစ်ပါတီညီလာခံ ကျင်းပချိန်တို့နှင့် တိုက်တိုက်ဆိုင်ဆိုင်ပင် အောက်တိုဘာလအတွင်း မြောက်ကိုရီးယားနိုင်ငံက ရန်စလှုံ့ဆော်မှုများကို တိုးမြှင့်ပြုလုပ်လာမည်ဟု တောင်ကိုရီးယားနိုင်ငံက မျှော်လင့်ထားကြောင်း ဒေသဆိုင်ရာသတင်းဌာနများက စက်တင်ဘာ ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။

မြောက်ကိုရီးယားနိုင်ငံသည် အောက်တိုဘာ ၁၀ ရက်မှ ၁၈ ရက်အတွင်း တောင်ကိုရီးယားနိုင်ငံအား ရန်စလှုံ့ဆော်မှု ပိုမိုပြုလုပ်လာနိုင်ကြောင်း သမ္မတမွန်းဂျေအင်းတက်ရောက်သည့် အစည်းအဝေး၌ အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ် ချောင်အီယွန်းက ပြောကြားသည်။ သို့ရာတွင် မည်ကဲ့သို့ ရန်စလှုံ့ဆော်မှုများရှိနိုင်သည်ကို ၎င်းက အသေးစိတ်ပြောကြားခြင်း မရှိပေ။

မတော်တဆဖြစ်ပွားသော ဖြစ်စဉ်များကို အကြောင်းပြု၍ မြောက်ကိုရီးယားဘက်မှ စစ်ရေးပဋိပက္ခကို အစပျိုးလာနိုင်သည်ဟု တောင်ကိုရီးယားအမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ်၏ အစီရင်ခံစာတွင် ဖော်ပြထားကြောင်း အာဏာရ ဒီမိုကရက်တစ်ပါတီ၏ ပြောရေးဆိုခွင့်ရှိသူနှင့် အမတ်တစ်ဦးဖြစ်သူ ပါ့ခ်ဝန်ကျူးက ပြောကြားသည်။

**ရိုက်တာ။**

# သည်အီဖယ် မျှော်စင်သို့ လာရောက်ကြည့်ရှုသူ သန်း ၃၀၀ ပြည့်ပြီဖြစ်

**ပါရီ စက်တင်ဘာ ၂၉**

စက်တင်ဘာ ၂၈ ရက်တွင် ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ 'သည်အီဖယ်' မျှော်စင်ကို လာရောက်ကြည့်ရှုသူဦးရေ သန်း ၃၀၀ ပြည့်ခဲ့ပြီဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

ထိုသို့ လာရောက်ကြည့်ရှုသူ သန်း ၃၀၀ ပြည့်ခဲ့သည့်အထိမ်းအမှတ်အဖြစ် မျှော်စင်တာဝန်ရှိသူများက မီးရောင်စုံများထွန်းကာ အလှဆင်ကြပြီး တေးဂီတအဖွဲ့တစ်ဖွဲ့က လာရောက်ကြည့်ရှုသူများအား ဖျော်ဖြေပေးခဲ့သည်။ လာရောက်ကြည့်ရှုသူများကလည်း သီချင်း များ၊ အကများဖြင့် ပျော်ရွှင်စွာ ကပြဖျော်ဖြေကြသည်။

'သည်အီဖယ်' မျှော်စင်ကို ၁၈၈၉ ခုနှစ် ပါရီကုန်စည်ပြပွဲအတွက် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ယခုအချိန်တွင် 'သည်အီဖယ်' မျှော်စင်သည် ကမ္ဘာလှည့်ခရီးသွားအများအပြား လာရောက်လည်ပတ်သည့် ဆွဲဆောင်မှုအရှိဆုံး နေရာများစာရင်းတွင် ပါဝင်လျက်ရှိသည်။

၂၀၁၅ ခုနှစ် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များဖြစ်ပွားခဲ့ပြီးနောက် 'သည်အီဖယ်' မျှော်စင်ကို လုံခြုံရေးတင်းကျပ်စွာချထားသည်။

ဩဂုတ်လတွင် 'သည်အီဖယ်' မျှော်စင်ဝန်းကျင်တစ်နေရာ၌ အမျိုးသားတစ်ဦးက ဓားတစ်လက်ကိုင်ဆောင်ကာပြည်သူများအား ခြောက်လှန့်ခဲ့သည့်အတွက် တာဝန်ရှိရဲအရာရှိများက ၎င်းကိုဖမ်းဆီးခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**



# ပြည်သူကို ဦးထိပ်ထားသည့် ဆရာဝန်ကောင်းများပေါ်ထွက်ရေး ဆန္ဒပြု

**ရန်ကုန် စက်တင်ဘာ ၂၉**

မြန်မာနိုင်ငံဆရာဝန်အသင်း (ဆေးပညာအဖွဲ့)မှ ကြီးမှူးကျင်းပသည့် (၁၈)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံနှင့် နိုင်ငံတကာအဆင့် ဆေးပညာညီလာခံ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ Melia ဟိုတယ်၌ ယနေ့ နံနက် ၈ နာရီက ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ယခုကျင်းပသည့် ညီလာခံသည် မြန်မာနိုင်ငံတွင် ပထမဆုံး ပူးတွဲကျင်းပခြင်းဖြစ်ပါကြောင်း၊ ညီလာခံသို့ တက်ရောက်လာသူ လူငယ်များအနေဖြင့် နိုင်ငံတကာတွင် ခေတ်နှင့်အညီတိုးတက်နေသော နည်းပညာများ၊ နိုင်ငံတကာအတွေ့အကြုံများကို လေ့လာဆည်းပူး အတွေ့အကြုံဖလှယ်နိုင်ကြမည်ဖြစ်ကြောင်း၊ ညီလာခံသို့ မတက်ရောက်နိုင်သော မြန်မာနိုင်ငံတစ်ဝန်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာဝန်များ၊ ပြင်ပဆရာဝန်များထံသို့လည်း ယခုညီလာခံတွင် ဆွေးနွေးခဲ့သော နည်းပညာများ၊ ကုထုံးများ ရောက်ရှိသွားရန်အတွက် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် (internal medicine)နှင့် ပတ်သက်သော ရောဂါများ အဖြစ်အများဆုံးဖြစ်၍ ယခုကဲ့သို့ ခေတ်မီနည်းပညာများကို ဆရာဝန်များအနေဖြင့် အချိန်နှင့်တစ်ပြေးညီ သိရှိခြင်းအားဖြင့် အရည်အသွေးပြည့်ဝသော ကုထုံးများဖြင့် ပြည်သူတို့အား ကျန်းမာရေးစောင့်ရှောက်မှုများပေးအပ်နိုင်မည်ဖြစ်၍ ပြည်သူတို့အတွက် အလွန်အကျိုးရှိမည်ဖြစ်ကြောင်း၊ ထို့ပြင် ဆေးတက္ကသိုလ်များတွင် သင်ကြားရေးနည်းစနစ်များ ပိုမိုထိရောက်ကောင်းမွန်စေရေးအတွက်လည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုနှစ်မှစ၍ ဆေးတက္ကသိုလ်များတွင် ကျောင်းသား ကျောင်းသူ သစ်လွင် ၁၄၀၀ ခန့် လက်ခံသင်ကြားပေးမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးက ယခုတက်ရောက်လာသူ နိုင်ငံတကာပညာရှင်များကလည်း မြန်မာနိုင်ငံ ဆေးပညာကဏ္ဍတိုးတက်ရေးအတွက် ဆွေးနွေးပေးကြစေလိုပါကြောင်း၊ အကြံပေးချက်များအပေါ် မူတည်၍ ဝန်ကြီးဌာနအနေဖြင့် လုပ်ဆောင်ရမည့်အချက်များကို လူအင်အား၊ ရန်ပုံငွေရရှိမှုအခြေအနေအရ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုအစည်းအဝေးမှစတင်၍ မြန်မာနိုင်ငံ ဆေးလောကအတွက် ပညာရပ်ဆိုင်ရာပြည့်ဝပြီး ပြည်သူကို ဦးထိပ်ထားကာ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မည့် ဆရာဝန်ကောင်းများ ပေါ်ထွက်လာရန် ဆန္ဒပြုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

အဆိုပါညီလာခံကို မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဆေးပညာအဖွဲ့)၏ (၁၈)ကြိမ်မြောက် နှစ်ပတ်လည် ညီလာခံနှင့်အတူ အာဆီယံနိုင်ငံများမှ ဆေးပညာရှင်များပါဝင်သည့် အာဆီယံသမားတော်များအဖွဲ့ (ASEAN Federation of Internal Medicine (AFIM)၊ American College of Physicians (ACP)(South East Asia Chapter) အဖွဲ့တို့၏ လေးကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးများနှင့် ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ညီလာခံတွင် အမေရိကန်နိုင်ငံ (ACP)၏ လက်ရှိ ဆေးပညာသင်ကြားရေးစနစ်နှင့် Asian Federation of Internal Medicine(AFIM) အဖွဲ့ဝင်နိုင်ငံများရှိ ဆေးပညာသင်ကြားရေးစနစ်များနှင့် ပတ်သက်၍ ဟောပြောပွဲများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၁ ရက်အထိ သုံးရက်တာကျင်းပမည့် အဆိုပါညီလာခံတွင် ဆေးပညာနှင့် နီးနွယ်သော အထူးကုဘာသာရပ်များမှ ဦးနှောက်နှင့် အာရုံကြောရောဂါ၊ နှလုံးရောဂါ၊ အသည်းရောဂါ၊ အစာအိမ်နဲ့ အူလမ်းကြောင်းရောဂါ၊ ဟော်မုန်းဆိုင်ရာ ဆေးပညာ၊ ဆီးချို၊ သွေးတိုး၊ ဆီးနှင့်ကျောက်ကပ်ဆိုင်ရာ အစရှိသည့် ဘာသာရပ်ပေါင်းစုံ၊ စိတ်ဝင်စားဖွယ်ပညာရပ်ဆိုင်ရာ အကြောင်းအရာများကို အမေရိကန် (ACP) နှင့် အာဆီယံ(AFIM) အဖွဲ့ဝင်နိုင်ငံများမှ ဖိတ်ကြားထားသော ပညာရှင်များ၊ ယူကေ၊ အိန္ဒိယ၊ ဩစတြေးလျ၊ သီရိလင်္ကာ၊ ဖိလစ်ပိုင် စသည့်နိုင်ငံများမှ ပညာရှင်များက ဆွေးနွေးကြမည်ဖြစ်ပြီး မြန်မာနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပညာရပ်ဆိုင်ရာ သုတေသနစာတမ်းများ တင်သွင်းခြင်းများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပြည်တွင်း၊ ပြည်ပမှ မြန်မာနိုင်ငံအတွင်း ဖြန့်ချိနေသည့် ဆေးဝါးများကို လေ့လာနိုင်ရန် ဆိုင်ခန်းပေါင်း နှစ်ဆယ်ကျော်ကို ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းနှင့်ဓာတ်ပုံ- သီသီမင်း)**

# ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုတိုးမြှင့်ရေး မြန်မာ-အင်ဒိုနီးရှား စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၂၉**

အင်ဒိုနီးရှား - မြန်မာစီးပွားရေးဆိုင်ရာ တွေ့ဆုံပွဲ ( Indonesia –Myanmar Business Matching) ကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ ဆူးလေရှန်ဂရီလာ ဟိုတယ်၌ ကျင်းပသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှု တိုးမြှင့်ရန် အင်ဒိုနီးရှားနိုင်ငံ၏ ကုမ္ပဏီပေါင်း ၃၃ ခုမှ စီးပွားရေးလုပ်ငန်းရှင် ၅၀ နှင့် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင် ၄၀ ကျော်တို့က ဆိုလာစွမ်းအင်နှင့် ကျောက်မီးသွေး၊ ဆေးဝါး၊ လျှပ်စစ်၊ အသား၊ နို့ထွက်ပစ္စည်း၊ အဝတ်အစား၊ အထည်အလိပ်၊ လူသုံးကုန်ပစ္စည်းများ၊ အိတ်၊ ရေမွှေး၊ ဆပ်ပြာ၊ လက်မှုပညာထုတ်ကုန်ပစ္စည်း၊ ကော်ဖီ၊ လက်ဖက်ရည်နှင့် အင်ဒိုနီးရှားရိုးရာ အစားအစာ (snacks) စသည့် ကဏ္ဍများကို တွေ့ဆုံဆွေးနွေးခဲ့ကြခြင်း ဖြစ်သည်။

"အင်ဒိုနီးရှားမှာ ရင်းနှီးမြှုပ်နှံဖို့အပြင် ကုန်သွယ်မှုတွေတိုးတက်ဖို့ အင်ဒိုနီးရှားသံရုံးက ကျင်းပတာဖြစ်ပါတယ်။ လုပ်ငန်းရှင်တွေအချင်းချင်း စကားပြောကြမယ်။ တင်သွင်းနိုင်မယ့် ပစ္စည်းတွေ၊ ရောင်းနိုင်မယ့် ပစ္စည်းတွေကို ရောင်းမယ်။ မြန်မာနိုင်ငံက ဝယ်နိုင်မယ့် ပစ္စည်းတွေကိုလည်း ဝယ်မယ်။ မြန်မာနိုင်ငံကိုလာပြီး ကုန်ပစ္စည်းတွေ၊ ဝန်ဆောင်မှုတွေကို လာထိတွေ့တယ်။ သူတို့ပစ္စည်းတွေကို ရောင်းမယ်။ ရောင်းလို့ အဆင်ပြေရင် စက်ရုံတွေလာတည်မယ်။ ရင်းနှီးမြှုပ်နှံကြမယ်"ဟု တွေ့ဆုံပွဲအပြီး သီးခြားအင်တာဗျူးတွင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI ) ဒုတိယ




ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက ပြောသည်။

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီး H.E. Dr . Ito Sumardi က အင်ဒိုနီးရှားနှင့် မြန်မာ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုများသည် တိုးတက်လျက်ရှိပါကြောင်း၊ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် အာဆီယံအစည်းအဝေးသို့ အင်ဒိုနီးရှားနိုင်ငံ သမ္မတ Mr.JokoWidodo လာရောက်စဉ်က မြန်မာနိုင်ငံရှိ သတ္တုတူးဖော်ရေးလုပ်ငန်း၊ သတင်းအချက်အလက်နှင့် နည်းပညာ၊ အခြေခံအဆောက်အအုံ စသည့် ကဏ္ဍများတွင် အင်ဒိုနီးရှားနိုင်ငံက ရင်းနှီးမြှုပ်နှံကြရန် ထောက်ပြပြောဆိုခဲ့ပါကြောင်း၊ ယခုအချိန်တွင် အင်ဒိုနီးရှားကုမ္ပဏီများသည် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလျက်ရှိပါကြောင်း၊ အင်ဒိုနီးရှား-မြန်မာ စီးပွားရေးလုပ်ငန်းရှင်များ အချင်းချင်း ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးမှုများမှ ပိုမိုချိတ်ဆက် ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ဖော်ထုတ်လာနိုင်ပြီး အောင်မြင်မှုများရမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက အင်ဒိုနီးရှားနိုင်ငံသည် ဂျီ-၂၀ အဖွဲ့ဝင်နိုင်ငံဖြစ်ပါကြောင်း၊ အာဆီယံအဖွဲ့ကြီးကို စတင်ဖွဲ့စည်းခဲ့သည့် ဦးဆောင်နိုင်ငံဖြစ်ပြီး အာဆီယံ အဖွဲ့ဝင်နိုင်ငံများအတွင်း စီးပွားရေးအရ အကြီးမားဆုံးနိုင်ငံဖြစ်ပါကြောင်း၊ အင်ဒိုနီးရှားနိုင်ငံသည် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသာမက ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများအတွက် နိုင်ငံတကာဈေးကွက်များကိုလည်း ရှာဖွေနေသည့် နိုင်ငံဖြစ်ပါကြောင်း၊ ယခုကဲ့သို့ စီးပွားရေးတွေ့ဆုံပွဲများမှ အင်ဒိုနီးရှား-မြန်မာနှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရန် သဘောတူညီမှုများနှင့် ပိုမိုအကျိုးရှိသော စီးပွားရေးဆိုင်ရာ ချိတ်ဆက်ဆောင်ရွက်မှုများ စသည့် အကျိုးရလဒ်များရရှိလာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

အင်ဒိုနီးရှားနှင့် မြန်မာ နှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် ယခင်နှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၇၃၀ ရှိပြီး ယခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိ နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုးသည် ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၃၅ ရာခိုင်နှုန်း တိုးတက်လာကြောင်း သိရသည်။

**သတင်း-နန္ဒာဝင်း**
**ဓာတ်ပုံ-ဇော်မင်းလတ်**

# ၂၀၁၇ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံး၊ ကဗျာနှင့် ပိုစတာပြိုင်ပွဲ ဆုရရှိသူများ ကြေညာ

**နေပြည်တော် စက်တင်ဘာ ၂၉**

၂၀၁၇ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ ဆုရသူများစာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်ကြေညာသည်။

အဆင့်မြင့်ပညာအဆင့် ဆရာ ဆရာမများ ဆောင်းပါးပြိုင်ပွဲကို "ငြိမ်းချမ်းသော လူ့အဖွဲ့အစည်းနှင့် ဆရာ့အခန်းကဏ္ဍ" ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို ဒေါက်တာမိုးမိုး တွဲဖက်ပါမောက္ခ (မြန်မာစာဌာန) ပဲခူးတက္ကသိုလ်၊ ဒုတိယဆုကို ဒေါ်ခိုင်ခိုင်ရီ ပါမောက္ခ/ဌာနမှူး (အငြိမ်းစား) ပုဗ္ဗန်တောင်ဥယျာဉ်အိမ်ရာ ရန်ကုန်မြို့နှင့် တတိယဆုကို ဒေါက်တာသက်သက်အောင် ပါမောက္ခ/ဌာနမှူး အရှေ့တိုင်းပညာဌာန လှိုင်ကော်တက္ကသိုလ်တို့က ရရှိသည်။

အခြေခံပညာအထက်တန်းအဆင့် ဆရာ ဆရာမများ ဆောင်းပါးပြိုင်ပွဲကို "ငြိမ်းချမ်းသော လူ့အဖွဲ့အစည်းနှင့် ဆရာ့အခန်းကဏ္ဍ" ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ဦးချမ်းငြိမ်းစိုး အထက်တန်းပြ အမှတ်(၃၅) အခြေခံပညာအထက်တန်းကျောင်း ချမ်းမြသာစည်မြို့နယ် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုကို ဒေါ်သီရိလက်ထောက်မြို့နယ်ပညာရေးမှူး မြို့နယ်ပညာရေးမှူးရုံး အမရပူရမြို့နယ် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုကို ဒေါ်ထူးရွှေရည်အိမ် အထက်တန်းပြ ဘန့်ဘွေး-အခြေခံပညာအထက်တန်းကျောင်း ယင်းမာပင်မြို့နယ် စစ်ကိုင်းတိုင်းဒေသကြီးတို့က ရရှိသည်။

အခြေခံပညာအလယ်တန်းအဆင့် ဆရာ ဆရာမများ ဆောင်းပါးပြိုင်ပွဲကို "ငြိမ်းချမ်းသောလူ့အဖွဲ့အစည်းနှင့် ဆရာ့အခန်းကဏ္ဍ" ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ဒေါ်သွယ်မိကြိုင် အလယ်တန်းပြ အထက်စီတီးအနောက်- အခြေခံပညာမူလတန်း(လွန်)ကျောင်း ပဲခူးမြို့နယ် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုကို ဒေါ်ထားရှင် အလယ်တန်းကျောင်းအုပ် အထက(ခွဲ)တိုး ပုလောမြို့နယ် တနင်္သာရီတိုင်းဒေသကြီးနှင့် တတိယဆုကို ဒေါ်နုနုလွင် အလယ်တန်းပြ အမှတ်(၁၆)အခြေခံပညာအလယ်တန်းကျောင်း ချမ်းအေးသာစံမြို့နယ် မန္တလေးတိုင်းဒေသကြီးတို့က ရရှိသည်။

အခြေခံပညာမူလတန်းအဆင့် ဆရာ ဆရာမများ ဆောင်းပါးပြိုင်ပွဲကို "ငြိမ်းချမ်းသောလူ့အဖွဲ့အစည်းနှင့် ဆရာ့အခန်းကဏ္ဍ" ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ဦးဉာဏ်မောင် မူလတန်းပြ ရွာသာယာ-အခြေခံပညာမူလတန်း(လွန်)ကျောင်း အင်းတော်မြို့နယ် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုကို ဒေါ်ခိုင်စုစုထွန်း မူလတန်းပြ အခြေခံပညာအထက်တန်းကျောင်း (တက္ကသိုလ်) ပုသိမ်မြို့ ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုကို ဒေါ်သန္တာစိုး မူလတန်းပြ လေတပ်-အခြေခံပညာအလယ်တန်းကျောင်း မိတ္ထီလာမြို့ မန္တလေးတိုင်းဒေသကြီးတို့က ရရှိသည်။

(ဆက်လက်ဖော်ပြပါမည်)

# ဘိုးဘွားစွမ်းအား ထည့်သွင်းစဉ်းစား အနာဂတ်နိုင်ငံအတွက် အောင်မြင်မှုများ

မြန်မာ့လူမှုအသိုင်းအဝိုင်းသည် အခြားတိုင်းပြည်နိုင်ငံများနှင့် နှိုင်းယှဉ်ပါက ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာများအရ ဘိုးဘွားမိဘ၊ သက်ကြီးရွယ်အိုများအပေါ် ရိုသေကိုင်းရှိုင်း လေးစားမှုပိုမိုသည်ကို အကျယ်တဝင့် ဖော်ပြရန် လိုအပ်မည်မထင်ပါ။ မြန်မာတို့သည် သက်ကြီးရွယ်အိုများကို ဦးစားပေးတတ်ကြသည်။ ကူညီရိုင်းပင်းဖေးမတတ်ကြသည်။ ကောင်းမွန်သော ဓလေ့အကျင့်များပင်ဖြစ်ပါသည်။ သက်ကြီးပူဇော်ပွဲများကို နှစ်စဉ်ကျင်းပကာ ဘိုးဘွားများကို ရေချိုးပေးခြင်း၊ ခေါင်းလျှော်ပေးခြင်း၊ ခြေသည်းလက်သည်းညှပ်ပေးခြင်းများကို ကြည့်ပါက ပိုမိုသိသာနိုင်ပါသည်။ ထို့ကြောင့် မြန်မာ့လူ့အသိုင်းအဝိုင်းအကြားတွင် လူ့လောက၏ တတိယအရွယ်ကို ဖြတ်သန်းရခြင်းက ကူညီရိုင်းပင်းဖေးမမှုများ၊ ရိုသေကိုင်းရှိုင်း လေးစားမှုများကြောင့် သက်သောင့်သက်သာဖြင့် ဘဝကို ဖြတ်ကျော်နိုင်ချိန်များအဖြစ် သတ်မှတ်နိုင်ပေလိမ့်မည်။

သို့ရာတွင် ထိုကဲ့သို့သော ကူညီဖေးမ၊ ဦးစားပေးခြင်းများကြောင့် ဆိုးကျိုးများလည်း ရှိနေသည်ကို စဉ်းစားမိသူ နည်းပါးပေလိမ့်မည်။ မိဘဘိုးဘွားများကို အိမ်ဦးခန်းတွင် ထားကာ မည်သည့်အခန်းကဏ္ဍတာဝန်ကိုမှ မပေးအပ်ခြင်းသည် ဘိုးဘွားတို့၏ စိတ်ပိုင်းဆိုင်ရာကို ထိခိုက်မှုများ ဖြစ်ပေါ်စေသည်ဟု ဆိုလျှင် လက်ခံနိုင်ရန် ခက်ခဲပေလိမ့်မည်။ အချို့သော ဘိုးဘွားများသည် သူတစ်ပါး၏ အကူအညီကို လက်ခံရန်ဝန်လေးပြီး ၎င်းတို့ဘာသာ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်လေ့ရှိသည်ကိုလည်း တွေ့မြင်ဖူးကြမည်ဖြစ်သည်။

## စိတ်ပိုင်းဆိုင်ရာ အားလျော့မှု

ဘိုးဘွားအရွယ်တွင် ခံစားရသည့် စိတ်အခြေအနေများကို လေ့လာဆန်းစစ်ကြည့်မည်ဆိုလျှင် ရုပ်ပိုင်းဆိုင်ရာ ခွန်အားယုတ်လျော့မှုထက် စိတ်ပိုင်းဆိုင်ရာ အားလျော့မှုကို ခံစားရခြင်းက ၎င်းတို့ကို ပိုမိုထိခိုက်စေကြောင်း တွေ့ရှိနိုင်ပါသည်။ ၎င်းတို့ ယခင်က ကာလကြာရှည် လုပ်ကိုင်တာဝန်ယူနေသော အခန်းကဏ္ဍများကို လက်လွှတ်လွှဲပြောင်းပေးလိုက်ရခြင်းကြောင့် မိမိ၏ ပတ်ဝန်းကျင်နှင့် မိသားစုတွင် မိမိ၏ အရေးပါအရာရောက်မှု ကျဆင်းလာသည်ဟု ခံစားရတတ်ပါသည်။ ဤအကြောင်းရင်းကြောင့်ပင် လူကြီးများအကြားတွင် ပင်စင်နာဟူသော စကားလုံး ဖြစ်ပေါ်လာရခြင်း ဖြစ်ပေသည်။ မိမိတွင် လုပ်ကိုင်နိုင်သော စွမ်းဆောင်ရည်များ၊ ခွန်အားများ ရှိနေသေးပါလျက် ကိန်းဂဏန်းတစ်ခုသာဖြစ်သော အသက်အရွယ်အပိုင်းအခြားကြောင့် ၎င်းစွမ်းဆောင်ရည်များ၊ ခွန်အားများကို အသုံးချခွင့်မရတော့ဘဲ ၎င်းတို့၏ ကိုယ်ပိုင်ယုံကြည်ချက်များ လျော့နည်းလာကာ သိမ်ငယ်မှုကို စတင်ခံစားလာရပေမည်။ အလားတူ တစ်ပြိုင်နက်တည်းမှာပင် မြို့ပြသို့ပြောင်းရွှေ့အခြေချနေထိုင်မှု တိုးတက်များပြားလာခြင်းနှင့် မိသားစုဝင် အိမ်ထောင်သည်များ အိုးခွဲအိမ်ခွဲ၍ နေထိုင်ခြင်းတို့က ဘိုးဘွားတို့အနေဖြင့် သိမ်ငယ်မှုအပြင် သားသမီး၊ မြေးမြစ်များနှင့် ဝေးကွာမှုကြောင့် အထီးကျန်ဆန်မှုကိုပါ ခံစားစေသည်။

## စဉ်းစားစရာ အချက်တစ်ခု

"စိတ်ချမ်းသာမှကိုယ်ကျန်းမာမည်" ဟူသော မြန်မာဆိုရိုးစကားနှင့်အညီ စိတ်ပိုင်းဆိုင်ရာ ခံစားရမှုများ၏ နောက်ဆက်တွဲအနေဖြင့် ရုပ်ပိုင်းဆိုင်ရာဖြစ်သည့် ဘိုးဘွားတို့၏ ကျန်းမာရေးကိုပါ ထိခိုက်လာပေမည်။ ထို့ကြောင့် အဆိုပါ အသက်အရွယ်တည်းဟူသော ကိန်းဂဏန်းသတ်မှတ်ချက်တစ်ခုကြောင့် ဘိုးဘွားတို့ကို စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ခံသင့်သလော၊ ၎င်းတို့နေထိုင်ရာ ရပ်ကွက်၊ ကျေးရွာနှင့် လူမှုအသိုင်းအဝိုင်းအား ပံ့ပိုးနိုင်ဆဲဖြစ်သော လုပ်အားများအား အဆုံးအရှုံးခံသင့်သလောဆိုသည်မှာ စဉ်းစားစရာ အချက်တစ်ခုပင်ဖြစ်လာပေသည်။

တစ်ဖက်တွင် လူမှုစီးပွားဘဝ နေထိုင်မှုပုံစံ ပြောင်းလဲလာမှုကြောင့် ကလေးမွေးဖွားမှုနှုန်း ကျဆင်းလာခြင်း၏ နောက်ဆက်တွဲအကျိုးဆက်တစ်ခုဖြစ်သည့် လုပ်သားဈေးကွက်တွင် လုပ်သားအင်အား အရေအတွက်သိသာစွာ ကျဆင်းလာမှုသည် နိုင်ငံ၏ ပြည်တွင်းကုန်ထုတ်စွမ်းအားများကို များစွာထိခိုက်စေပါသည်။ တစ်ဆက်တည်းမှာပင် စီးပွားရေးကျဆင်းခြင်း၊ အစိုးရ၏ အခွန်ဘဏ္ဍာငွေ ကျဆင်းခြင်းတို့ကြောင့် အစိုးရဝင်ငွေ ကျဆင်းလာသကဲ့သို့ အခြားတစ်ဖက်၌ သက်ကြီးရွယ်အိုများအတွက် ကျန်းမာရေးစောင့်ရှောက်မှု၊ ရေရှည်စောင့်ရှောက်မှုလုပ်ငန်းများ၊ ပင်စင်လစာကဲ့သို့သော အစိုးရအသုံးစရိတ်များလည်း တိုးမြင့်လာနိုင်ခြေရှိနေပါသည်။

## သက်ရောက်မှု အားနည်းနေသေး

မြန်မာနိုင်ငံ၏ လူဦးရေကိန်းဂဏန်းအချက်အလက်များကို လေ့လာကြည့်မည်ဆိုလျှင် အသက်(၆၀)အထက်ရှိသော သက်ကြီးရွယ်အိုဦးရေသည် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် စုစုပေါင်းလူဦးရေ၏ ၉ ဒသမ ၂၅ ရာခိုင်နှုန်းရှိပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်သော အာရှဒေသတွင်းနိုင်ငံများဖြစ်သည့် ဂျပန်၊ တောင်ကိုရီးယား၊ စင်ကာပူနှင့် ဟောင်ကောင်နိုင်ငံများတွင် သက်ကြီးရွယ်အိုဦးရေသည် ပျမ်းမျှအားဖြင့် စုစုပေါင်း လူဦးရေ၏ ၁၄ ရာခိုင်နှုန်းခန့်ရှိနေပါသည်။ သို့ဖြစ်၍ အဆိုပါတိုင်းပြည်များနှင့် နှိုင်းယှဉ်လျှင် အသက်အရွယ်ကြီးမြင့်မှုအတွက် စိန်ခေါ်မှုသည် မြန်မာနိုင်ငံအပေါ်တွင် သက်ရောက်မှုအားနည်းနေသေးသည်ဟု ဆိုနိုင်သည်။

သို့ရာတွင် လူဦးရေဆိုင်ရာ အချက်အလက်များအရ မြန်မာနိုင်ငံတွင် အလုပ်လုပ်ကိုင်နိုင်သော အသက်အရွယ်ရှိ လုပ်သားအင်အားမှာ စုစုပေါင်းလူဦးရေ၏ ၅၃ ဒသမ ၂၄ ရာခိုင်နှုန်းသာရှိသည်ဖြစ်ရာ လုပ်သားအင်အားသည် စုစုပေါင်းလူဦးရေ၏ ထက်ဝက်ကျော်ခန့်သာ ရှိသဖြင့် လာမည့်နှစ် (၂၀)မှ (၃၀)အတွင်း လျင်မြန်စွာ ပြောင်းလဲလာမည့် အသက်အရွယ်ကြီးမြင့်မှုနှုန်းနှင့် လုပ်သားအင်အားမွေးထုတ်မှု ကျဆင်းနေသည့် အခြေအနေအရ မဝေးတော့သည့်အနာဂတ်တွင် ရင်ဆိုင်ရမည့် စိန်ခေါ်မှုများအတွက် ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ပေလိမ့်မည်။

လုပ်သားအင်အားတိုးပွားရေးကို ပံ့ပိုးပေးရန်နှင့် စွမ်းဆောင်နိုင်စွမ်းများ ရှိနေသေးသော်လည်း အသက်အရွယ် အပိုင်းအခြားတစ်ခုကြောင့် လုပ်ငန်းခွင်မှ အနားယူကြရသည့် ဘိုးဘွားများအား ၎င်းတို့နှင့် ကိုက်ညီသော အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်းသည် တိုင်းပြည်၏ ကုန်ထုတ်လုပ်အားတိုးတက်ရေးအတွက် နှစ်ဖက်နှစ်လမ်းအကျိုးရှိစေသော ချဉ်းကပ်မှုပင်ဖြစ်ပေသည်။ လူဦးရေ ကိန်းဂဏန်းအချက်အလက်များအရ အသက်(၆၀)မှ အသက်(၇၀) အရွယ်အုပ်စုအား အလုပ်လုပ်ကိုင်နိုင်သော အသက်အရွယ်အဖြစ် ထည့်သွင်းစဉ်းစားမည်ဆိုပါက လုပ်သားအင်အားသည် ယေဘုယျအားဖြင့် ယခင် ၅၃ ဒသမ ၂၄ ရာခိုင်နှုန်းမှ ၅၉ ရာခိုင်နှုန်းသို့ တိုးမြင့်သွားမည်ဖြစ်ပြီး တိုင်းပြည်၏ ကုန်ထုတ်လုပ်မှုစွမ်းအား၊ အခွန်ငွေရရှိမှုတို့သည်လည်း တိုးတက်လာသော ရာခိုင်နှုန်းအလိုက် မြင့်မားလာပေလိမ့်မည်။

ဒေသတွင်းနိုင်ငံများ အပါအဝင် ကမ္ဘာတစ်ဝန်းလုံးတွင် သက်ကြီးလူဦးရေ တိုးပွားလာမှုအပေါ် ကြိုတင်အစီအမံများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြပါသည်။ ဒေသတွင်းနိုင်ငံအများစုမှာ အလုပ်လုပ်ကိုင်နိုင်သော ဘိုးဘွားများ လုပ်ငန်းခွင်များတွင် အဆင်ပြေချောမွေ့စွာ လုပ်ကိုင်နိုင်ရေးအတွက် အစိုးရအနေဖြင့် ပုဂ္ဂလိကလုပ်ငန်းများ၊ ကုမ္ပဏီများနှင့် ပူးပေါင်းကာ ၎င်းတို့နိုင်ငံများရှိ အရင်းအမြစ်အနေအထားတို့အပေါ် မူတည်၍ နည်းဗျူဟာအမျိုးမျိုးဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြသည်ကို တွေ့ရှိရပါသည်။

## လုပ်သက်တိုးမြှင့်နိုင်

အာဆီယံဒေသတွင်း နိုင်ငံများတွင် စွမ်းဆောင်ရည်ရှိနေသေးသော သက်ကြီးရွယ်အိုများ လုပ်ငန်းခွင်၌ ဆက်လက်ထားရှိနိုင်ရန် ဆောင်ရွက်ထားသည့် အစီအစဉ်အချို့ကို လေ့လာကြည့်မည်ဆိုပါက စင်ကာပူနိုင်ငံတွင် သတ်မှတ်ထားသည့် ပင်စင်သက်ပြည့်ပြီဖြစ်သော်လည်း တာဝန်ကို မိမိစိတ်ဆန္ဒအလျောက် ထပ်မံထမ်းဆောင်လိုပါက သတ်မှတ်စည်းကမ်းချက်များနှင့် ညီညွတ်လျှင် လုပ်သက်တိုးမြှင့်နိုင်ပြီး ၎င်းတို့အတွက် လစာနှင့်ခံစားခွင့်များကိုလည်း အတိုင်းအတာတစ်ခု တိုးမြှင့်သတ်မှတ်ပေးထားသည်။ ၎င်းအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများလည်း ပို့ချပေးပါသည်။

ဂျပန်နိုင်ငံအစိုးရသည် ၎င်းတို့နိုင်ငံတွင် Silver Human Resources Centers ဟုခေါ်သည့် စင်တာများဖွင့်လှစ်ပေးပြီး အလုပ်ရှာဖွေနေသည့် အသက်(၆၀)ကျော် လူကြီးများအတွက် အကြံဉာဏ်များ၊ လိုအပ်သော အထောက်အပံ့များ ပေးလျက်ရှိပါသည်။ ၎င်းတို့၏ လုပ်ငန်းဆောင်တာများထဲတွင် အလုပ်ရှာဖွေသူလူကြီးများ၏ လုပ်ငန်းအတွေ့အကြုံ ပညာအရည်အချင်းနှင့် လုပ်ကိုင်နိုင်စွမ်းတို့နှင့် ကိုက်ညီသောလုပ်ငန်းများကို တိုက်ဆိုင်ရှာဖွေပေးခြင်း၊ လိုအပ်သော စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းတို့ ဆောင်ရွက်ပါသည်။

## သက်ကြီးရွယ်အိုများအတွက် အလုပ်အကိုင်

ထို့အတူ အမေရိကန်ပြည်ထောင်စုအစိုးရအဖွဲ့သည် ၎င်းတို့၏ တရားဝင်ဝက်ဘ်ဆိုက်စာမျက်နှာပေါ်တွင် သက်ကြီးရွယ်အိုများအတွက် အလုပ်အကိုင် အခွင့်အလမ်းများကိုစုစည်းပြီး စာညွှန်းများနှင့်တကွ ဖော်ပြပေးထားပါသည်။ ၎င်းတွင် သက်ကြီးရွယ်အိုများနှင့် သင့်လျော်သည့် အလုပ်အကိုင်များ၊ သက်ကြီးရွယ်အိုများအတွက် လိုအပ်သော သင်တန်းများနှင့် အလုပ်အကိုင်ဆိုင်ရာ ဝန်ဆောင်မှုများ ပေးနေသော အဖွဲ့အစည်းများ၊ အလုပ်အကိုင်ပြပွဲ ပြုလုပ်ချိန်များ စသည့် အသုံးဝင်သော အချက်အလက်များကိုစုစည်း၍ ရှာဖွေရလွယ်ကူစေရန် ဖော်ပြပေးထားပါသည်။

အဆိုပါ ဥပမာများကိုကြည့်ပါက အနောက်နိုင်ငံများ၊ အာရှဒေသရှိ ဖွံ့ဖြိုးသောနိုင်ငံများတွင် သက်ကြီးရွယ်အိုများကို လုပ်ငန်းခွင်တွင်း ဆက်လက်ထိန်းသိမ်းထားရေးကို အရေးပါသော ကဏ္ဍတစ်ခုအဖြစ် အလေးထားဆောင်ရွက်နေကြောင်း ထင်ရှားသိမြင်နိုင်ပါသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း အရှေ့တောင်အာရှနှင့် အာရှ-ပစိဖိတ်နိုင်ငံများ နည်းတူ သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများအား ကာကွယ်ထိန်းသိမ်းရန်နှင့် ၎င်းတို့၏ ရပိုင်ခွင့် အခွင့်အရေးများကို အပြည့်အဝခံစားနိုင်စေရန် အတွက် သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် တရားဝင်ပြဋ္ဌာန်းခဲ့ပြီး ၎င်းဥပဒေ၏ အခန်း(၈)






၌ အလုပ်လုပ်နိုင်စွမ်းရှိပြီး အလုပ်လုပ်ကိုင်လိုသော သက်ကြီးရွယ်အိုများအတွက် သင့်လျော်သော အလုပ်အကိုင်များအား သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကကုမ္ပဏီအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ရှာဖွေပေးရေးကို မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီမှ ဆောင်ရွက်ပေးရမည်ဟု ဖော်ပြပါရှိပါသည်။

## အလုပ်အကိုင်ရရှိရေး

အဆိုပါဥပဒေအရ ဘိုးဘွားများ၏ အကျိုးစီးပွားနှင့် အခွင့်အရေးများ အပြည့်အဝခံစားနိုင်ရေးအတွက် အဓိကတာဝန်ရှိသော ဝန်ကြီးဌာနမှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဖြစ်သည်နှင့်အညီ ဤဝန်ကြီးဌာန လက်အောက်ရှိ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် အလုပ်လုပ်နိုင်စွမ်းရှိသော ဘိုးဘွားများအတွက် အလုပ်အကိုင်ရရှိရေးနှင့် ပုံမှန်ဝင်ငွေရရှိရေးအတွက် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအဖွဲ့ (မြန်မာ)နှင့် ပူးပေါင်းကာ ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းတွင်လူမှုဖွံ့ဖြိုးရေးအတွက် သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့များကို ရန်ကုန်၊ မန္တလေး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့ရှိ ကျေးရွာပေါင်း ၁၂၅ ရွာတွင် ဖွဲ့စည်းပေးထားပြီး သက်ကြီးအဖွဲ့ဝင်များမှ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို စုပေါင်းလုပ်ကိုင်လျက်ရှိပါသည်။

ထို့ပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်အဖြစ် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရန်နှင့် စီးပွားရေးထိခိုက်နိုင်ခြေ မြင့်မားသူများအတွက် ဆုံးရှုံးနိုင်ခြေ လျှော့ချရေးစီမံကိန်းကို သက်ကြီးသူများ ကိုယ်တိုင်ဦးစီး၍ တိုင်းဒေသကြီး၊ ပြည်နယ်လေးခုတွင် ဆောင်ရွက်လျက်ရှိပါသည်။

## လူမှုကာကွယ်စောင့်ရှောက်ရေး

၎င်းအပြင် လူမှုရေးပင်စင်အစီအစဉ်ကို အသက် (၆၀)အထက် သက်ကြီးရွယ်အိုများအားလုံး၏ လူမှုဘဝအား အထောက်အပံ့ဖြစ်စေရန်နှင့် ၎င်းတို့အတွက် ပုံမှန်ဝင်ငွေရရှိစေရန် ရည်ရွယ်ချက်များဖြင့် အမျိုးသားအဆင့် လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာလုပ်ငန်းစဉ်များတွင် ထည့်သွင်းရေးဆွဲထားခဲ့ပြီး ပထမအဆင့် အစပျိုးဆောင်ရွက်မှုအဖြစ် ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစ၍ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အသက်(၉၀)အထက် ဘိုးဘွားများကို တစ်လလျှင် ကျပ်တစ်သောင်းနှုန်းဖြင့် နိုင်ငံတော်ရန်ပုံငွေမှ ထောက်ပံ့ပေးခဲ့ရာ နိုင်ငံတစ်ဝန်းလုံးရှိ ဘိုးဘွားပေါင်း လေးသောင်းနီးပါး၏ နေ့စဉ်ဘဝအတွက် အထောက်အပံ့တစ်စိတ်တစ်ပိုင်းဖြစ်စေပါသည်။ နောင်လာမည့် ဘဏ္ဍာနှစ်များတွင် ဘိုးဘွားများ၏ အသက်ကိုလျှော့ချပြီး ဘိုးဘွားဦးရေ ပိုမိုထောက်ပံ့သွားရန်နှင့် ထောက်ပံ့မှုနှုန်း တိုးမြှင့်ထောက်ပံ့ရန် ဝန်ကြီးဌာနအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် သက်ကြီးရွယ်အိုများကို ဝန်ဆောင်မှုများပေးနေသော အဖွဲ့အစည်းမှာ နည်းပါးနေသေးသည်ဖြစ်ရာ ထိုသို့သော အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းများ ပိုမိုများပြားလာပြီး သက်ကြီးရွယ်အိုအရေးအတွက် ပိုမိုလွှမ်းခြုံပေးရေးအတွက်လည်း ဆောင်ရွက်သင့်ပါသည်။

## ဆောင်ရွက်သင့်

ပိုမို၍အရေးကြီးသည်မှာ သက်ကြီးရွယ်အိုဘိုးဘွားများ မိမိကိုယ်ကို ယုံကြည်မှုများ ဆက်လက်တည်ရှိရေး၊ မိမိကိုယ်ပိုင်အစွမ်းရှိနေသေးပါလျက် သူတစ်ပါးအပေါ် မှီခိုရသည့်အဖြစ်မှ လျှော့ချနိုင်ရေး စသည်တို့အတွက် အခြားနိုင်ငံများတွင် ဆောင်ရွက်နေသည့်နည်းတူ မြန်မာနိုင်ငံတွင်လည်း အလုပ်လုပ်နိုင်စွမ်းရှိပြီး အလုပ်လုပ်လိုသောဆန္ဒရှိသည့် သက်ကြီးရွယ်အိုများအတွက် သင့်လျော်သော အလုပ်အကိုင် အခွင့်အလမ်းနှင့် ၎င်းတို့အတွက် သက်သောင့်သက်သာရှိသော လုပ်ငန်းခွင်များ ဖြစ်ပေါ်စေရန် ဆောင်ရွက်သင့်ပါသည်။

အရေးကြီးသည့်အချက်တစ်ခုမှာ သက်ကြီးရွယ်အိုများ၏ ၎င်းတို့ဘဝတစ်လျှောက်လုံး တွေ့ကြုံသိမြင်လာခဲ့ရသော ဗဟုသုတအမျိုးမျိုးကို ယခုအချိန်တွင် အကျိုးရှိရှိ အသုံးချနိုင်သော အစီအမံတစ်ခုလည်း ချမှတ်ဆောင်ရွက်သင့်ပါသည်။

## ပြုစုပျိုးထောင် မွေးထုတ်ပေးခဲ့

သက်ကြီးရွယ်အိုများသည် ၎င်းတို့ ကာယ၊ ဉာဏ ခွန်အားပြည့်ဝချိန်တွင် နိုင်ငံတာဝန်ကို အဘက်ဘက်မှ ထမ်းရွက်ခဲ့ကြသူများဖြစ်ကြသကဲ့သို့ ယနေ့ခေတ် တာဝန်အသီးသီးကို ထမ်းရွက်နေသူများဖြစ်ကြသော လုပ်သားအင်အားထုကို ပြုစုပျိုးထောင်မွေးထုတ်ပေးခဲ့ကြသူ ကျေးဇူးရှင်များလည်း ဖြစ်ကြပါသည်။ ယခုကဲ့သို့ ၎င်းတို့၏ ကာယ၊ ဉာဏ ခွန်အားများ လျော့နည်းလာချိန်တွင် မိမိတို့ကဲ့သို့သော ဘိုးဘွားအမွေခံများသည် သက်ကြီးရွယ်အိုတို့ကို လူ့အဖွဲ့အစည်းမှ တစ်စစဝေးကွာသွားရန်၊ ယုံကြည်မှုလျော့ကျပြီး စိတ်ဓာတ်ယိုယွင်းမှုများမဖြစ်စေရန် ပြန်လည်စောင့်ရှောက်ပေးရမည်မှာ မိမိတို့၏ တာဝန်ပင်ဖြစ်ပါသည်။

ထို့ကြောင့် ချစ်မြတ်နိုးစရာကောင်းသော မြန်မာတို့၏ ရှိရင်းစွဲ သက်ကြီးရွယ်အိုများအပေါ်ထားရှိသည့် ရိုးရာယဉ်ကျေးမှု အစဉ်အလာများကို မပျောက်ပျက်အောင် ထိန်းသိမ်းသွားကြပါ။ တစ်ချိန်တည်းမှာပင် ပိုမိုသာယာလှပသော လူမှုပတ်ဝန်းကျင်ဖြစ်ရေး ဘိုးဘွားများ၏ စွမ်းဆောင်ရည်များကို မြှင့်တင်ကာ လူမှုပတ်ဝန်းကျင်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရေး လက်ကမ်းကြိုဆိုကြပါ။ ဘိုးဘွားများ၏ အခန်းကဏ္ဍအား တိုးမြှင့်ဖော်ဆောင်ရာတွင် ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းပါဝင်ဆောင်ရွက်ပေးကြပါလို့ တိုက်တွန်းလိုက်ရပါသည်။ ။

**(မောင်လူမှု)**

# မေယုတောင်တန်းအရှေ့ဘက် ဘူးသီးတောင်မြို့တောင်ဘက် ဘာပြဿနာမှမဖြစ်တဲ့ ကျေးရွာတွေကလူတွေဖြစ်နေတယ်ဆိုတာကို ထူးထူးခြားခြားတွေ့လိုက်ရတယ်

မောင်တောခရိုင်အတွင်း ဩဂုတ် ၂၅ ရက်က ဖြစ်ပွားခဲ့သော ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် ဒေသနေပြည်သူများ အမျိုးမျိုးအဖုံဖုံသော အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။

နေရပ်မှစွန့်ခွာသော ပြည်သူများရှိသကဲ့သို့ ကျေးရွာများ၌ပင် စိုးရွံ့ထိတ်လန့်မှုများနှင့် ရင်ဆိုင်ခဲ့ရသောကာလတစ်ခုကို ကျော်လွန်၍ အေးချမ်းတည်ငြိမ်နေသောအခြေအနေ၌ပင် ပြည်တွင်း၊ ပြည်ပမှ သွေးထိုးလှုံ့ဆော်သူများက ရခိုင်အရေးနှင့်ပတ်သက်၍ နိုင်ငံတကာမှ အမြင်မကြည်အောင် စွပ်စွဲပြောဆိုဝေဖန် ထုတ်လွှင့်နေမှုများရှိခဲ့သည်။

သို့ဖြစ်၍ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်အား ရခိုင်ပြည်နယ် မောင်တောဒေသသို့ ငါးရက်တိုင်တိုင် နယ်မြေကွင်းဆင်းကာ နေရာဒေသပေါင်းစုံ၊ အဖွဲ့ပေါင်းစုံနှင့် လူမျိုးပေါင်းစုံအား ရှုထောင့်စုံမှ မြေပြင်ကွင်းဆင်း တွေ့ဆုံ မေးမြန်းလေ့လာသုံးသပ်မှုများအပေါ် သတင်းအဖွဲ့အနေဖြင့် သွားရောက်တွေ့ဆုံမေးမြန်းခဲ့မှုများကို ပြန်လည်ရေးသားဖော်ပြလိုက်ပါသည်။

**မေး။ ။မောင်တောဒေသဖြစ်စဉ်နဲ့ ပတ်သက်လို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်တွေအနေနဲ့ ငါးရက်တိုင်တိုင် မြေပြင်ကွင်းဆင်းလေ့လာခဲ့တယ်လို့ သိရပါတယ်။ လာရောက်ဖြစ်ခဲ့တဲ့ ရည်ရွယ်ချက်ကို သိပါရစေ။**

ဖြေ။ ။ရခိုင်ပြည်နယ်ကိုလာရတဲ့ရည်ရွယ်ချက်ကတော့ ဘူးသီးတောင် မောင်တောဒေသမှာ ဩဂုတ် ၂၅ ရက်က ဖြစ်ခဲ့တဲ့ ဖြစ်စဉ်နောက်ပိုင်း အစွန်းရောက်အကြမ်းဖက်သမားတွေကို နှိမ်နင်းတဲ့အခါမှာ အင်အားအလွန်အကျွံသုံးတယ်၊ လူ့အခွင့်အရေး ချိုးဖောက်မှုရှိတယ်၊ အစုလိုက်၊ အပြုံလိုက် လူမျိုးတုံးသတ်ဖြတ်မှုတွေရှိတယ်၊ အမျိုးသမီးတွေကိုမုဒိမ်းကျင့်တယ်ဆိုတဲ့ စွပ်စွဲမှုတွေဟာ နိုင်ငံတကာမှာဖြစ်လာပါတယ်။

ဒါနဲ့ပတ်သက်လို့ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်အနေနဲ့လည်း ဒီဖြစ်ရပ်တွေဟာမှန်သလား၊ မှားသလားလေ့လာဖို့ လိုလိမ့်မယ်လို့ ကော်မရှင်က သုံးသပ်ပြီး ကျွန်တော်တို့အဖွဲ့ကို စေလွှတ်လိုက်တာပါ။ ကော်မရှင်အဖွဲ့အနေနဲ့ စက်တင်ဘာ ၂၅ ရက်မှာ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်နဲ့ တွေ့ပြီးလာရတဲ့ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပါတယ်။ အဲဒီနေ့မှာပဲ ပြည်နယ်ဝန်ကြီးချုပ်နဲ့အဖွဲ့က ဟိန္ဒူဘာသာဝင်တွေအစုလိုက်အပြုံလိုက် အသတ်ခံရတဲ့နေရာကို သွားကြည့်ဖို့ အစီအစဉ်ရှိတယ်လို့ သိရလို့ ကျွန်တော်တို့လည်း လိုက်ပါသွားခဲ့တယ်။ ဟိုရောက်တဲ့အခါကျတော့ ရဲဘော်ကျကျေးရွာဝန်းကျင်မှာ စက်တင်ဘာ ၂၄ ရက်က ဟိန္ဒူဘာသာဝင်တွေကို အစွန်းရောက်အကြမ်းဖက်သမားတွေက သတ်ဖြတ်ထားတဲ့ အလောင်း ၂၈ လောင်းကို တွေ့ခဲ့တယ်။ တစ်ချိန်တည်းမှာပဲ အဲဒီနေရာနဲ့ မလှမ်းမကမ်းတောင်ကုန်းလေး နှစ်ခုလောက်ကျော်တော့ နောက်ထပ်ကျင်းတစ်ကျင်းထပ်မံတွေ့ရှိပြီးတော့ အဲဒီနေရာမှာပဲ အလောင်း ၁၄ လောင်းထပ်မံတွေ့ရှိတယ်။ နယ်ခြားစောင့်ရဲတပ်ဖွဲ့အနေနဲ့ ဆက်ရှာတဲ့အခါ မလှမ်းမကမ်းမှာပဲ ကျင်းတစ်ကျင်းထပ်တွေ့ပြီး အလောင်းသုံးလောင်းထပ်မံတွေ့ပြန်တယ်။ အဲဒီနေ့က ကျွန်တော်တို့မျက်စိရှေ့မှာပဲ ၁၇ လောင်း၊ အရင်နေ့က ၂၈ လောင်း စုစုပေါင်း ၄၅ လောင်းတွေ့ရှိခဲ့တယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ဆက်လက်စုံစမ်းမေးမြန်းတဲ့အခါမှာ သေဆုံးသွားတဲ့သူတွေရဲ့ ဆွေမျိုးသားချင်းတွေလည်းတွေ့တယ်။ လူတစ်ရာကျော်ကို ဖမ်းဆီးခေါ်ဆောင်သွားပြီး မိန်းကလေးရှစ်ယောက်နဲ့ ကလေးတွေကို ဘင်္ဂလားဒေ့ရှ်ကို ဖမ်းဆီးခေါ်ဆောင်သွားတယ်။လမ်းတစ်လျှောက်မှာ သားမယားပြုကျင့်မှုခံရတယ်။ သူတို့ဘာသာထဲကို ဇွတ်အတင်းသွတ်သွင်းခြင်းခံရတယ်ဆိုတာလည်း ကြားခဲ့ရတယ်။

ဒီခရီးစဉ်ရဲ့ ပထမဆုံးတွေ့ကြုံခဲ့တဲ့ရက်မှာပဲ တချို့ဝေဖန်ပြောဆိုနေတဲ့ လူမျိုးတုံးသတ်ဖြတ်မှုဟာ တပ်မတော်က လုပ်နေတာမဟုတ်ဘဲနဲ့ အစွန်းရောက်အကြမ်းဖက်သမားတွေက လုပ်နေတယ်ဆိုတာကိုသိရပါတယ်။ လူ့အခွင့်အရေးရှုထောင့်က ကြည့်မယ်ဆိုရင်လည်း ဟိန္ဒူဘာသာဝင်လူနည်းစုတွေရဲ့ အသက်ရှင်သန်မှုကို ချိုးဖောက်နေတယ်ဆိုတာ တွေ့ပါတယ်။ လွတ်လပ်စွာကိုးကွယ်ခွင့်ကို ချိုးဖောက်တဲ့အနေနဲ့ ဟိန္ဒူအမျိုးသမီးတွေကို သူတို့ဘာသာကို ဇွတ်အတင်းသိမ်းသွင်းတယ်ဆိုတာလည်း သိရပါတယ်။ ပြီးတော့ သားမယားအဖြစ် ပြုကျင့်တယ်ဆိုတာလည်း အတိအကျသိရပါတယ်။

**မေး။ ။မောင်တောဒေသမြောက်ပိုင်းနဲ့ တောင်ပိုင်းကျေးရွာတွေကိုလည်း ကော်မရှင်အဖွဲ့အနေနဲ့ သွားရောက်ခဲ့တယ်လို့သိရပါတယ်။ အဲဒီအတွေ့အကြုံလေးကိုလည်း မျှဝေပေးပါဦး။**

ဖြေ။ ။ဒီခရီးစဉ်ရဲ့ ဒုတိယနေ့မှာ မောင်တောမြောက်ပိုင်း ကျီးကန်းပြင်၊ ငါးခူရကို သွားခဲ့ပါတယ်။ ငါးခူရကျေးရွာမှာဟိန္ဒူဘာသာဝင်တွေနဲ့ တွေ့တယ်။ အစ္စလာမ်ဘာသာဝင်တွေနဲ့လည်းတွေ့ခဲ့တယ်။ ဒေသခံရခိုင်၊ မြိုနဲ့ ဒိုင်းနက်အစရှိတဲ့ တိုင်းရင်းသားတွေနဲ့လည်း တွေ့ခွင့်ရခဲ့ပါတယ်။ အခုလို တိုင်းရင်းသားပေါင်းစုံနဲ့ တွေ့ခဲ့တဲ့အခါမှာလည်းပဲ တပ်မတော်အနေနဲ့ လူမျိုးတုံးသတ်ဖြတ်မှုတွေကိုလုပ်တယ်လို့ ဘယ်သူကမှ မပြောကြဘူး။ ဖြစ်နေတာက ပညာရည်နည်းပါးတဲ့ အစ္စလာမ်ဘာသာဝင်အချို့ကို တစ်ဖက်နိုင်ငံက ဝင်ရောက်လာတဲ့ အစွန်းရောက်အကြမ်းဖက်သမားတွေက အကြောက်တရားနဲ့စည်းရုံးတာကိုတွေ့ရတယ်။ တခြားနည်းလမ်းပေါင်းစုံနဲ့လည်း လှုံ့ဆော်စည်းရုံးပြီးတော့ ရဲစခန်း



တွေကို တစ်ပြိုင်တည်းတိုက်ခိုက်တာကို သိလိုက်ရတယ်။

**မေး။ ။ မောင်တောဒေသမှာ ဖြစ်သွားတဲ့ဖြစ်စဉ်အပေါ်မှာ ဆရာတို့ကော်မရှင်အနေနဲ့ ဘယ်လိုမြင်ပါသလဲ။ အဲဒီအမြင်ကိုလည်း ပြောပြပေးပါဦး။**

ဖြေ။ ။ဒီဖြစ်စဉ်ကိုပြောရမယ်ဆိုရင် အစွန်းရောက်အကြမ်းဖက်သမားတွေဟာ ကြုံလို့ထလုပ်တဲ့ပုံစံမျိုးမဟုတ်ဘဲ ရည်ရွယ်ချက်ရှိရှိ စီမံချက်ချလုပ်ဆောင်တာတွေ့ရတယ်။ ဒီဖြစ်ရပ်မတိုင်ခင် အစိုးရကိုသတင်းပေးနိုင်တဲ့သူ၊ တပ်မတော်ကို သတင်းပေးနိုင်တဲ့ရပ်ကွက်အုပ်ချုပ်ရေးမှူးလို လူမျိုးတွေကို အကြောက်တရားရှိအောင် သတ်ဖြတ်လိုက်တာတွေရှိတယ်။ ဖြစ်ရပ်အမှန်ကိုသိပြီးပြောတဲ့သူတွေကိုလည်း အစွန်းရောက်အကြမ်းဖက်သမားတွေက သတ်ဖြတ်ခဲ့တာတွေရှိတယ်။ နောက်ဆုံး ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှာလုပ်နေတဲ့ စာရေးမလေးကိုတောင် သူတို့သတင်းတွေကိုပေးတယ်ဆိုပြီး သတ်ဖြတ်ခဲ့တာတွေရှိတယ်။ အစိုးရ၊ တပ်မတော်နဲ့ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေကိုဆက်သွယ်နေတဲ့ အစ္စလာမ်ဘာသာဝင်တွေကိုလည်း သတ်တာပဲ။ အဲဒီနောက်ပိုင်း မြိုတိုင်းရင်းသားတွေကို အုပ်စုလိုက်သတ်ဖြတ်တဲ့ ကိစ္စတွေပေါ်လာတယ်။ အင်အားနည်းတဲ့ ရဲတပ်ဖွဲ့စခန်းတွေကို ထောင်သောင်းချီမြောက်မြားတဲ့လူအုပ်နဲ့ ညာသံပေးပြီး လက်လုပ်မိုင်းတွေနဲ့ပစ်တယ်၊ ဓားတွေနဲ့ဝင်ခုတ်တယ်။ လက်နက်ငယ်အပါအဝင် လက်လုပ်ဗုံးတွေနဲ့ ပစ်တဲ့အပြင် ဓား၊ လှံ၊ တုတ်၊ လက်လုပ်မိုင်းတွေကိုလည်း အသုံးပြုတိုက်ခိုက်ခဲ့တယ်ဆိုတာသိခဲ့ရတယ်။ တကယ်လို့ သူတို့တိုက်ခဲ့တဲ့ စခန်းတွေ ကျဆုံးသွားမယ်ဆိုရင် အနီးဝန်းကျင်မှာရှိတဲ့ လူနည်းစုတိုင်းရင်းသားအားလုံး ချေမှုန်းခံရဖို့ ရည်ရွယ်ချက်နဲ့လုပ်တယ်ဆိုတာ ပေါ်လွင်နေပါတယ်။

**မေး။ ။တိုင်းရင်းသားကျေးရွာတွေရော၊ အစ္စလာမ်ဘာသာဝင်ကျေးရွာတွေရော ရောက်ခဲ့တယ်ဆိုတော့ ကျေးရွာတွေမှာ ဘာကွဲလွဲမှုရှိတယ်လို့ ထင်မြင်ပါသလဲ။**

ဖြေ။ ။ကော်မရှင်အဖွဲ့အနေနဲ့ တတိယနေ့မှာ ကျွန်တော်နဲ့ ဒေါက်တာမြင့်ကြည် နှစ်ဖွဲ့ခွဲပြီး မောင်တောမြို့ပေါ်နဲ့မြောက်ပိုင်းမှာရှိတဲ့ကျေးရွာတွေကို လှည့်လည်ကြည့်ရှုတယ်။ ကျွန်တော်တို့အဖွဲ့က မောင်တောတောင်ပိုင်းမှာရှိတဲ့ ကျေးရွာတွေကိုလှည့်လည်ကြည့်ရှုခဲ့တယ်။ အစ္စလာမ်ဘာသာဝင်ကျေးရွာအချို့က လူတွေပြောတာတော့ အစွန်းရောက်အကြမ်းဖက်သမားတွေက သူတို့ရွာတွေကို လိုက်ပြီး စည်းရုံးတာတွေရှိတယ်။ သူတို့ မပါခဲ့ဘူးလို့လည်း ပြောတာရှိတယ်။ တချို့ကလည်း သူတို့ကိုဘင်္ဂါလီလို့ ခေါ်တာတောင် မကျေနပ်ဘူးဆိုတာဖွင့်ပြောတဲ့သူတွေရှိတယ်။ အဲဒီလို အစ္စလာမ်ဘာသာဝင်ကျေးရွာကို ကျွန်တော်တို့ အဖွဲ့မေးမြန်းနေတုန်းအချိန်မှာပဲ တပ်မတော်က ကားတစ်စီးဝင်လာတယ်။ ထူးဆန်းတာက ရွာထဲကိုကားဝင်လို့မရအောင် ကျောက်လမ်းမကြီးကို လူတစ်ယောက်လောက်မြင့်တဲ့ တိုင်ကြီးတစ်တိုင် စိုက်ထားတာတွေ့ရတယ်။ ဒါကြောင့် ကားဝင်လို့မရခဲ့ဘူး။ ဒါနဲ့တပ်မတော်က ဒီတိုင်ကြီးကို နုတ်ပစ်တယ်။ တပ်မတော်ကို ကျွန်တော် မေးကြည့်တော့ ရပ်ကွက်ထဲကမိသားစုကို ဆေးလာကုတာ ဖြစ်နေတယ်။ ပြောချင်တာက အစ္စလာမ်ဘာသာဝင်တွေနေတဲ့ ရွာကိုတပ်က ဒုက္ခပေးတာမဟုတ်ဘဲနဲ့ ဆေးလာကုပေးတယ်ဆိုတာကို မထင်မှတ်ဘဲမျက်မြင်တွေ့လိုက်ရတယ်။ ဒါကြောင့် တပ်မတော်က လူမျိုးတုံးသတ်ဖြတ်တယ်၊ ပြည်သူတွေကို မုဒိမ်းကျင့်တယ်။ အင်အားအလွန်အကျွံ သုံးတယ်ဆိုတာ မဟုတ်ဘူးဆိုတာတွေ့ခဲ့ရပါတယ်။

**မေး။ ။ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ထွက်သွားလိုတဲ့ အစ္စလာမ်ဘာသာဝင်တွေနဲ့ တွေ့ခဲ့တယ်လို့ သိရတယ်။ ဘယ်မှာ၊ ဘယ်လိုပုံစံမျိုးနဲ့ တွေ့ခဲ့တယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ဟုတ်ပါတယ်။ ကျွန်တော်တို့ ကော်မရှင်အဖွဲ့ အဲဒီအစ္စလာမ်ဘာသာဝင်တွေကို တွေ့ခဲ့တာကတော့ အလယ်သံကျော်နားက ကမ်းခြေမှာ တစ်ဖက်နိုင်ငံကိုထွက်သွားဖို့ ပြင်ဆင်နေတဲ့ အစ္စလာမ်ဘာသာဝင်တွေရှိနေတယ်လို့ သတင်းရတာကြောင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးနဲ့ သွားတွေ့ပြီး မေးမြန်းခဲ့ပါတယ်။ အဲဒီမှာအစ္စလာမ်ဘာသာဝင် လူမျိုးတစ်ထောင်ကျော်လောက်ကိုICRC နဲ့ မြန်မာနိုင်ငံကြက်ခြေနီအသင်းက လာရောက်ပြီးအမိုးအကာတွေနဲ့ စားသောက်စရာတွေ ထောက်ပံ့နေတာလည်းတွေ့ခဲ့ရတယ်။ အစ္စလာမ်ဘာသာဝင်တွေကို အုပ်စုလိုက် ခြောက်နေရာလောက် လူစုပြီးတွေ့ဆုံမေးမြန်းခဲ့တဲ့အခါ သူတို့ပြောကြားချက်အရ လုံခြုံမှုမရှိဘူး၊ သူတို့ကိုလက်စားချေမှာ၊ ပြန်တုံ့ပြန်မှာ ကြောက်တယ်လို့ ပြောတယ်။ လုံခြုံရေးကိစ္စနဲ့ ပတ်သက်ပြီး ရဲတပ်ဖွဲ့ကိုရော၊ တပ်မတော်ကိုရောပြောပေးပါ့မယ်။ ဘာမှမဖြစ်စေရဘူး။ စားစရာအတွက်လည်း ခရိုင်အုပ်ချုပ်ရေးမှူးက သူထောက်ပံ့ပေးမယ်ပြောတယ်။ ကျန်းမာရေးဆေးဝါးကုသပေးဖို့ အခက်အခဲရှိတာကိုလည်း တပ်မတော်က ဆေးတပ်ဖွဲ့ကို လွှတ်ပေးမယ်။ ဘယ်လိုပဲပြောပြောသူတို့ကတော့ သွားမှာပါပဲ။ သူတို့က ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ဒီထက်ပိုအဆင်ပြေတယ်လို့ ပြောတယ်။ ဒီမှာ သူတို့ ဆက်မနေရဲဘူးလို့ ပြောတယ်။ ဒါကတော့ သူတို့ ဆန္ဒအရသွားတာဖြစ်တာကြောင့် ကျွန်တော်ကတော့ တားမြစ်ပိုင်ခွင့်လည်း မရှိဘူး။ တားလည်း မတားပါဘူး။ ထူးခြားတာတစ်ခုက သူတို့ဘယ်ကလာတာလဲ မေးတဲ့အခါမှာ မေယုတောင်တန်းအရှေ့ဘက် ဘူးသီးတောင်မြို့တောင်ဘက် ဘာပြဿနာမှမဖြစ်တဲ့ ကျေးရွာတွေကလူတွေဖြစ်နေတယ်ဆိုတာကို ထူးထူးခြားခြားတွေ့လိုက်ရတယ်။ သတ်ဖြတ်နေတဲ့နေရာတွေကကြောက်လန့်ပြီးပြေးတယ်ဆိုရင်တော့ အခြေအနေတစ်မျိုးပေါ့။ တချို့ဆိုပစ္စည်းတွေကို ရောင်းချပြီး ထွက်လာတာဖြစ်တာကြောင့် သူတို့အနေနဲ့ ကြည့်မယ်ဆိုရင်လည်း ဘယ်လိုမှပြန်ဖို့ အခြေအနေမဖြစ်တော့ဘူး။ ပိုထူးခြားတာက ဘာမှပြဿနာမဖြစ် အေးချမ်းနေတဲ့ မြောက်ဦးဘက်က အစ္စလာမ်ဘာသာဝင်တွေကို ဖုန်းနဲ့ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်က လှမ်းဆက်ခေါ်တယ်လို့ သိလိုက်ရတယ်။ ပြီးတော့ဘင်္ဂလားဒေ့ရှ်နိုင်ငံက အသင့်စီစဉ်ထားတဲ့ စက်လှေအကြီးတွေနဲ့ လာပြီးသယ်တယ်ဆိုတာတွေ့တဲ့ အတွက်ကြောင့် လိုလိုလားလားလာခေါ်တယ်ဆိုတဲ့ သဘောမျိုးတွေ့လိုက်ရတယ်။ ဒါတွေက တကယ့်ကို ထူးခြားချက်ပါပဲ။

**တချို့ဆိုပစ္စည်းတွေကိုရောင်းချပြီး ထွက်လာတာဖြစ်တာကြောင့် သူတို့အနေနဲ့ ကြည့်မယ်ဆိုရင်လည်း ဘယ်လိုမှပြန်ဖို့အခြေအနေမဖြစ်တော့ဘူး။ ပိုထူးခြားတာက ဘာမှပြဿနာမဖြစ် အေးချမ်းနေတဲ့ မြောက်ဦးဘက်က အစ္စလာမ်ဘာသာဝင်တွေကို ဖုန်းနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်က လှမ်းဆက်ခေါ်တယ်လို့ သိလိုက်ရတယ်။ ပြီးတော့ဘင်္ဂလားဒေ့ရှ်နိုင်ငံက အသင့်စီစဉ်ထားတဲ့စက်လှေအကြီးတွေနဲ့လာပြီး သယ် တယ်ဆိုတာတွေ့တဲ့အတွက်ကြောင့် လိုလိုလားလားလာခေါ်တယ်ဆိုတဲ့ သဘောမျိုးတွေ့လိုက်ရတယ်။ ဒါတွေက တကယ့်ကို ထူးခြားချက်ပါပဲ။**



**ဦးယုလွင်အောင်
(မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်)**

**မေး။ ။မောင်တောဖြစ်စဉ်နဲ့ပတ်သက်လို့ ဆရာ့အနေနဲ့ ဘာပြောချင်ပါသလဲ။ ကော်မရှင်အနေနဲ့ရော ဘယ်လိုအစီရင်ခံစာတွေ ထည့်သွင်းရေးသွားဖို့ ရှိပါသလဲ။**

ဖြေ။ ။ဘူးသီးတောင်၊ မောင်တောဒေသမှာဟိုဘက်ထွက်မပြေးဘဲ ကျန်နေတဲ့ ကျေးရွာတွေလည်းရှိပါသေးတယ်။ တိုင်းရင်းသားတွေကလည်း သူတို့ရှိနေရင် မနေရဲဘူးဆိုတဲ့ ကြောက်လန့်မှုတစ်ခုကိုတွေ့ခဲ့ရတယ်။ ဒါကလည်း ထည့်သွင်းစဉ်းစားရမယ့်အချက်တွေဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ ပြောချင်တယ်။ ခရီးစဉ်မှာတွေ့ရှိတဲ့ တွေ့ရှိချက်၊ သုံးသပ်ချက်တွေကိုအကြံပြုချက်နဲ့အတူ နိုင်ငံတော်သမ္မတထံ တင်ပြသွားမှာပါ။လွှတ်တော်နဲ့ သက်ဆိုင်ရာဌာနတွေကိုလည်းတင်ပြသွားပါ့မယ်။ တချို့ကိုလည်း အများသိအောင် ထုတ်ပြန်သွားမယ်။ တချို့ဝေဖန်မှုတွေကို ပြင်ပကပြောနေတာထက် တကယ်မြေပြင်မှာ လက်တွေ့လေ့လာပါလို့ ပြောချင်ပါတယ်။ ဒါကသွေးရိုးသားရိုးဖြစ်စဉ်မဟုတ်ဘူး။ လူမျိုးရေး၊ ဘာသာရေးကိုအကြောင်းပြုပြီး ဒီနေရာဒီဒေသအချုပ်အခြာအာဏာကို ထိပါးစေနိုင်တဲ့ လုပ်ရပ်တစ်ခုလို့မြင်ပါတယ်။ လူ့အခွင့်ရေးရှုထောင့်က ကြည့်မယ်ဆိုရင်လည်း တိုင်းရင်းသားတော်တော်များများဟာ အုပ်စုလိုက်အသတ်ခံနေရတာကိုတွေ့ရတယ်။ ဒီလို ဖြစ်ရပ်မျိုးထပ်မဖြစ်အောင် နိုင်ငံတော်အစိုးရအနေနဲ့ ပီပြင်တဲ့စီမံချက်ကိုချမှတ်ပြီးတော့ လုပ်ဖို့လိုမယ်လို့မြင်ပါတယ်။ အဲဒီလိုမှ မဟုတ်ရင်တော့ ထပ်ပြီးအစုလိုက်၊ အပြုံလိုက် သေဆုံးမှုတွေ၊ လူနည်းစုတိုင်းရင်းသားတွေကို အခုလို အသတ်ခံရမှုအများကြီးဖြစ်လာနိုင်တယ်လို့ သုံးသပ်ပါတယ်။

မောင်တောဒေသဖြစ်စဉ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မတီအဖွဲ့ဝင်များဖြစ်သော ဦးယုလွင်အောင်၊ ဒေါက်တာမြင့်ကြည်နှင့် အတွင်းရေးမှူး ဦးဘုန်းကြွယ်တို့သည် စက်တင်ဘာ ၂၅ ရက်မှ ၂၉ ရက်အထိ နှစ်ဖက်အဖွဲ့အစည်းများနှင့် တွေ့ဆုံကာငါးရက်တိုင်တိုင် မြေပြင်ကွင်းဆင်းလေ့လာမေးမြန်းမှုများ ပြုလုပ်ခဲ့ကာ တွေ့ရှိချက်များကိုအကြံပြုချက်များနှင့် အတူ နိုင်ငံတော်သမ္မတထံသို့ ရက်အနည်းငယ်အတွင်း တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

**တွေ့ဆုံမေးမြန်း- မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ- မင်းထက်**



# မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ခြံစည်းရိုး ကာရံရန်အတွက် အလှူငွေပေးအပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၉**

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ခြံစည်းရိုး ကာရံခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် "လိုတိုင်းရ တောင်းတိုင်းရ ကျောက်မျက်ကုမ္ပဏီလီမိတက်" က လှူဒါန်းငွေကျပ်သိန်း ၁၀၀၀ အား စက်တင်ဘာ ၂၉ ရက် နံနက် ၉ နာရီခွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံးသို့ လာရောက်ပေးအပ်လှူဒါန်းရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးအောင်မြိုင်က လက်ခံရယူခဲ့သည်။

အဆိုပါ အလှူငွေပေးအပ်လှူဒါန်းခြင်း အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့် အမြဲတမ်းအတွင်းဝန်ဦးတင်မြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဗိုလ်မှူးချုပ်စန်းဝင်း၊ ဗိုလ်မှူးကြီး အောင်မြိုင်နှင့် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနအကြီးအကဲများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား ကမ္ဘာ့ဘဏ်၏ အာရှ-ပစိဖိတ်ဆိုင်ရာဒုတိယဥက္ကဋ္ဌ လာရောက်တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၉**

ကမ္ဘာ့ဘဏ်၏ အာရှ-ပစိဖိတ်ဆိုင်ရာဒုတိယဥက္ကဋ္ဌ Ms. Victoria Kwakwa ဦးဆောင်သောအဖွဲ့သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါ ဝန်ကြီးရုံး မေခလာခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်အရ ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းမှမွေးဖွားသောကလေး(၂)နှစ်အရွယ်ထိ အာဟာရဖြည့်တင်းရေးအစီအစဉ်များတွင် ကမ္ဘာ့ဘဏ်က ပူးပေါင်းဆောင်ရွက်ရန်ဆန္ဒပြုမှုအခြေအနေများ၊ ကမ္ဘာ့ဘဏ်က လွန်ခဲ့သည့်ငါးနှစ်မှစတင်၍ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လုပ်ကိုင်ပြီး ယခုအခါ ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့အတွက် ဌာနေကိုယ်စားလှယ်ခန့်ထားဆောင်ရွက်မှုအခြေအနေများ၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့် စပ်လျဉ်း၍ နိုင်ငံတကာမှအထူးစိတ်ဝင်စားစောင့်ကြည့်လျက်ရှိသည့် အခြေအနေများကို ကမ္ဘာ့ဘဏ်အဖွဲ့က ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးက ဒုက္ခခံစားရသူအားလုံးကို လွှမ်းခြုံနိုင်ရန် နိုင်ငံတကာမှ ထောက်ပံ့မှုများကို ကြက်ခြေနီလှုပ်ရှားမှု (Red Cross Movement)ဖြင့် ဖြန့်ဝေကူညီဆောင်ရွက်နေမှုများ၊ စက်တင်ဘာ ၁၂ ရက်တွင် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ရေးကော်မတီဖွဲ့စည်းပြီး ယခုအချိန်ထိ ညှိနှိုင်းအစည်းအဝေးသုံးကြိမ်နှင့် မြေပြင်ကွင်းဆင်းစစ်ဆေးမှုတစ်ကြိမ်ဆောင်ရွက်ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများအလိုက် လက်တွေ့တွင် အကျိုးရှိနိုင်မည့် ဦးစားပေးဆောင်ရွက်ရန်ကိစ္စများဖော်ထုတ်ပြီး မဟာဗျူဟာစီမံချက်ရေးဆွဲ၍ အကြံပြုချက်များ အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်မှုအခြေအနေများ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးသွားသူများအား ၁၉၉၃ ခုနှစ် မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ သဘောတူညီချက်ဖြင့် ပြန်လည်ခေါ်ယူရေး၊ လက်ရှိရပ်ရွာများ လုံခြုံတည်ငြိမ်စေရေးနှင့် လူသားချင်းစာနာကူညီမှုနှင့် ပြန်လည်နေရာချထားရေးတို့အတွက် မြန်မာအစိုးရမှ စနစ်တကျစီမံချက်ချမှတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်ဟု သတင်းရရှိသည်။ **(သတင်းစဉ်)**



# ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ခွာမည့် ဘင်္ဂါလီများကို တာဝန်ရှိသူများ သွားရောက်တွေ့ဆုံဆွေးနွေးညှိနှိုင်း



**နေပြည်တော် စက်တင်ဘာ ၂၉**

ဘူးသီးတောင်မြို့နယ်အတွင်းရှိ ကျေးရွာများမှ ဘင်္ဂါလီများသည် စားဝတ်နေရေးအခက်အခဲကြောင့်လည်းကောင်း၊ လုံခြုံရေးအခြေအနေအရ ကျေးရွာတွင် လုံခြုံမှုမရှိဟု ယူဆ၍လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသည့် ဘင်္ဂါလီများက ထွက်ခွာရန် ဆက်သွယ်ပြောဆိုခြင်းများကြောင့်လည်းကောင်း၊ ၎င်းတို့အုပ်စုသည် လူနည်းစုဖြစ်မည်ကို စိုးရိမ်သဖြင့် တစ်ဖက်နိုင်ငံရှိ ၎င်းတို့မျိုးနွယ်စုများထံ သွားရောက်လိုခြင်းကြောင့်လည်းကောင်း မိမိနေထိုင်သည့် ကျေးရွာများမှ တစ်ဖက်နိုင်ငံသို့ သွားရောက်ရန် စက်တင်ဘာ ၂၆ ရက်မှစတင်၍ ထွက်ခွာခဲ့ကြပြီး နှစ်နိုင်ငံနယ်စပ်အနီးသို့ စုပြုံရောက်ရှိလျက်ရှိသည်။

မောင်တောမြို့နယ် ပညောင်ပင်ကြီးကျေးရွာ နယ်စပ်ခြံစည်းရိုးအနီး မှိုဝင်ချောင်းဝနှင့် ဂေါ်ဒူသာရချောင်းဝတွင် ဘူးသီးတောင်မြို့နယ်အတွင်းမှ တစ်ဖက်နိုင်ငံသို့ တိမ်းရှောင်မည့် ဘင်္ဂါလီများ ရောက်ရှိနေကြောင်း သတင်းအရ မောင်တောခရိုင် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် စက်တင်ဘာ ၂၉ ရက် နံနက် ၉နာရီခွဲတွင် သွားရောက်တွေ့ဆုံခဲ့သည်။

ထိုသို့သိရှိပြီးနောက် ခရိုင်အုပ်ချုပ်ရေးမှူးက စားဝတ်နေရေးအခက်အခဲရှိပါက ဆန်၊ ဆီ၊ ဆား၊ ပဲ လေးမျိုးကို ဒေသအတွင်းမှ နှစ်ဖက်လူ့အဖွဲ့အစည်းများကို လူမျိုးဘာသာမရွေးထောက်ပံ့ပေးနေကြောင်း၊ လုံခြုံရေးနှင့် ပတ်သက်၍လည်း ဒေသအတွင်း၌ အေးချမ်းတည်ငြိမ်ရေးအတွက် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး မိမိတို့ရပ်ရွာဒေသများ၌ အေးချမ်းစွာပြန်လည်နေထိုင်၍ လုပ်ကိုင်စားသောက်ကြရန် အခက်အခဲရှိသည်များကို တတ်နိုင်သလောက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း တွေ့ဆုံရှင်းလင်းပြောကြားခဲ့မှုအပေါ် ၎င်းတို့ဘက်မှ နားလည်သဘောပေါက်သော်လည်း တစ်ဖက်နိုင်ငံသို့သာ ၎င်းတို့ကိုယ်ပိုင်ဆန္ဒဖြင့် သွားရောက်လိုကြောင်း ပြန်လည်တင်ပြကြသည်။

ဘူးသီးတောင်မြို့နယ်အတွင်းရှိ ဂူတာပြင်ကျေးရွာမှ ဘင်္ဂါလီ ၁၆၈ ဦးသည် စက်တင်ဘာ ၂၆ ရက်တွင် ရွာသစ်ကေကျေးရွာအနီး၌ လည်းကောင်း၊ ရွှေထားကျေးရွာနှင့် ဇင်ခါးမကျေးရွာတို့မှ ဘင်္ဂါလီ ၂၅၅ ဦး၊ တောင်ချောင်းကျေးရွာနှင့် ပေါက်တောကျေးရွာမှ ဘင်္ဂါလီ ၂၈၁ ဦး၊ သိမ်တောင်ပြင်ကျေးရွာနှင့် ကာလီကျေးရွာတို့မှ ဘင်္ဂါလီ ၂၀၀ နှင့် ဒုအိုးသည်မကျေးရွာတို့မှ ဘင်္ဂါလီ ၃၅ ဦးတို့သည် စက်တင်ဘာ ၂၇ ရက်တွင် လေယာဉ်ကွင်းကျေးရွာအနီးကမ်းစပ်၌လည်းကောင်း၊ တောင်ချောင်းကျေးရွာ၊ ဇင်ခါးမကျေးရွာ၊ ဘိုလီကျေးရွာနှင့် ငွေတောင်ကျေးရွာတို့မှ ဘင်္ဂါလီ ၈၉၅ ဦးတို့သည် စက်တင်ဘာ ၂၈ ရက်တွင် လေယာဉ်ကွင်းကျေးရွာအနီး ကမ်းစပ်၌လည်းကောင်း၊ ဂူတာပြင်ကျေးရွာမှ ဘင်္ဂါလီ ၅၃၀ တို့သည် စက်တင်ဘာ ၂၉ ရက်တွင် ပညောင်ပင်ကြီးနှင့် နယ်စပ်ခြံစည်းရိုးကြားတွင်လည်းကောင်း တစ်ဖက်နိုင်ငံသို့ ထွက်ခွာရန် စုပြုံရောက်ရှိနေကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရွှေတောင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေး

**ရွှေတောင် စက်တင်ဘာ ၂၉**

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့မှ ဗဟိုအမှုဆောင်အဖွဲ့ဝင် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်လှိုင်မြင့်(ငြိမ်း)သည် စက်တင်ဘာ ၂၇ ရက်က ရွှေတောင်မြို့နယ် စစ်မှုထမ်းဟောင်းရုံး အစည်းအဝေးခန်းမ၌ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ စည်းရုံးရေး၊ ဘဏ္ဍာရေး၊ စီးပွားရေး၊ စည်းကမ်းထိန်းသိမ်းရေးကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် ရွှေတောင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးဝင်းမြင့်(ငြိမ်း)နှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များက လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို တင်ပြဆွေးနွေးကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း ဗဟိုအမှုဆောင်အဖွဲ့ဝင်က စည်းရုံးရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကာ တက်ရောက်လာသူများ၏ ဆွေးနွေးတင်ပြချက်များနှင့် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၄၃)

# ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**စစ်တွေ စက်တင်ဘာ ၂၉**
ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်နယ်အစိုးရရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်ဝန်ကြီးများ၊ ကော်မတီဝင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ယခင်က ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ကိုင်မည့်လုပ်ငန်းများအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြ၍ ခွင့်ပြုချက်ရယူရပါကြောင်း၊ ယခုအသစ် ပြဋ္ဌာန်းလိုက်သည့် ဥပဒေတွင် တိုင်းဒေသကြီး/ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီများ ဖွဲ့စည်းဆောင်ရွက်၍ လုပ်ငန်းများဆောင်ရွက်ရန် ခွင့်ပြုထားပါကြောင်း၊ ထို့ကြောင့် ကော်မတီဝင်များအနေဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆောင်ရွက်ခွင့်ပြုရာတွင် ပြည်သူများအတွက် တိုက်ရိုက်အကျိုးရှိသည့် လုပ်ငန်းများကို ဥပဒေနှင့်အညီ စိစစ်ခွင့်ပြုသွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး ဒေါက်တာညီညီမောင်က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပါ တိုင်းဒေသကြီး/ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီများမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ကော်မတီအဖွဲ့ဝင်များသည် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးအတည်ပြုကြသည်။

“ယနေ့အစည်းအဝေးမှာ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ ရခိုင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမယ့် လုပ်ငန်းတွေအတွက် အတည်ပြုမိန့်ကို အခုကော်မတီအား တိုက်ရိုက်တင်ပြပြီး ခွင့်ပြုချက်ယူနိုင်ပါတယ်။ တင်ပြလာတဲ့ လုပ်ငန်းတွေကိုလည်း ကျွန်တော်တို့ကော်မတီက ပြဋ္ဌာန်းထားတဲ့ ဥပဒေနဲ့အညီ ပြည်သူအတွက် အကျိုး ရှိ မရှိ၊ လုပ်သားအင်အား ရ မရ စတဲ့ အချက်အလက်တွေ ပြည့်စုံမှန်ကန်ပါက ကော်မတီအစည်းအဝေးမှာတင်ပြပြီး စိစစ်ခွင့်ပြုပေးသွားမှာဖြစ်ပါတယ်။ ကော်မတီက ခွင့်ပြုလိုက်တဲ့ လုပ်ငန်းတွေကိုလည်း မီဒီယာကနေတစ်ဆင့် ပြည်သူတွေကို ချပြသွားမှာပါ။ ဒီလိုဆောင်ရွက်တဲ့အတွက် လုပ်ငန်းရှင်တွေအနေနဲ့ ခိုင်မာတဲ့ အာမခံချက်ရရှိသွားမှာ ဖြစ်ပါတယ်” ဟု ကော်မတီအတွင်းရေးမှူး ဒေါက်တာညီညီမောင်က ပြောသည်။



**တင်ထွန်း(ပြန်/ဆက်)**



(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၅ ရက်က သတင်းရဲတပ်ဖွဲ့ အမှတ်(၂)တပ်ဖွဲ့ခွဲမှူးရုံး(ရန်ကုန်)မှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး စိုးထွန်းအောင်နှင့် ဒုတိယတပ်ဖွဲ့ခွဲမှူး ရဲမှူးကျော်ချစ်တို့ဦးစီးသော တပ်ဖွဲ့ဝင်များသည် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်တွင် စုပေါင်းသန့်ရှင်းရေးပြုလုပ်စဉ်။ (ကြေးမုံ)



(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၇ ရက်က တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီးဝင်းအတွင်း ရဲတပ်ဖွဲ့ဝင်များ ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်နေမှုကို ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်အောင်အောင်၊ စဝ်စံထွန်းဆေးရုံအုပ်ကြီး ဒေါက်တာဝင်းနိုင်နှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။ မောင်မောင်သန်း(တောင်ကြီး)

# ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ကျိုက်မရောအကျဉ်းထောင်(မော်လမြိုင်) ကြည့်ရှုစစ်ဆေး

**မော်လမြိုင် စက်တင်ဘာ ၂၉**
မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးခင်မောင်ကြီးသည် စက်တင်ဘာ ၂၉ ရက် နံနက်က ကျိုက်မရော အကျဉ်းထောင်(မော်လမြိုင်)သို့ သွားရောက်စစ်ဆေးသည်။

အကျဉ်းထောင်တာဝန်ခံအရာရှိရုံးခန်းတွင် အကျဉ်းဦးစီးဌာန မွန်ပြည်နယ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးလင်းဗိုလ်နောင်၊ အကျဉ်းထောင်တာဝန်ခံလက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ချိုတို့က အချုပ်ခံနေရသူများနှင့် ပြစ်ဒဏ်ကျခံနေရသူများ၏အခြေအနေ၊ နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သောက်သုံးရေရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် အဖွဲ့သည် အချုပ်ခံနေရသူများနှင့် ပြစ်ဒဏ်ကျခံနေရသူများ၏ အမျိုးသား အမျိုးသမီးအဆောင်များ၊ စားဖိုဆောင်၊ အကျဉ်းထောင်ဆေးရုံ၊ ထောင်ဝင်စာတွေ့သည့်နေရာနှင့် ထောင်တွင်းစိုက်ခင်းများကို လှည့်လည်ကြည့်ရှု၍ အချုပ်ခံနေရသူများ၊ ပြစ်ဒဏ်ကျခံနေရသူများနှင့် တွေ့ဆုံပြီး နေရာထိုင်ခင်း၊ အစားအသောက်နှင့် မကျန်းမာပါက ဆေးကုသခွင့်၊ အမျိုးသမီးတရားခံများအား အကာအရံဖြင့် လုံခြုံစွာထားရှိမှု၊ အမျိုးသမီးအဖော်အစောင့်အရှောက်ဖြင့် ထားရှိမှုအခြေအနေ၊ ၎င်းတို့အား နှိပ်စက်ညှဉ်းပန်းခြင်း ရှိ မရှိ၊ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ခံစားနိုင်ရေး စသည်တို့နှင့်စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းခဲ့ပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(၁၀၇)**

# စစ်တွေမြို့ရှိ နေရပ်စွန့်ခွာ ပြည်သူများအတွက် အလှူငွေများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်

**စစ်တွေ စက်တင်ဘာ ၂၉**
စစ်တွေမြို့ရှိ ယာယီကယ်ဆယ်ရေးစခန်းများ၌ ခေတ္တခိုလှုံလျက်ရှိသည့် တိုင်းရင်းသားများအား လူမှုဝန်ထမ်းဦးစီးဌာနမှ ယနေ့ မွန်းလွဲပိုင်းတွင် ထောက်ပံ့ပစ္စည်းများ သွားရောက်ထောက်ပံ့ပေးအပ်သည်။



စစ်တွေမြို့ရှိ ပရိယတ္တိပျိုးခင်းဘုန်းတော်ကြီးကျောင်းနှင့် ပြည်ကြီးမဏ္ဍိုင်ဘုန်းတော်ကြီးကျောင်း ယာယီကယ်ဆယ်ရေးစခန်းများ၌ ခေတ္တခိုလှုံလျက်ရှိသည့် ကိုယ်ဝန်ဆောင်အမျိုးသမီး လေးဦးအတွက် တစ်ဦးလျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် ငွေကျပ်လေးသောင်း၊ (၂)နှစ်အရွယ်ကလေးငယ် ကိုးဦးအတွက် တစ်ဦးလျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် ငွေကျပ် ၉၀၀၀၀၊ အသက်(၆၀)နှစ်နှင့်အထက် အဘိုး အဘွား ၁၃ ဦးအတွက် တစ်ဦးလျှင် ငွေကျပ်နှစ်သောင်းနှုန်းဖြင့် ငွေကျပ် ၂၆၀၀၀၀၊ ကိုယ်အင်္ဂါမသန်စွမ်းသူ တစ်ဦးအတွက် ငွေကျပ် ၂၀၀၀၀ ထောက်ပံ့ပေးသည်။

ထို့ပြင် နေရပ်စွန့်ခွာပြည်သူများအတွက် ပဲ၊ ဆီ၊ ဆပ်ပြာ၊ အဝတ်အထည်များ၊ ကလေးများအတွက် ကစားစရာများ ထောက်ပံ့ပေးအပ်သည့်အပြင် စိတ်ပိုင်းဆိုင်ရာ လူမှုပံ့ပိုးကူညီပေးခြင်းနှင့် ကလေးပျော်နေရာများ ဖန်တီးပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**

## ■ ကျောဖုံးမှ

နောက်တန်းကို မကျော်နိုင်ခဲ့၍ ဂိုးထပ်မသွင်းနိုင်ဘဲ သရေရလဒ်ဖြင့် ကျေနပ်ခဲ့ရသည်။

ဆီမီးဖိုင်နယ် ပထမအကျော့(ဒုတိယနေ့)ကို စက်တင်ဘာ ၃၀ ရက် ညနေ ၅ နာရီတွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး ရန်ကုန်နှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

## ❋ တောင်ကိုရီးယားမှ

ဒုတိယပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲတွင် မြန်မာအသင်းက ဖိလစ်ပိုင်အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အာရှအင်အားကြီးအသင်းများနှင့် တစ်အုပ်စုတည်းကျရောက်ခဲ့ပြီး တရုတ်နှင့် တောင်ကိုရီးယားအသင်းတို့ကို နှစ်ပွဲဆက်ရှုံးနိမ့်ခဲ့သောကြောင့် ခြေစစ်ပွဲအောင်မြင်ရန် မျှော်လင့်ချက်မရှိတော့သော်လည်း နောက်ဆုံးပွဲတွင် ဂိုးပြတ်နိုင်ပွဲရယူခဲ့သည်။ ဖိလစ်ပိုင်အသင်းသည် ကြိုးစားကစားခဲ့သော်လည်း မြန်မာအသင်းက ပွဲကိုဦးဆောင်ကစားနိုင်ခဲ့ပြီး အနိုင်ဂိုးများကို ၁၀ မိနစ်တွင် ကောင်းခန့်ကျော်၊ ၃၄ မိနစ်တွင် ဇော်ဝင်းသိန်း၊ ၃၆ မိနစ်တွင် ရန်နိုင်လင်း၊ ၅၈ မိနစ်တွင် ရဲထက်အောင်၊ မိနစ် ၈၀ တွင် ပြည့်ဖြိုးအောင်တို့က သွင်းယူခဲ့သည်။

ခြေစစ်ပွဲအုပ်စု(H) ပွဲစဉ်များအပြီးတွင် တောင်ကိုရီးယားအသင်းက ကိုးမှတ်ရရှိကာ ခြေစစ်ပွဲအောင်မြင်ခဲ့ပြီး တရုတ်အသင်းက ခြောက်မှတ်၊ မြန်မာအသင်းက သုံးမှတ်၊ ဖိလစ်ပိုင်အသင်းက အမှတ်မရရှိခဲ့ပေ။ အာရှ ယူ-၁၆ ခြေစစ်ပွဲများ ပြီးဆုံးသွားပြီဖြစ်ပြီး အုပ်စုပထမရရှိခဲ့သည့် ဂျော်ဒန်၊ တာဂျစ်ကစ္စတန်၊ အီရန်၊ အီရတ်၊ ယီမင်၊ မြောက်ကိုရီးယား၊ အင်ဒိုနီးရှား၊ တောင်ကိုရီးယား၊ ဩစတြေးလျ၊ ဂျပန်၊ အကောင်းဆုံးအုပ်စုဒုတိယနေရာရရှိခဲ့သည့် အိန္ဒိယ၊ အိုမန်၊ ထိုင်း၊ ဗီယက်နမ်နှင့် အာဖဂန်နစ္စတန်အသင်းတို့ ခြေစစ်ပွဲအောင်မြင်ခဲ့သည်။

နောက်ဆုံးအဆင့်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် မလေးရှားအသင်းသည် ခြေစစ်ပွဲအောင်အသင်းတွင် ပါဝင်ခဲ့သောကြောင့် အကောင်းဆုံးအုပ်စုဒုတိယနေရာ ရွေးချယ်ရာတွင် အဆင့် ၆ ရ အသင်းထိ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-ဖိုးသော်ဇင်**



# ကလေးငယ်များအတွက် ဗလာစာအုပ်များ လှူဒါန်း

**စစ်တွေ စက်တင်ဘာ ၂၉**
ရခိုင်ပြည်နယ် စစ်တွေမြို့ မင်းကျောင်းဘုန်းတော်ကြီးသင် ပညာရေးကျောင်းရှိ ကလေးငယ်များအတွက် ဗလာစာအုပ် ဒါဇင် ၄၀ ကို ယနေ့မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ မြန်မာ့သြဘာလုပ်ငန်းစုမှ မင်းကျောင်းဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဆရာတော်ထံ လှူဒါန်းခဲ့သည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**

# သီတင်းကျွတ်လပြည့်နေ့တွင် မန္တလေးတောင်ပေါ်၌ ဆီမီးတစ်သောင်းထွန်းညှိပူဇော်ပွဲ ကျင်းပမည်

**မန္တလေး စက်တင်ဘာ ၂၉**

မန္တလေးတောင်ပေါ်ရှိ ဆုတောင်းပြည့်မြတ်စွာဘုရား ရင်ပြင်ပေါ်တွင် သီတင်းကျွတ်လပြည့်နေ့၌ ဆီမီးတစ်သောင်း ထွန်းညှိပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း တောင်တော်ဂေါပကအဖွဲ့ထံမှ သိရသည်။

အဆိုပါဆီမီးထွန်းညှိ ကပ်လှူပူဇော်ပွဲကို မန္တလေးတောင်တော် ဂေါပကအဖွဲ့မှကြီးမှူး၍ အောင်မြေသာစံမြို့နယ် ရပ်ကွက် ၁၈ ခုမှ ဝတ်ရွတ်အဖွဲ့များနှင့် လူမှုရေးအသင်းအဖွဲ့များမှ ကြည်ညိုသဒ္ဓါပွားများနိုင်စေရန် ရည်ရွယ်ချက်ဖြင့် လာရောက်ကပ်လှူပူဇော်ကြမည်ဖြစ်ကြောင်း မန္တလေးတောင်တော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းထွန်းက ပြောသည်။

"မြို့တည်နန်းတည် မင်းတုန်းမင်းတရားကြီးလက်ထက်ကတည်းက ဒီတောင်ပေါ်မှာ ဆီမီးထွန်းပူဇော်တဲ့ အစဉ်အလာကိုဆက်လက်ထိန်းသိမ်းတဲ့အနေနဲ့ ဆောင်ရွက်တာပါ။ ရင်ပြင်တော်ပေါ်မှာ ဆီမီးတစ်သောင်းပူဇော်တဲ့အပြင် တောင်ပေါ်မှာရှိတဲ့ ဘုရား ၃၆ ဆူနဲ့ စောင်းတန်းကြီးလေးသွယ်မှာလည်း လျှပ်စစ်မီးတွေ ထွန်းညှိပူဇော်သွားမှာဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

အဆိုပါ ဆီမီးတစ်သောင်းထွန်းညှိပူဇော်ပွဲကို သီတင်းကျွတ်လပြည့်နေ့ ညနေ ၆ နာရီမှ ည ၈ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ပါဝင်ကုသိုလ်ယူ ပူဇော်လိုသူများအနေဖြင့် မန္တလေးတောင်တော် ဆုတောင်းပြည့်ဘုရားရင်ပြင်ပေါ်သို့ လာရောက်ကပ်လှူပူဇော်နိုင်ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**
**ဓာတ်ပုံ-မောင်သွင်**



ယမန်နှစ် သီတင်းကျွတ်လပြည့်နေ့တွင် မန္တလေးတောင်တော် ဆုတောင်းပြည့်ရင်ပြင်တော်ပေါ်၌ ဆီမီးတစ်သောင်း ထွန်းညှိပူဇော်ပွဲ ကျင်းပစဉ်။



# တရားမျှတမှုစင်တာ ဘားအံမြို့၌ ဖွင့်လှစ်ခဲ့ပြီး အောက်တိုဘာလအတွင်း တောင်ငူမြို့၌ ထပ်မံဖွင့်လှစ်သွားမည်

**နေပြည်တော် စက်တင်ဘာ ၂၉**

MyJustice အစီအစဉ်နှင့် International Bridges to Justice (IBJ) တို့ ပူးပေါင်း၍ တရားမျှတမှုစင်တာကို စက်တင်ဘာ ၂၇ ရက်က ဘားအံမြို့၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ထို့အပြင် အောက်တိုဘာလအတွင်း ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ထပ်မံဖွင့်လှစ်သွားမည်ဖြစ်ကြောင်း MyJustice မှ သိရသည်။

အဆိုပါ တရားမျှတမှုစင်တာများသည် ရှေ့နေငှားရမ်းရန် ငွေကြေးအခက်အခဲရှိသည့် ပြည်သူများအား အခမဲ့ရှေ့နေလိုက်ပေးခြင်းနှင့် ဥပဒေအကြံဉာဏ်ပေးနိုင်ရန်အတွက် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရပြီး ၂၀၁၅ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သော ရန်ကုန်နှင့် မော်လမြိုင်မြို့များရှိ တရားမျှတမှုစင်တာများမှ လူပေါင်း ၂၉၆၉ ဦးအား အခမဲ့ ဥပဒေအကျိုးဆောင်ပေးနိုင်ခဲ့ကြောင်းနှင့် အကူအညီလိုအပ်နေသော ပြည်သူ ၁၇၂၂ ဦးအား ဥပဒေအကြံဉာဏ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့အပြင် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်တို့တွင်လည်း တရားမျှတမှုစင်တာများကို ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အမျိုးသားပြတိုက်(ရန်ကုန်)တွင် ချက်ရဲတိုက်ကြီးများ ပြပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၉**

ချက်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအကြား ယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေးကိုရှေးရှုပြီး ကျင်းပသော "ချက်ရဲတိုက်ကြီးများ" ပြပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန အမျိုးသားပြတိုက်(ရန်ကုန်)ရှိ ဘက်စုံခန်းမ၌ စက်တင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသည်။

ပြပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ချက်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဒိုလီဆပ်ခ်၊ ချက်သမ္မတနိုင်ငံ အမျိုးသားပြတိုက်မှ ညွှန်ကြားရေးမှူးချုပ် မစ္စတာ မီခေးလ်လူးကပ်စ်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ပါမောက္ခချုပ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြသည်။

ချက်သမ္မတနိုင်ငံတွင် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် ရဲတိုက်ကြီးပေါင်း ၁၂ ခု အပါအဝင် နိုင်ငံတစ်ဝန်းမှာ အလွန်ထူးခြားပြောင်မြောက်သော ရဲတိုက်ပေါင်း ၃၀၀ ကျော်ရှိသည့်အနက် ဤပြပွဲတွင် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် ၁၂ ခုထဲမှ ခြောက်ခုကို ပြသထားသည်။ (၁၂) ရာစုမှ (၁၆) ရာစုအတွင်းရှိသော ကမ္ဘာကျော်ရဲတိုက်ကြီးများ ဓာတ်ပုံနှင့် ပန်းချီကား ၁၀၀ ကျော်ကိုပါ ပြသထားသည်။ နှစ်နိုင်ငံအကြား ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းဆိုင်ရာ ကူးလူးဆက်သွယ်မှု ပိုမိုတိုးတက်လာစေရေး၊ ရှေးဟောင်းသုတေသနနှင့် ပြတိုက်ဆိုင်ရာ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်စေရေး၊ မြန်မာနိုင်ငံသားများအနေဖြင့် ချက်သမ္မတနိုင်ငံရှိ ကမ္ဘာကျော်ရဲတိုက်ကြီးများနှင့် ပိုမိုရင်းနှီးကျွမ်းဝင်လာပြီး အနာဂတ်တွင် ချက်သမ္မတနိုင်ငံ သဘာဝနှင့် ယဉ်ကျေးမှုဆိုင်ရာ အလှအပများကို ကြည့်ရှုခံစားနိုင်စေရေး ရည်ရွယ်၍ ပြသရခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းဆင်း

**မိုးကောင်း စက်တင်ဘာ ၂၉**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စိုက်ပျိုးရေးနှင့် မွေးမြူရေး နည်းပညာသင်တန်းဆင်းပွဲကို ယနေ့ နံနက် ၉ နာရီက မြို့နယ်လူထုဗဟိုပြုစီမံကိန်းရုံး၌ ကျင်းပသည်။ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၅ ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**(၄၉၉)**

# ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဇုန်အတွင်းရှိ ကျေးရွာခြောက်ရွာတွင် လူထုအခြေပြုခရီးသွားလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မည်

**မန္တလေး စက်တင်ဘာ ၂၉**

ဧရာဝတီလင်းပိုင် ထိန်းသိမ်းရေးဇုန်အတွင်းရှိ ကျေးရွာခြောက်ရွာတွင် လူထုအခြေပြု ခရီးသွားလုပ်ငန်းအား ယခုနှစ်ခရီးသွားရာသီမှ စတင်ကာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းယုက ပြောသည်။

အဆိုပါ လူထုအခြေပြု ခရီးသွားလုပ်ငန်းကို မြန်မာနိုင်ငံ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS)၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့ ပူးပေါင်းကာ ဧရာဝတီလင်းပိုင် ထိန်းသိမ်းရေးနှင့် နိုင်ငံခြားသား ခရီးသွားဧည့်သည်တိုးတက်ရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

"ဧရာဝတီလင်းပိုင်အကူအညီနဲ့ ငါးဖမ်းတဲ့ဓလေ့ဟာ မြန်မာတစ်နိုင်ငံတည်းမှာပဲရှိတဲ့အတွက် ဒီလိုငါးဖမ်းတဲ့ သရုပ်ပြကွက်ကို နိုင်ငံခြားသားတွေက အထူးစိတ်ဝင်တစားလာရောက် လေ့လာကြည့်ရှုကြတဲ့အခါ ဒေသခံတွေအတွက် အပိုဝင်ငွေရရှိလာကြတယ်။ ဒ့ါအပြင် ဒီခရီးသွားလုပ်ငန်းနဲ့ဆက်စပ်ပြီး အလုပ်အကိုင် အခွင့်အလမ်းတွေရရှိအောင် ဒေသထွက်ကုန် လုပ်ငန်းတွေဖြစ်တဲ့ အိုးလုပ်ငန်း၊ ဆီဆုံလုပ်ငန်း၊ ဝါးခမောက်လုပ်ငန်းနဲ့ ဆေးလိပ်လုပ်ငန်းတွေကိုလည်း အဆင့်မြှင့်လျက်ရှိပါတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါလူထုအခြေပြု ခရီးသွားလုပ်ငန်းကို ဧရာဝတီလင်းပိုင် ထိန်းသိမ်းရေးဇုန်ဖြစ်သည့် မင်းကွန်းမှ ကျောက်မြောင်းအတွင်းရှိ မြစ်စိမ်းကျေးရွာ၊ မြစ်ကမ်းကြီးကျေးရွာ၊ ဆည်သည်ကျေးရွာ၊ စိန်ပန်းကုန်းကျေးရွာ၊ အေးကျွန်းနှင့် မြေစွန်းကျေးရွာတို့တွင် ဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းထိန်းသိမ်းရေးဇုန်တွင် ဧရာဝတီလင်းပိုင် ၂၆ ကောင်ရှိကြောင်းနှင့် ယင်းဒေသသို့သွားရောက် ကြည့်ရှုလေ့လာကြမည့် ခရီးသွားဧည့်သည်များအား ခရီးစဉ်တစ်လျှောက်တွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့မှ လုံခြုံရေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



## ဒလမြို့နယ်၌ အသက်(၉၀)နှင့်အထက် ဘိုးဘွား ၁၀၀ အား လူမှုရေးပင်စင် အိမ်အရောက် ထောက်ပံ့ပေးအပ်

**ရန်ကုန် စက်တင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် အသက်(၉၀)နှင့် အထက် ဘိုးဘွားများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့ပေးအပ်သည့် အမျိုးသား လူမှုရေးပင်စင် ထောက်ပံ့ငွေများကို ဧပြီလမှ စတင်ပြီး တစ်ဦးလျှင် ကျပ် ၁၀၀၀၀ နှုန်းဖြင့် သုံးလစာကို ပထမအကြိမ် ထောက်ပံ့ပေးအပ်ခဲ့ကာ ဒုတိယအကြိမ် ထောက်ပံ့ငွေများကို စက်တင်ဘာလအတွင်း၌ သက်ဆိုင်ရာ မြို့နယ်များအလိုက် ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း သိရသည်။



ဒလမြို့နယ်အတွင်းရှိ ဘိုးဘွား စာရင်းကောက်ယူမှု နောက်ကျခြင်း၊ အကြောင်းအရာ မပြည့်စုံခြင်းတို့ကြောင့် ပထမအကြိမ်၌ ၅၁ ဦးသာ စာရင်းကောက်ယူနိုင်ခဲ့ပြီး ဒုတိယအကြိမ် ထပ်မံဆောင်ရွက်ရာ အသက် (၉၀)နှင့်အထက် ဘိုးဘွား ၁၀၀ ခန့်ကို အတည်ပြုစာရင်း ကောက်ယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့အတူ ဒလမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးများ၊ တာဝန်ခံဆရာ ဆရာမများ ပူးပေါင်း၍ စက်တင်ဘာလ ဒုတိယပတ်မှ စတင်ပြီး မြို့နယ်အတွင်းရှိ အသက်(၉၀)နှင့်အထက် ဘိုးဘွား ၁၀၀ တို့အား အမျိုးသား လူမှုရေးပင်စင် ထောက်ပံ့ငွေများကို အိမ်တိုင်ရာရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။ တချို့ရပ်ကွက်၊ ကျေးရွာများတွင် အုပ်ချုပ်ရေးမှူးများမှ တစ်ဆင့် အိမ်တိုင်ရာရောက် ထောက်ပံ့ငွေများကို ပေးအပ်လျက်ရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ **နိုင်လင်းကျော်(ဒလ)**

---

## မကွေးမြို့တွင် ခွေးရူးကာကွယ်ဆေး အခမဲ့ထိုးနှံပေး

**မကွေး စက်တင်ဘာ ၂၉**

မကွေးမြို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးတွင် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်ရေးနေ့အထိမ်းအမှတ်အဖြစ် စက်တင်ဘာ ၂၈ ရက်က ခွေးရူးကာကွယ်ဆေး အခမဲ့ထိုးနှံပေးခဲ့ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးများတွင် ခွေးရူးကာကွယ်ဆေးများကို ခွေးအကောင်ရေ ၂၀၀၀ အတွက် ခွဲတမ်းရရှိပြီး မကွေးမြို့အတွက် ခွေးအကောင် ၉၀ စာ ဆေးရရှိသဖြင့် ခွေးရူးကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးခြင်းဖြစ်ကြောင်း မကွေးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

"တိရစ္ဆာန်ကနေ လူကိုကူးစက်တတ်တဲ့ ရောဂါတွေဖြစ်တဲ့အတွက် ကျွန်မတို့ဌာနကနေ တိရစ္ဆာန်ကာကွယ်ဆေး ထိုးပေးတာကတော့ ခွေးတင်မကပါဘူး ကျွဲနွား၊ ဝက်တွေကိုလည်း ကာကွယ်ဆေးထိုးတာတွေ ဆောင်ရွက်ပါတယ်" ဟု ဒေါက်တာအေးအေးမော်က ပြောသည်။

ယင်းနေ့တွင် ခွေးအကောင်ရေ ၂၀ ကျော်အား ခွေးပိုင်ရှင်များက ခွေးရူးကာကွယ်ဆေးလာရောက်ထိုးနှံကြကာ မကွေးမြို့တွင် ခွေးများအား ခွေးရူးကာကွယ်ဆေး အခမဲ့ထိုးပေးခြင်းမှာ ၁၁ ကြိမ်ရှိပြီဖြစ်ကြောင်း သိရသည်။

**(ဟံသာလင်း)**

---

## နေပြည်တော်အတွင်း ဝန်ထမ်းအိမ်ရာများအတွက် ပထမအသုတ်တင်ဒါများ ဖွင့်ဖောက်စိစစ်

**နေပြည်တော် စက်တင်ဘာ ၂၉**

နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်းရှိ လိုအပ်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းအိမ်ရာများအတွက် နေပြည်တော်ကောင်စီ၏ ငွေလုံးငွေရင်းရန်ပုံငွေ လျာထားငွေကျပ် သန်းရှစ်ထောင်ခန့်ဖြင့် ဝန်ထမ်းအိမ်ရာ ၁၄ လုံးကို စတင်တည်ဆောက်ပေးတော့မည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံ့ဝန်ထမ်းအိမ်ရာ ၄၃ လုံးနှင့်ပတ်သက်ပြီး ပထမအသုတ် တင်ဒါအဖြစ် နိုင်ငံ့ဝန်ထမ်းအိမ်ရာ ၁၄ လုံးအတွက် ဈေးနှုန်းအဆိုပြုလွှာများ ဖွင့်ဖောက်စိစစ်ခြင်းကို ယမန်နေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ဒက္ခိဏခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆက်လက်၍ နည်းပညာအဆိုပြုလွှာစိစစ်ခြင်း အောင်မြင်ထားသည့် ကုမ္ပဏီ ၁၁၈ ခုမှ တင်ပြထားသည့် ဈေးနှုန်းအဆိုပြုလွှာများကို တက်ရောက်လာကြသူများရှေ့တွင် Lot များအလိုက် ဖွင့်ဖောက်ကြေညာပေးသည်။

အဆိုပါပထမအသုတ် တင်ဒါအဖြစ် နိုင်ငံ့ဝန်ထမ်းအိမ်ရာ ၁၄ လုံးတွင် အရာထမ်းအိမ်ရာ ငါးလုံး၊ အမှုထမ်း အိမ်ရာ ငါးလုံးနှင့် လူပျို၊ အပျိုဆောင် လေးလုံး ပါဝင်ကြောင်း၊ အဆိုပါအိမ်ရာများကို နေပြည်တော်အတွင်း ဝန်ကြီးဌာနများမှ လိုအပ်ချက်တင်ပြမှုအပေါ် မူတည်၍ အောက်တိုဘာလအတွင်း စတင်တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သန့်မောင်)**

---

## မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်

**ရန်ကုန် စက်တင်ဘာ ၂၉**

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က ကြီးမှူး၍ Phyo Si Thu Teak Plantation (Myanmar)& Bago Yoma Eco Resort(Myanmar)မှ အဓိကကူညီပံ့ပိုးသည့် ၂၀၁၇ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထပွဲစဉ်၏ ဆုပေးပွဲကို စက်တင်ဘာ ၂၈ ရက် စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲအပြီးတွင် ရန်ကုန်မြို့ ဥက္ကလာဂေါက်ကွင်း၌ ပြုလုပ်သည်။

ထို့နောက် အသက်(၁၅)နှစ်အောက် မျိုးဆက်သစ် လူငယ်အဆင့်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၁၅၇ ချက်ဖြင့် တတိယရရှိခဲ့သော မင်းသံလွင်အောင်၊ စုစုပေါင်းရိုက်ချက် ၁၅၄ ချက်ဖြင့် ဒုတိယရရှိခဲ့သော ကောင်းမြတ်ကျော်နှင့် စုစုပေါင်းရိုက်ချက် ၁၄၄ ချက်ဖြင့် ပထမရရှိခဲ့သော ဖြိုးဇံတို့အား လည်းကောင်း၊ အမျိုးသမီးဝါသနာရှင်အဆင့်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၅၂ ချက်ဖြင့် ဒုတိယရရှိခဲ့သော ခင်ဇာနည်အောင်နှင့် စုစုပေါင်းရိုက်ချက် ၂၂၈ ချက်ဖြင့် ပထမရရှိခဲ့သော မေဦးခိုင်တို့အား လည်းကောင်း၊ အမျိုးသားဝါသနာရှင်အဆင့်ပြိုင်ပွဲတွင် သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျှော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၂၈၂ ချက်ဖြင့် ဒုတိယရရှိသော သီဟဋ္ဌေးနှင့် သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျှော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၂၈၂ ချက် (Play Off)ဖြင့် ပထမရရှိသော မောင်မဲတို့အား လည်းကောင်း၊ Senior Professional ပညာရှင်အဆင့်တွင် သတ်မှတ်ရိုက်ချက်ထက် သုံးချက်ပိုရိုက်ကာ စုစုပေါင်းရိုက်ချက် ၂၁၉ ချက် (Play Off)ဖြင့် ပထမဆုရရှိသွားသော ဦးမြင့်ဆွေအား လည်းကောင်း တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။

ဆက်လက်၍ Professional ပညာရှင်အဆင့်တွင် သတ်မှတ်ရိုက်ချက်ထက် ၁၇ ချက်လျှော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၂၇၁ ချက်ဖြင့် ပထမဆုရရှိသွားသော ရဲထက်အောင်အား တာဝန်ရှိသူတို့က Winner Trophy နှင့် ဆုကြေးငွေ ချက်လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ပြိုင်ပွဲတွင် Professional ပညာရှင်အဆင့် ၃၆ ဦး၊ Senior Professional ပညာရှင်အဆင့် ၁၈ ဦး၊ Amateur အမျိုးသား ဝါသနာရှင်အဆင့် ၁၃၅ ဦး၊ အမျိုးသမီးဝါသနာရှင်အဆင့် ၁၅ ဦး၊ Junior လူငယ်အားကစားသမား ၁၁ ဦး စုစုပေါင်း ၂၁၅ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**(ကြေးမုံ)**

---

### ပြင်ဆင်ဖတ်ရှုပါရန်

စက်တင်ဘာ ၁၉ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၁) တွင် ပါရှိသော "သုံးစွဲရန်မသင့်သောတိုင်းရင်းဆေးဝါးကို အများပြည်သူများသိရှိရန် အသိပေးကြေညာ"တွင် ဇယား၏တွေ့ရှိချက်စာတိုင်တွင် "ppm"ဟု ပြင်ဆင်ဖတ်ရှုပါရန်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုတ်လုပ်/ဖြန့်ချိဌာန | တွေ့ရှိချက် |
|---|---|---|---|---|---|
| ၁။ | ရွှေသုန္ဒရီ | သနပ်ခါးလိမ်းဆေး | ဆေးအနှစ်/ဘူး | အမှတ်(၁၀/၁၄)၊ ကံ့ကော်လမ်း၊ မြို့ဟောင်းအလယ်ရပ်ကွက်၊ သန်လျင်မြို့။ | Arsenic (54.91 ppm) |

ppm = parts per million

---

## မြန်မာနိုင်ငံရှိ ခြိမ်းခြောက်မှုခံနေရသော မျိုးစိတ်များ နိုင်ငံအဆင့်အနီရောင်စာရင်းရေးဆွဲနိုင်ရေးနှင့် ဂေဟစနစ်များ ဆန်းစစ်ဖော်ထုတ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးပြုလုပ်

**နေပြည်တော် စက်တင်ဘာ ၂၉**

မြန်မာနိုင်ငံရှိ ခြိမ်းခြောက်မှုခံနေရသော မျိုးစိတ်များ၏ နိုင်ငံအဆင့်အနီရောင်စာရင်းရေးဆွဲနိုင်ရေးနှင့် ထိန်းသိမ်းရေးဆိုင်ရာ အရေးကြီးဂေဟစနစ်များအား ဆန်းစစ်ဖော်ထုတ်နိုင်ရေး ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ရည်ရွယ်ချက် ငါးရပ်ဖြင့် ပြုလုပ်လျက်ရှိသည်။

၎င်းအစည်းအဝေးကို သစ်တောဦးစီးဌာနအပါအဝင် ဌာနဆိုင်ရာများ၊ သုတေသနဌာနနှင့် တက္ကသိုလ်များ၊ ပြည်တွင်းပြည်ပထိန်းသိမ်းရေး အဖွဲ့အစည်းများ၊ တစ်သီးပုဂ္ဂလ ကျွမ်းကျင်ပညာရှင်များနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်)တာဝန်ရှိသူများ စုစုပေါင်း ၆၀ ကျော် တက်ရောက်ဆွေးနွေးကြပြီး စက်တင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ နေပြည်တော် အမရာဟိုတယ်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးကို (က) မြန်မာနိုင်ငံရှိ ခြိမ်းခြောက်မှုခံနေရသော မျိုးစိတ်များ၏ နိုင်ငံအဆင့် အနီရောင်စာရင်းရေးဆွဲနိုင်ရေး မျိုးစိတ်အလိုက် တာဝန်ယူဆောင်ရွက်နိုင်မည့် လုပ်ငန်းအဖွဲ့များဖွဲ့စည်းနိုင်ရန်နှင့် လုပ်ငန်းအဖွဲ့တစ်ခုစီအတွက် အဓိကဦးဆောင်သူ သတ်မှတ်နိုင်ရန်၊ (ခ) လုပ်ငန်းအဖွဲ့အသီးသီး၏ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် တာဝန်ဝတ္တရားများ သတ်မှတ်နိုင်ရန်၊ (ဂ)မြန်မာနိုင်ငံရှိ ခြိမ်းခြောက်မှုခံနေရသော မျိုးစိတ်များ၏ နိုင်ငံအဆင့်အနီရောင်စာရင်းရေးဆွဲနိုင်ရေးလုပ်ငန်းစီမံချက် (မူကြမ်း) ရေးဆွဲနိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့ကြောင်း သိရသည်။

ထို့အပြင် မြန်မာနိုင်ငံအတွင်းရှိ အရေးတကြီး ထိန်းသိမ်းရန်လိုအပ်သည့် ဂေဟစနစ်များ ဆန်းစစ်ခြင်းနှင့် မြေပုံရေးဆွဲဖော်ထုတ်ခြင်းနည်းလမ်းများ သိရှိနိုင်ရန်နှင့် မြန်မာနိုင်ငံရှိ ခြိမ်းခြောက်မှုခံနေရသော မျိုးစိတ်များ၏ နိုင်ငံအဆင့် အနီရောင်စာရင်းရေးဆွဲနိုင်ရေးလုပ်ငန်းအတွက် လိုအပ်သော မျိုးစိတ်ပျံ့နှံ့မှု၊ မျိုးစိတ်များတွေ့ရှိရမှုနှင့် နိုင်ငံအတွင်း တည်ရှိနေသည့် အရေးကြီးဂေဟစနစ်များကို ဆက်စပ်ရေးဆွဲနိုင်ရေးနည်းလမ်းများ ဖော်ထုတ်နိုင်ရန်ရည်ရွယ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် အပင်မျိုးစိတ် ၁၀၀၀၀ ကျော်၊ နို့တိုက်သတ္တဝါ မျိုးစိတ် ၃၀၀ နီးပါး၊ ငှက်မျိုးစိတ် ၁၀၀၀ ကျော်၊ ရာပေါင်းများစွာရှိသော ကုန်းနေရေနေနှင့် တွားသွား၊ ငှက်၊ ငါးနှင့် လိပ်ပြာမျိုးစိတ်များစွာကို မှတ်တမ်းတင်ထားနိုင်ပြီး ယင်းမျိုးစိတ်များထဲတွင် မြန်မာနိုင်ငံတွင်သာ တွေ့ရှိရသော ဒေသရင်းမျိုးစိတ် အများအပြားလည်းပါဝင်ကြောင်း သိရသည်။

အဆိုပါဇီဝမျိုးစုံမျိုးကွဲများကို ထိထိရောက်ရောက်နှင့် အကျိုးရှိရှိ ထိန်းသိမ်းနိုင်ရန် ယင်းမျိုးစိတ်များအခြေအနေနှင့် ပြောင်းလဲမှုကို နားလည်သိရှိရန် လိုအပ်ပြီး မည်သည့်မျိုးစိတ်သည် ထိခိုက်ခံရမှုအများဆုံးဖြစ်သည်၊ မည်သည့်မျိုးစိတ်များသည် ပထမဦးစားပေးထိန်းသိမ်းရမည် စသည့် နည်းလမ်းများကို ပူးပေါင်းဖော်ထုတ်နိုင်ရန် အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။ **(ညီတူး)**

---

## ပညာရေးဌာနသို့ စာသင်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

**သီပေါ စက်တင်ဘာ ၂၉**

သီပေါမြို့နယ် နမ့်လန်မဇ္ဈိမာရာမစာသင်တိုက် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တ ဉာဏောဘာသ၏ သက်တော်(၅၅)နှစ်ပြည့် ဝိဇာတမွေးနေ့အထိမ်းအမှတ်အဖြစ် မိဘဘိုးဘွားပိုင်အိမ်ခြံမြေ သုံးဧကနှင့် ပေ ၆၀ × ပေ ၃၀ အာရ်စီစာသင်ကျောင်းဆောင်သစ်၊ စာသင်ခုံများ၊ ပရိဘောဂအသုံးအဆောင်များ စသည့် စုစုပေါင်း တန်ဖိုးငွေကျပ်သိန်း ၅၅၀ ရှိ ကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းက သီပေါမြို့နယ် မန်လီအုပ်စု နားစန့်ကျေးရွာ အဆိုပါ ကျောင်းဆောင်သစ်၌ ကျင်းပသည်။

ကျောင်းဆောင်သစ် မုခ်ဦးနှင့် ကမ္ပည်းကျောက်စာတို့ကို တာဝန်ရှိသူများက ဖွင့်လှစ်ပေးခဲ့ပြီး အလှူရှင်ဆရာတော် ဘဒ္ဒန္တဉာဏောဘာသက သုံးဧကရှိ မြေနေရာ၊ စာသင်ကျောင်းဆောင်သစ်၊ ဆက်စပ်ပစ္စည်းများနှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို သီပေါမြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်သိန်းထံ လွှဲပြောင်းပေးအပ်ရာ မြို့နယ်ပညာရေးမှူးက ဂုဏ်ပြုလွှာပြန်လည်ဆက်ကပ်ပြီး ကျေးဇူးတင်စကား လျှောက်ထားသည်။

အဆိုပါနားစန့်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ဆရာလေးဦးနှင့် ကျောင်းသား ကျောင်းသူ ၃၅ ဦး ပညာသင်ကြားလျက်ရှိပြီး သွားလာရေးအဆင်ပြေစေရန်အတွက် အလှူရှင်ဆရာတော်နှင့် စေတနာရှင် ဒါယကာများက လမ်းပိုင်းပါပြုပြင်ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**(သီပေါကိုလတ်)**

---

## ညောင်ရွှေမြို့၌ ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေး

**ညောင်ရွှေ စက်တင်ဘာ ၂၉**

ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ၂၀၃၀ ပြည့်နှစ်တွင် ခွေးရူးရောဂါဖြစ်ပွားမှုမရှိစေရေးအတွက် ညောင်ရွှေမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ မြို့နယ်ဦးစီးအရာရှိ ဒေါက်တာခင်မောင်ဝင်းနှင့် ဒုတိယဦးစီးမှူးတို့က စက်တင်ဘာ ၂၈ ရက်တွင် မြို့မ(၈) ရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ခွေးကောင်ရေ စုစုပေါင်း ၁၂၂ ကောင်ကို ခွေးရူးရောဂါကာကွယ်ဆေးများ အခမဲ့ ထိုးနှံပေးခဲ့ကြကြောင်း သိရသည်။ **(နေမျိုးသူရိန်)**

# ရန်ကုန် ရေကမ္ဘာဥယျာဉ်ဝင်ခွင့်စျေးနှုန်းများ ပြောင်းလဲသတ်မှတ်

**ရန်ကုန် စက်တင်ဘာ ၂၉**
မြန်မာနိုင်ငံ၏ပထမဆုံးရေကမ္ဘာဥယျာဉ်သို့ လာရောက်လည်ပတ်အပန်းဖြေသူများအတွက် လာမည့်အောက်တိုဘာလမှစ၍ ဝင်ခွင့်စျေးနှုန်းများ ပြောင်းလဲသတ်မှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ဆီမှာ Slide ၁၃ မျိုးရှိတယ်။ အရင်က အကုန်လုံးကစားလို့ရတယ်။ အခု ဝင်ခွင့်လျှော့ချလိုက်တော့ Slide အကြီး သုံးခုကိုတစ်ခါစီး ၂၀၀၀ သတ်မှတ်လိုက်တယ်။ Combination Slide ကို တစ်ခါစီး ၁၀၀၀ သတ်မှတ် လိုက်တယ်။ ကျန်တာအားလုံးကတော့ ပုံမှန်ဆော့ကစားလို့ရပါတယ်။ ဒီလိုအပန်းဖြေဥယျာဉ်ကို မန္တလေးမှာဖွင့်ဖို့ အစီအစဉ်လည်းရှိပါတယ်"ဟု အပန်းဖြေဥယျာဉ်၏အထွေထွေမန်နေဂျာ ဦးဖြိုးမင်းနိုင်က ပြောသည်။

စျေးနှုန်းများအနေဖြင့် ကြားရက်ကို လူကြီး ကျပ် ၂၀၀၀၀ ၊ကလေး ကျပ် ၁၅၀၀၀ မှ လူကြီး ကျပ် ၇၀၀၀၊ ကလေး ကျပ် ၅၀၀၀သို့ လည်းကောင်း၊ စနေ၊ တနင်္ဂနွေနှင့် အများပြည်သူနှင့် သက်ဆိုင်သည့် ရုံးပိတ်ရက်တွင် လူကြီး ကျပ်၂၅၀၀၀၊ ကလေး ကျပ် ၂၀၀၀၀မှ လူကြီး ကျပ် ၁၅၀၀၀၊ ကလေး ကျပ် ၁၀၀၀၀ သို့ လည်းကောင်း ပြောင်းလဲသတ်မှတ်ကြောင်း သိရသည်။

ထို့အပြင် အောက်တိုဘာလအတွင်းလက်မှတ်လေးခုနှင့်အထက်ဝယ်ယူသူများကို လျှော့စျေးအမျိုးမျိုး သတ်မှတ်လျှော့ချပေးထားပြီး သီတင်းကျွတ်လပြည့်နေ့ လာရောက်လည်ပတ်သူများအတွက် ၂၅ ရာခိုင်နှုန်း လျှော့စျေးပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဝင်ခွင့်စျေးနှုန်းပြောင်းလဲသတ်မှတ်ခြင်းနှင့် ပတ်သက်၍မီဒီယာများနှင့်တွေ့ဆုံရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီက အဆိုပါအပန်းဖြေဥယျာဉ်တည်ရှိရာ ဒေါပုံမြို့နယ် ယမုံနာလမ်းရှိ ယခင်ရှုခင်းသာပန်းခြံနေရာတွင် ပြုလုပ်သည်။ **(သတင်း-ဇာနည်မောင်၊ ဓာတ်ပုံ-ဇာဏီ)**



# တရားမဝင် ကန့်သတ်ကုန်စည်များ သယ်ဆောင်လာမှု စစ်ဆေးသိမ်းဆည်း

**ရန်ကုန် စက်တင်ဘာ ၂၉**
တရားမဝင် ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းတို့ကို ဖွင့်လှစ်၍ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် နေ့စဉ်စစ်ဆေးဆောင်ရွက်လျက်ရှိရာ တရားမဝင် ကန့်သတ်ကုန်စည်များ သယ်ဆောင်လာမှုကို စက်တင်ဘာ ၂၈ ရက်က မရမ်းချောင် စစ်ဆေးရေးစခန်းတွင် သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

စက်တင်ဘာ ၂၈ ရက်က မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ၁၂ ဘီးယာဉ်တစ်စီးကို တားဆီးစစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင်ID/IL ပေါ် ကြေညာထားခြင်းမရှိသည့် တရားမဝင် ကန့်သတ်ကုန်ပစ္စည်းများဖြစ်သည့် အသုံးပြုပြီးဖြစ်သော ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ လက်ပ်တော့ဆိုဒ်စုံ၊ Computer System Unit နှင့် ပစ္စည်းသယ်ဆောင်လာသည့် ယာဉ်တစ်စီးအပါအဝင် စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် ၂၈၇ ဒသမ ၄၃၀ သန်းခန့်ကို သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။



အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၈ ရက်က မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးကျပ် ၂၈၇ ဒသမ ၄၃၀ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။ **(၀၀၁)**

# မိုင်းနောင်ကျေးရွာတွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**မိုးညှင်း စက်တင်ဘာ ၂၉**
မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ နန့်မွန်းကျေးရွာအုပ်စု မိုင်းနောင်ကျေးရွာ လူနေအိမ်အတွင်း မူးယစ်ဆေးဝါးများ (ကာလတန်ဖိုးကျပ် ၃၅၄ သိန်းကျော်ဖိုး) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၂၇ရက် မွန်းလွဲ ၁၂နာရီခွဲက မိုင်းနောင်ကျေးရွာ ဗိုလ်တဲကုန်းရှိ အိမ်အမှတ် ------နေ ကိုမင်းနိုင်၏ နေအိမ်အား သတင်းအရရှာဖွေစဉ် ဆပ်ပြာခွက်ဖြင့်ထည့်ထားသော ဘိန်းဖြူဟုယူဆသည့် ဖြူဝါမှုန့်များကို ၎င်းနှင့်အတူ တွေ့ရှိခဲ့ရကြောင်း လုံးတုံ့နယ်မြေရဲစခန်းမှူးက ပြောသည်။

"ကိုမင်းနိုင်ရဲ့နေအိမ်ကို မူးယစ်ဆေးဝါး ရှာဖွေခွင့်ဝရမ်းနဲ့ ဝင်ရောက်ရှာဖွေခဲ့တာပါ။ သူ့အိပ်ခန်းထဲမှာ မူးယစ်ဆေးတွေပါတဲ့ ဆပ်ပြာခွက်တွေအများကြီးတွေ့ခဲ့ပါတယ်"ဟု လုံးတုံ့နယ်မြေရဲစခန်းမှူး ရဲအုပ်ဗျက်ဆန်းက ပြောသည်။

မူးယစ်တပ်ဖွဲ့စု(၃)မှ ရဲအုပ်နိုင်ဝင်း ဦးစီးသောအဖွဲ့၊ လုံးတုံ့ရဲစခန်းမှူး ရဲအုပ်ဗျက်ဆန်းနှင့်အဖွဲ့နှင့် နယ်မြေခံပြည်သူ့စစ်အဖွဲ့တို့က ဝင်ရောက်ရှာဖွေခဲ့ရာ မင်းနိုင်အား နေအိမ်အပေါ်ထပ်အိပ်ခန်းအတွင်း တွေ့ရှိခဲ့ပြီး အိပ်ခန်းကြမ်းပြင်ပေါ်တွင် ရောင်စုံဆပ်ပြာခွက်များကို တွေ့ရှိခဲ့ခြင်း ဖြစ်သည်။

အဆိုပါအိတ်အတွင်း ဆပ်ပြာခွက်ဖြင့်ထည့်ထားသည့် ဘိန်းဖြူဟုယူဆသော ဖြူဝါရောင်အမှုန့် အလေးချိန် ၁၂ ဂရမ်ခန့်စီပါသည့် ဆပ်ပြာခွက် ၃၃ ခွက်(စုစုပေါင်း အလေးချိန် ၃၉၆ ဂရမ်)၊ 88/1 စာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား တစ်ထုပ်လျှင် ၁၉၅ ပြားစီပါ အထုပ် ၂၀ (စုစုပေါင်း ဆေးပြား ၃၉၀၀) စုစုပေါင်းကာလတန်ဖိုးကျပ် ၃၅၄၆၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးနှင့်အတူ တွေ့ရှိခဲ့သော မင်းနိုင်အား လုံးတုံ့နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မင်းမင်းဦး)**

# စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဘိန်းဖြူများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၂၉**
မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေး (တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၈ ရက် ညနေ ၆နာရီတွင် ချမ်းမြသာစည်မြို့နယ် သံလျှက်မှော်(တောင်ပိုင်း)ရပ်ကွက် ကန်တော်ကြီးပတ်လမ်းတွင် မစိုးမိုးနိုင် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းဖြူ ဆပ်ပြာခွက် ၂၂ခွက် (ဘိန်းဖြူ အလေးချိန် ၂၂၀ ဂရမ်) နှင့် ငွေကျပ်၂၀၅၀၀၀ တို့ကို လည်းကောင်း၊ အလားတူ စက်တင်ဘာ ၂၇ ရက် ၅ နာရီခွဲခန့်က မူးယစ်တပ်ဖွဲ့စု(၂၇) လှိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လှိုင်လင်မြို့နယ် ပန်ခေါက်ဝိုးကျေးရွာ ဘုန်းကြီးကျောင်းရှေ့ လှိုင်လင်-နမ့်စန် ကားလမ်းတွင် စိုင်းရှိန်ဆာ မောင်းနှင်လာသည့်မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၅ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၁၅၀ တို့ကိုလည်းကောင်း။



မစိုးမိုးနိုင်အား သိမ်းဆည်းရမိဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

ထို့အတူ စက်တင်ဘာ ၂၈ ရက် ညနေ ၃ နာရီက တောင်ကြီးမြို့ ကန်ရှေ့ရပ်ကွက် မြကန်သာလမ်းရှိ ခရီးသည်တင်မော်တော်ယာဉ်ဂိတ်တွင် အမျိုးသမီးနှစ်ဦးသည် ခရီးဆောင်အိတ် တစ်လုံးကို ရန်ကုန်သို့ ပို့ဆောင်ပေးရန်(လူမဲ့တန်ဆာ)လာရောက်အပ်နှံထားကြောင်း သိရ၍ မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မော်တော်ယာဉ်ဂိတ်တွင် အပ်နှံထားသည့် ခရီးဆောင်အိတ်ကို သွားရောက်စစ်ဆေးရှာဖွေရာ ၎င်းအိတ်အတွင်းရှိ မုန့်ပုံးအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ကို သိမ်းဆည်းခဲ့သည်။

အလားတူ ယင်းနေ့ ၉နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုး အမှတ်(၇)ရပ်ကွက် နယ်မြေ(၆) ကောင်းမှုလမ်း အမှတ် ----နေ ဝင်းမြတ်သူ(ခ)ဖူဝေရန် ၏ နေအိမ်ကိုရှာဖွေရာ ဝင်းမြတ်သူ(ခ) ဖူဝေရန်၊ လီကျိန်ချန်း(ခ) အားချန်၊ ကျော်ကျော်ဦး (ခ) ယွိလုံနှင့်ရွှဲ့ယုံဖူး တို့ကို တွေ့ရှိရပြီး အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၆၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဆိုင်ကယ်ပေါက်ကွဲမှုဖြစ်စဉ်မှာ ကြိုတင်ပြင်ဆင်သည့် လုပ်ရပ်ဖြစ်သည်ဟုဆို

**မန္တလေး စက်တင်ဘာ ၂၉**
မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် စိတ္တရမဟီရပ်ကွက် မိုးကောင်းဓမ္မာရုံ ဘုရားပွဲတော် နောက်ဆုံးနေ့ဖြစ်သည့် စက်တင်ဘာ ၂၈ ရက် ည ၉ နာရီကျော်တွင် ဖြစ်ပွားခဲ့သည့် ဆိုင်ကယ်ပေါက်ကွဲမှုဖြစ်စဉ်မှာ လက်ကိုင်ဖုန်း အသုံးပြု၍ အဝေးထိန်းစနစ်ဖြင့် ကြိုတင်ပြင်ဆင်သည့် လုပ်ရပ်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူးဦးမြင့်တင်က စက်တင်ဘာ ၂၉ ရက်တွင် မီဒီယာများနှင့်တွေ့ဆုံစဉ် ပြောကြားသည်။

ပေါက်ကွဲမှုဖြစ်ပွားရာအနီးတွင် ဆက်သွယ်ရေးဖုန်းမဟုတ်သည့် ဝါယာကြိုးနှစ်စထွက်နေသောမိုက်ခရိုအမှတ်တံဆိပ်ပါ တရုတ်နိုင်ငံထုတ် တယ်လီဖုန်းတစ်လုံးတွေ့ရှိခဲ့ပြီး အဝေးထိန်းစနစ် သို့မဟုတ် အချိန်ကိုက်စနစ်ဖြင့် ဖောက်ခွဲသည့်သဘော ဖြစ်နိုင်ကြောင်း သိရသည်။

"ကြိုတင်ပြင်ဆင်ပြီးလုပ်တဲ့ သဘောရှိတယ်။ အဝေးကနေ ဖောက်ခွဲတာဖြစ်နိုင်သလိုအချိန်ကိုက်စနစ်နဲ့ ဖောက်ခွဲတာလည်းဖြစ်နိုင်တယ်။ ဒါကြောင့် လုပ်တဲ့သူကို ဖော်ထုတ်ဖို့အပိုင်းမှာ အချိန်ယူရမယ်။ ကျွန်တော်တို့ တိုင်းဒေသကြီးအတွင်းမှာဒီဖြစ်စဉ်မျိုးမလိုလားဘူး။ ဒီဖြစ်စဉ်မဖြစ်ခင် လွန်ခဲ့တဲ့ လကတည်းက လုံခြုံရေးတွေ တိုးမြှင့်ချထားတယ်။ အခုဖြစ်စဉ်က ဘုရားပွဲနဲ့ဆက်စပ်ပြီးဖြစ်တာဆိုတော့ နောက်ဆိုရင် လူစည်ကားတဲ့ကား၊ ရထားဂိတ်တွေမှာ လုံခြုံရေးတွေ တိုးမြှင့်ချထားမှာ ဖြစ်ပါတယ်။ ပြည်သူတွေကလည်း ပူးပေါင်းပါဝင်ဖို့ လိုအပ်ပါတယ်"ဟု ၎င်းကပြောသည်။



အဆိုပါဖြစ်စဉ်ကြောင့် ပွဲတော်လာသူ အသက်(၂၈)နှစ်အရွယ် အမျိုးသားတစ်ဦးထိခိုက်ဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့ပြီး မန္တလေးအထွေထွေ ရောဂါကုဆေးရုံကြီးတွင် ဆေးကုသမှုခံယူလျက်ရှိသည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ အမှတ်(၈)ရဲစခန်းတွင် အမှုဖွင့်ထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## အားကစား

# အဂွဲရိုး နှစ်လတာ အနားယူရမည်

မန်စီးတီးတိုက်စစ်မှူး အဂွဲရိုးမှာ စက်တင်ဘာ ၂၉ ရက် ညပိုင်းက ဟော်လန်တွင် ယာဉ်မတော်တဆဖြစ်ခဲ့ပြီး နံရိုးနှစ်ချောင်း ကျိုးသွားခဲ့ရာ အနည်းဆုံး နှစ်လခန့် အနားယူရတော့မည်ဖြစ်သည်။ အဂွဲရိုး စီးနင်းလာသည့် Crysler PT Cruiser အမျိုးအစားယာဉ်မှာ လေဆိပ်သို့အသွား ဓာတ်တိုင်ကို ဝင်တိုက်ခဲ့ခြင်းဖြစ်ရာ ခါးပတ်ပတ်ထား၍သာ အသက်အန္တရာယ်မှ လွတ်မြောက်ခဲ့ခြင်းဖြစ်သည်။ အဂွဲရိုးမှာ မန်စီးတီးအသင်း ချန်ပီယံလိဂ်နိုင်ပွဲရရှိပြီးနောက် နယ်သာလန်ရှိ အမ်စတာဒမ်မြို့တွင် ကိုလံဘီယာအဆိုတော် မာလူမာ၏ ဖျော်ဖြေပွဲသွားရောက်ကြည့်ရှုရန် ရောက်ရှိနေခဲ့စဉ်အတွင်း ကားမတော်တဆမှု ဖြစ်ခဲ့ခြင်းဖြစ်သည်။ ယင်းသို့ မတော်တဆမှုမဖြစ်ခင် အဂွဲရိုးက တေးသံရှင် မာလူမာနှင့် တွဲရိုက်ထားသည့် ဓာတ်ပုံကို သူ၏ လူမှုကွန်ရက် စာမျက်နှာပေါ်တွင် တင်ခဲ့သေးသည်။ ယင်းနောက် တစ်နာရီလောက်အကြာတွင် လေဆိပ်သို့ အငှားယာဉ်ငှားပြီး ထွက်ခွာလာစဉ် မတော်တဆမှု ဖြစ်ခဲ့ခြင်းဖြစ်သည်။

မန်စီးတီးသည် ချယ်လ်ဆီးကို ရင်ဆိုင်ရမည့် ပရီမီယာလိဂ်ပွဲစဉ်တွင် အဂွဲရိုးမပါဘဲ ယှဉ်ပြိုင်ရမည်ဖြစ်သလို နောက်ခံလူ မန်ဒီမှာလည်း ပြင်းထန်သည့်ဒူးဒဏ်ရာကြောင့် အနည်းဆုံး ကိုးလ အနားယူရဦးမည်ဖြစ်ရာ ဒဏ်ရာပြဿနာများက မန်စီးတီးအတွက် စိုးရိမ်စရာပင် ဖြစ်သည်။

**မေလှဲ့သင်း - စုစည်းသည်**



## ဝက်စ်ဟမ်းနည်းပြဖြစ်လာရန် အန်စလော့တီ ရေပန်းစား

ဘိုင်ယန်နည်းပြအဖြစ်မှ ထုတ်ပယ်ခံလိုက်ရသည့် အန်စလော့တီမှာ ပရီမီယာလိဂ်ကလပ် ဝက်စ်ဟမ်း၏ နည်းပြသစ်ဖြစ်လာရန် ထိပ်ဆုံးမှ ရေပန်းစားနေပြီဖြစ်ကြောင်း သိရသည်။ ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့က ယှဉ်ပြိုင်ခဲ့သည့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဘိုင်ယန်က ပီအက်စ်ဂျီကို ဂိုးပြတ်အရေးနိမ့်ခဲ့ပြီးနောက် နည်းပြ အန်စလော့တီကို ဘိုင်ယန်မြူးနစ်မှ ထုတ်ပယ်ခဲ့ပြီးနောက်တစ်ရက်အကြာမှာပင် ဝက်စ်ဟမ်းနည်းပြလောင်းအဖြစ် ရေပန်းစားလာခြင်းဖြစ်သည်။

ဝက်စ်ဟမ်းအသင်းကို နည်းပြ ဘီလစ် ကိုင်တွယ်နေဆဲဖြစ်သော်လည်း ရာသီအစ ရလဒ်ဆိုးများကြောင့် ဝက်စ်ဟမ်း တာဝန်ရှိသူများက နည်းပြသစ်တစ်ဦးကို အလျင်အမြန် အစားထိုးရန် ရှာဖွေလျက်ရှိသည်။ ဝက်စ်ဟမ်းသည် ပရီမီယာလိဂ်ပွဲစဉ်(၆)အပြီးအထိ ရမှတ်လေးမှတ်သာ ရရှိထားရာ တန်းဆင်းဇုန်အတွင်း ကျရောက်နေသောကြောင့် လက်ရှိနည်းပြ ဘီလစ်မှာ ထုတ်ပယ်ခံရနိုင်ဖွယ်ရှိနေသည်။ နယူးကာဆယ်နည်းပြ ဘင်နီတက်ဇ်မှာ ဝက်စ်ဟမ်း၏ ကာလရှည် ပစ်မှတ်ဖြစ်ပြီး ဒေးဗစ်မွိုင်းနည်းပြဟောင်း တူချယ်ကိုလည်း ဆက်သွယ်လျက်ရှိကြောင်း သတင်းထွက်နေခဲ့သည်။ သို့သော် ယခုမူ ဝက်စ်ဟမ်းက ပူပူနွေးနွေး အသင်းလက်မဲ့ဖြစ်သွားသည့် နည်းပြ အန်စလော့တီကို ချိတ်ဆက်လာခြင်းဖြစ်သည်။

## ဟာဇက်နှင့် တွဲဖက်ကစားခွင့်ရခြင်းမှာ ကံကောင်းဟု မိုရာတာ ယူဆ

တိုက်စစ်မှူး မိုရာတာက သူ၏ ချယ်လ်ဆီးကစားသမားဘဝ လွယ်ကူနေခြင်းမှာ အသင်းဖော် ဟာဇက်၏ ကူညီမှုကြောင့်ဖြစ်ပြီး ဟာဇက်လို ကမ္ဘာ့အကောင်းဆုံးကစားသမား တစ်ဦးနှင့် တွဲဖက်ကစားခွင့်ရသဖြင့် မိမိကံကောင်းသည်ဟု ဖွင့်ဟပြောကြားလိုက်သည်။ ဟာဇက်နှင့် မိုရာတာ တိုက်စစ်အတွဲမှာ အက်သလက်တီကိုအသင်းကို အနိုင်ရခဲ့သည့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် တွဲဖက်ညီညီဖြင့် ကစားနိုင်ခဲ့ပြီး ဟာဇက်၏ ဖြတ်တင်ပေးပို့မှုမှတစ်ဆင့် မိုရာတာက ချယ်လ်ဆီးအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

မိုရာတာက "သူ့(ဟာဇက်)လို ကစားသမားနဲ့ တွဲဖက်ကစားရတာကြောင့် လွယ်လွယ်ကူကူဖြစ်ခဲ့တာပါ။ အေဒင်(ဟာဇက်)က ကမ္ဘာ့အကောင်းဆုံး သုံးဦးထဲက တစ်ဦးဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။ ဟာဇက်ကို ရီးယဲလ်မက်ဒရစ်အသင်းမှ ချိတ်ဆက်နေသော်လည်း ကာယကံရှင်က အပြောင်းအရွှေ့ကို အလျင်စလို ဆောင်ရွက်မည်မဟုတ်ကြောင်း ပြောကြားခဲ့ဖူးပြီး ချယ်လ်ဆီးအသင်းကလည်း ဟာဇက်ကို တစ်ပတ်လုပ်ခ ပေါင် ၃၀၀၀၀၀ ဖြင့် စာချုပ်သစ်ချုပ်ဆိုရေး ကြိုးပမ်းနေသည်။ ထို့ပြင် နည်းပြ ကွန်တီ၏ ယုံကြည်ပေးမှုကြောင့် သူ၏ အကောင်းဆုံးခြေစွမ်းကိုရရှိခြင်း ဖြစ်ကြောင်းလည်း မိုရာတာက ပြောကြားခဲ့သည်။

## မြန်မာနိုင်ငံ အဆင့်မြင့်ဂေါက်သီးပညာရှင်များအသင်း လက်ရည်စစ် ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၉**

မြန်မာနိုင်ငံ အဆင့်မြင့်ဂေါက်သီးပညာရှင်များအသင်းမှ ကြီးမှူးကျင်းပသော ၂၀၁၇ ပညာရှင်အဆင့် လက်ရည်စစ်ပြိုင်ပွဲ ကျင်းပမည်ဖြစ်ရာ အောက်တိုဘာ ၂၄၊ ၂၅ ရက်တို့တွင် မန္တလေး ရွှေစာရံဂေါက်ကွင်း၌ ရိုက်ချက်နှင့် ယှဉ်ပြိုင်ခြင်း၊ အောက်တိုဘာ ၂၆ ရက်တွင် အခြေခံဂေါက်သီး ဥပဒေရှင်းလင်းခြင်းနှင့် ဖြေဆိုခြင်း၊ နိုဝင်ဘာ ၁၅၊ ၁၆ ရက်တို့တွင် ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကလပ်၌ ရိုက်ချက်နှင့် ယှဉ်ပြိုင်ခြင်း၊ နိုဝင်ဘာ ၁၇ ရက်တွင် အခြေခံဂေါက်သီးဥပဒေရှင်းလင်းခြင်းနှင့် ဖြေဆိုခြင်းတို့ ကျင်းပမည်ဖြစ်သည်။ ဝင်ရောက်ယှဉ်ပြိုင်လိုသည့် အားကစားသမားများအနေဖြင့် မြန်မာနိုင်ငံ အဆင့်မြင့်ဂေါက်သီးပညာရှင်များအသင်း ဖုန်း-၀၉-၇၇၀၉၄၇၂၇၇ သို့ အောက်တိုဘာ ၂၂ ရက် နောက်ဆုံးထား၍ ပြိုင်ပွဲဝင်ကြေး တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**(ဖိုးသော်ဇင်)**

# စတမ်းဖို့ဘရစ်ချ်က

# စိတ်ဝင်စားဖွယ် အပြာရောင်စီးချင်း

**ရှိုင်းမင်းမင်း**

## ၂၀၁၇-၁၈ ပရီမီယာလိဂ်ရင်ခုန်သံ - ၇

**ပရီမီယာလိဂ်ပွဲစဉ် (၇) ကိုလာမယ့် စက်တင်ဘာ ၃၀ ရက်နဲ့ အောက်တိုဘာ ၁ ရက်နေ့တွေမှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ ချယ်လ်ဆီးနဲ့ မန်စီးတီးတို့ ဆုံတွေ့တဲ့ပွဲပါဝင်နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းနေကာ ချန်ပီယံလိဂ်နဲ့ ယူရိုပါလိဂ်ပွဲတွေကြောင့်လည်း ပွဲပန်းလာနိုင်တာ သတိပြုရမယ်။**

### ဟက်ဒါဖီးလ် - စပါး ည ၆း၀၀ (၃၀-၉-၁၇)

ချန်ပီယံလိဂ်ကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေရှိလာနိုင်ပေမယ့် လက်ရှိအချိန်မှာ စပါးဟာ အမှတ်လိုအပ်နေတာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ ဟက်ဒါဖီးလ်ကတော့ ခြေစွမ်းပိုင်းအရ သာမန်သာရှိတာကြောင့် စပါးရဲ့ ဖိအားပေးမှုကို တုံ့ပြန်နိုင်ဖို့ခက်နိုင်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ စပါးတို့ အခွင့်အရေးရယူနိုင်ကာ နိုင်ပွဲရယူသွားနိုင်ဖို့လည်းရှိနေပါတယ်။ ဒါပေမယ့်လည်း ဂိုးပြတ်ဖို့တော့ခက်ပါတယ်။

### ဘုန်းမောက် - လက်စတာ ည ၈း၃၀ (၃၀-၉-၁၇)

လီဗာပူးကို အရေးနိမ့်ခဲ့ရတာကြောင့် လက်စတာတို့ နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ လီဗာပူးကို အရေးနိမ့်ခဲ့ရပေမယ့်လည်း လက်စတာခြေက ကောင်းမွန်မှုရှိခဲ့ကာ တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေရရှိနေပါတယ်။ ဒါပေမယ့် ဘုန်းမောက်ကလည်း လက်ရှိအချိန်မှာ အဲဗာတန်ကို အရေးနိမ့်ခဲ့ရတာကြောင့် အားစိုက်ကစားလာမှာဖြစ်သလို အိမ်ကွင်းပွဲတွေမှာဆိုရင်လည်း ခြေစွမ်းပိုင်းက ပိုမိုကောင်းမွန်တတ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ လက်စတာအနိုင်ရနိုင်ပေမယ့် ဂိုးပြတ်ဖို့ခက်တယ်။

### မန်ယူ - ပဲလေ့စ် ည ၈း၃၀ (၃၀-၉-၁၇)

ဆောက်သမ်တန်ကို အနိုင်ရခဲ့တာကြောင့် မန်ယူဟာ အမှတ်ပေးဇယားထိပ်ပိုင်းမှာ မန်စီးတီးနဲ့အမှတ်တူ ရပ်တည်နေနိုင်ပါတယ်။ အခုအချိန်မှာလည်း မန်စီးတီးဟာ ချယ်လ်ဆီးနဲ့ ရင်ဆိုင်ရမှာဖြစ်တာကြောင့် မန်ယူတို့အခွင့်အရေးရယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ မန်ယူအနေနဲ့ ချန်ပီယံလိဂ်ကစားခဲ့ရမှာဖြစ်ပေမယ့်လည်း အိမ်ကွင်းဖြစ်နေတဲ့အပြင် ပဲလေ့စ်ခြေကလည်း အားနည်းမှုတွေ များလွန်းနေပါတယ်။ ဒါကြောင့်လည်း မန်ယူကသာ နိုင်ပွဲရသွားနိုင်ပါတယ်။

### စတုတ် - ဆောက်သမ်တန် ည ၈း၃၀ (၃၀-၉-၁၇)

စတုတ်အနေနဲ့ ချယ်လ်ဆီးကို ဂိုးပြတ်အရေးနိမ့်ခဲ့ရတာကြောင့် နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ အထူးသဖြင့် စတုတ်က အိမ်ကွင်းပွဲတွေမှာဆိုရင် အဆင့်တူအသင်းတွေကို အကောင်းဆုံးထိန်းချုပ်ကစားနိုင်စွမ်းရှိပါတယ်။ ဆောက်သမ်တန်ကတော့ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအရ တည်ငြိမ်မှုအားနည်းနေကာ အဝေးကွင်းပွဲတွေမှာဆိုရင်လည်း ခြေစွမ်းပိုင်း ပိုမိုကျဆင်းတတ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ စတုတ် ကပ်နိုင်မယ်။

### ဝက်စ်ဘရွန်း - ဝက်ဖို့ဒ် ည ၈း၃၀ (၃၀-၉-၁၇)

ဆွမ်ဆီးကို အဝေးကွင်းမှာ နိုင်ပွဲရယူနိုင်ခဲ့တဲ့ ဝက်ဖို့ဒ်ခြေက တည်ငြိမ်မှုရှိပါတယ်။ အထူးသဖြင့် အသင်းလိုက်ခြေစွမ်းပိုင်းကောင်းမွန်နေကာ တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေရရှိနေပါတယ်။ ဒါပေမယ့်လည်း လက်ရှိအချိန်မှာ ဝက်စ်ဘရွန်းခြေကလည်းမဆိုးသလို အိမ်ကွင်းအားနဲ့ ဖိအားပေးကစားလာမှာဖြစ်တာကြောင့် ဝက်ဖို့ဒ်တို့ ကစားရခက်ခဲနိုင်ကာ သရေလောက်ပဲရမယ်။

### ဝက်စ်ဟမ်း - ဆွမ်ဆီး ည ၈း၃၀ (၃၀-၉-၁၇)

စပါးနဲ့ပွဲမှာ သုံးဂိုးပြတ်အရှုံးကနေ နှစ်ဂိုးလိုက်သွင်းယူနိုင်ခဲ့တဲ့ ဝက်စ်ဟမ်းခြေက ကောင်းမွန်မှုရှိပါတယ်။ အိမ်ကွင်းဖြစ်နေလို့လည်း နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဆွမ်ဆီးကတော့ ခြေစွမ်းပိုင်းအရ သာမန်သာရှိသလို အိမ်ကွင်းမှာ ဝက်ဖို့ဒ်ကိုတောင် အရေးနိမ့်ခဲ့ရပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ဝက်စ်ဟမ်းတို့ အခွင့်အရေးရယူသွားနိုင်မှာဖြစ်သလို အိမ်ကွင်းမှာ နိုင်ပွဲပြန်လည်ရရှိသွားမှာပါ။

### ချယ်လ်ဆီး - မန်စီးတီး ည ၁၁း၀၀ (၃၀-၉-၁၇)

ချန်ပီယံလိဂ်ကစားခဲ့ကြရမှာ ဖြစ်ပေမယ့်လည်း အရေးပါတဲ့ ဆုံတွေ့မှုဖြစ်တာကြောင့် နှစ်သင်းစလုံး အားစိုက်ကစားလာမှာ သေချာနေပါတယ်။ လက်ရှိအချိန်မှာတော့ နှစ်သင်းစလုံးခြေက အကောင်းဆုံးအခြေအနေမှာ ရှိနေပါတယ်။ တိုက်စစ်ပိုင်းကလည်း နှစ်သင်းစလုံး ထက်မြက်နေပါတယ်။ ဒါပေမယ့်လည်း ဒီပွဲကချယ်လ်ဆီးရဲ့ အိမ်ကွင်းဖြစ်နေတာကြောင့် မန်စီးတီးတို့ လွယ်လွယ်နဲ့ အသာမရနိုင်ပါဘူး။ မန်စီးတီးတိုက်စစ်ကောင်းပေမယ့် ချယ်လ်ဆီး ခံစစ်ကလည်း ကစားပုံကောင်းမွန်တာကြောင့် သရေကျဖို့များနေတယ်။

### အာဆင်နယ် - ဘရိုက်တန် ညနေ ၅း၃၀ (၁-၁၀-၁၇)

အာဆင်နယ်အနေနဲ့ ယူရိုပါလိဂ်ကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေရှိလာနိုင်ပေမယ့်လည်း အမှတ်လိုအပ်နေတာကြောင့် နိုင်ပွဲရယူနိုင်ရေးအားစိုက်လာမှာ သေချာနေပါတယ်။ အိမ်ကွင်းလည်း ဖြစ်ပါတယ်။ ဘရိုက်တန်ကတော့ ခြေစွမ်းပိုင်း သာမန်သာရှိတဲ့အသင်းဖြစ်ပြီး အဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုင်း တည်ငြိမ်မှုမရှိတတ်ပါဘူး။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ အာဆင်နယ်တို့ ဘရိုက်တန်ကို ဖိအားပေးနိုင်ဖို့ရှိနေကာ နိုင်ပွဲလည်းရသွားနိုင်ပါတယ်။

### အဲဗာတန် - ဘန်လေ ည ၇း၄၅ (၁-၁၀-၁၇)

နိုင်ပွဲပြန်ရခဲ့ပြီဆိုပေမယ့် အဲဗာတန်ခြေက အကောင်းဆုံးပုံစံမှာ မရှိသေးပါဘူး။ အိမ်ကွင်းမှာတောင် ဘုန်းမောက်ကို ခက်ခက်ခဲခဲရင်ဆိုင်ခဲ့ရပါတယ်။ ဒီပွဲက အိမ်ကွင်းဖြစ်ပေမယ့်လည်း ယူရိုပါလိဂ်ကစားခဲ့ရတာကြောင့်လည်း ပွဲပန်းလာနိုင်ပါတယ်။ အထူးသဖြင့် ဘန်လေက အဝေးကွင်းပွဲတွေမှာ ခံစစ်ကစားပုံရော တိုက်စစ်ပိုင်းကစားပုံပါ တည်ငြိမ်တာကြောင့် အဲဗာတန်ကို တုံ့ပြန်ကစားနိုင်ခြေရှိနေပါတယ်။ အဲဗာတန် သရေလောက်ပဲရမယ်။

### ကာဆယ် - လီဗာပူး ည ၁၀း၀၀ (၁-၁၀-၁၇)

ကာဆယ်ခြေက ကောင်းမွန်မှုရှိပါတယ်။ အိမ်ကွင်းဖြစ်နေတာကြောင့်လည်း နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ လီဗာပူးကတော့ ခြေစွမ်းပိုင်းအားနည်းမှုအချို့ရှိနေပါတယ်။ အထူးသဖြင့် ခံစစ်ပိုင်းကတည်ငြိမ်မှုမရှိတာကြောင့် ပွဲတိုင်းနီးပါး ဂိုးတွေပေးနေရပါတယ်။ ဒ့ါအပြင် လီဗာပူးအနေနဲ့ ချန်ပီယံလိဂ်လည်း ကစားခဲ့ရမှာဖြစ်တာကြောင့် ပွဲပန်းမှုတွေရှိလာနိုင်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ လီဗာပူးတို့ ရှန်းကန်ရနိုင်ကာ ကာဆယ်တို့ သရေမျှော်လင့်နိုင်ခြေရှိနေပါတယ်။

ငပလီ Oct 4, 6, 13, 20, 27
Hotel Package- 75000
Guest Package- 100000
Hotel Package- 100000
65000
09426669001, 09426669002, 09426669003

ရွှေထူးလွင်
Ph: 09 450044494, 09 450044496

TOP -09 787200619
-09 448087644
-09 770073850

ငွေစင်တိုး ... Oct 3,4
60000
80000
65000
60000
50000
50000
25000
09-420420761, 09-420420762, 09-420420763

## ဦးဇော်နိုင်(ကန်ထရိုက်တာ)(S/OKA-၁၃၃၀၉၅)နှင့် အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ သီတာနွယ်လမ်း၊ အမှတ်(၃၅၀)၊ မြေတိုင်းရပ်ကွက်အမှတ်(နွယ်အေး)၊ မြေကွက်အမှတ်(၃၅၀)၊ မြေငှားစာချုပ်အမည်ပေါက်-ဦးမောင်ဟန်ပိုင်ဆိုင်သည့် မြေကွက်အား မြေရှင်နှင့်ကန်ထရိုက်တာတို့ နှစ်ဖက်သဘောတူ "RC(၅)ထပ်တိုက်သစ် ဆောက်လုပ်ခြင်း ကတိပဋိညာဉ်စာချုပ်"အား ၂၀၁၃ခုနှစ်၊ အောက်တိုဘာလ(၂၁)ရက်တွင် တိုက်သစ်ဆောက်လုပ်ရန်အပ်နှံခဲ့ပါသည်။ လူကြီးမင်းသည် စာချုပ်အပိုဒ်(၁၁)ပါအတိုင်း တစ်နှစ်အတွင်း အပြီးဆောက်လုပ်အပ်နှံရန်ဖြစ်သော်လည်း ယခုအခါ(၄)နှစ်ခန့်ကြာခဲ့ပြီး တိုက်မှာ ပြီးစီးမှုမရှိသဖြင့် လူကြီးမင်းအားအကြိမ်ကြိမ်လိုက်လံရှာဖွေခေါ်ဆောင်သော်လည်း တိမ်းရှောင်နေပြီး ယနေ့တိုင်လာရောက်တွေ့ဆုံခြင်းမရှိခဲ့ပါ၍ လူကြီးမင်းအား ပေးအပ်ထားသည့် ကိုယ်စားလှယ်လွှဲစာအား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်းနှင့် ဆောက်လုပ်ဆဲတိုက်အားလည်း မြေရှင်ဦးမောင်ဟန်၏ သဘောဆန္ဒအတိုင်း ဆက်လက်ဆောင်ရွက်ဆောက်လုပ်သွားမည်ဖြစ်ပါသည်။

ကန်ထရိုက်တာဦးဇော်နိုင်ထံမှ တိုက်ခန်းဝယ်ယူသူများသည် ဦးဇော်နိုင်နှင့်သာ ဖြေရှင်းရန်ဖြစ်ပြီး မြေရှင်နှင့်လုံးဝမသက်ဆိုင်ကြောင်းနှင့် မြေရှင်အမည်ပေါက် ဒေါ်အုန်းသန်းဘက်ခြမ်းမှ ဝယ်ယူထားပြီး ဦးမောင်ဟန်လက်မှတ်ရေးထိုးပေးထားသူများသည် ဦးမောင်ဟန်၏ကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးလှအောင်[၁၂/ဒပန(နိုင်)၀၄၀၄၉၄] နှင့် (၇)ရက်အတွင်း လာရောက်ညှိနှိုင်းဆွေးနွေးပါရန်နှင့် မလာရောက်ပါက မိမိတာဝန်သာဖြစ်ပါသည်။ တိုက်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို (၁၅)ရက်အတွင်း လာရောက်အပ်နှံရန်နှင့် မအပ်နှံပါက တရားဥပဒေအရ စွဲဆိုအရေးယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးလှအောင်**
**မြေရှင်၏တရားဝင်ကိုယ်စားလှယ်[၁၂/ဒပန(နိုင်)၀၄၀၄၉၄]**
**အမှတ်(၃၄၈)၊ သစ္စာနွယ်လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်။**

## အမွေစား အမွေခံ သမီးအဖြစ် မွေးစားခြင်း




BPI ဆေးဝါးစက်ရုံ (အင်းစိန်)

ar;ouu&Zt rEf

ပဲခူးမြို့၊ ဥသျှစ်မြို့သစ်၊ ရပ်ကွက်ကြီး(၁) ဘုရင့်နောင်လမ်း၊ အမှတ်(၂/၂၆၃)နေ ဦးအေးလွင် [၇/ပခန(နိုင်)၁၄၉၉၈၅]၏ ကျောင်းဝင်မှတ်ပုံတင်စာရင်းအရ မွေးသက္ကရာဇ်မှာ ၂၅-၁၂-၁၉၆၀ ဖြစ်ပါကြောင်း။

DM TRAVELS
ချောင်းသာ - ၁၀၀၀၀ ကျပ်
ငွေဆောင် - ၁၃၀၀၀ ကျပ်
09- 25710 3030
09- 25254 5050

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## စက်ရုံနှင့်မော်တော်ယာဉ်ဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတွင် အသုံးပြုရန်အတွက် အောက်ပါ ယာဉ်၊ စက်၊ ယန္တရားများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူမည်ဖြစ်ပါသည်-

| စဉ် | အမျိုးအစား | စီးရေ | လျှောက်လွှာစျေးနှုန်း |
|---|---|---|---|
| (က) | Land Fill Compactor | (၁)စီး | ၁၀၀၀၀ိ/- |
| (ခ) | 10 Tons Bridge Crane | (၁)စုံ | ၂၀၀၀ိ/- |
| (ဂ) | Concrete Cutter | (၁)စုံ | ၅၀၀၀ိ/- |
| (ဃ) | Vibrator Soil Compactor (10)Tons | (၂)စီး | ၁၀၀၀၀ိ/- |
| (င) | Fork Lift (3 Tons) | (၁)စီး | ၂၀၀၀ိ/- |
| (စ) | Double Drum Roller Compactor (Mini) | (၁)စီး | ၂၀၀၀ိ/- |
| (ဆ) | Aerial Boom Lift | (၂)စီး | ၅၀၀၀ိ/- |

၂။ ဝယ်ယူမည့် ယာဉ်စက်ယန္တရားဆိုင်ရာ အချက်အလက်များနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းလွှာများကို ၉-၁၀-၂၀၁၇ ရက်မှ ၃၁-၁၀-၂၀၁၇ ရက်ထိ စက်ရုံနှင့်မော်တော်ယာဉ်ဌာန၌ ရောင်းချမည်ဖြစ်ပြီး ၈-၁၁-၂၀၁၇ ရက် နံနက် ၉ နာရီတွင် အိတ်ဖွင့်တင်ဒါများအား ၂၆ လမ်း၊ ၇၁ လမ်း×၇၂ လမ်းကြား၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၌ ဖွင့်ဖောက်ရွေးချယ်သွားမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဌာနမှူး၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာန ၀၂-၈၀၁၅၇၊ ၀၂-၈၁၃၁၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဌာနမှူး**
**စက်ရုံနှင့်မော်တော်ယာဉ်ဌာန**

## ဖခင်အမည်မှန်

ပြည်မြို့၊ အထက(၅)၊ ဒသမတန်း (C)မှ မောင်ကောင်းခန့်၏ ဖခင်အမည်မှန်မှာ ဦးမောင်လာ[၁၁/မပန(နိုင်)၀၆၆၄၉၄]ဖြစ်ပါသည်။

**ဦးမောင်လာ**

## တစ်ဦးတည်းဖြစ်ကြောင်း

အမှတ်(၅)ရပ်ကွက်၊ အမှတ်(၁၀၂၄/၅)၊ ဇီဇဝါလမ်း၊ လှိုင်သာယာမြို့နယ်၊ အနောက်ပိုင်းတက္ကသိုလ် ပထမနှစ် ပထဝီမေဂျာတွင် ပညာသင်ကြားနေသော (ဘ)ဦးစောကျော်ရွှေ [၁၂/ဥကမ(နိုင်)၀၈၉၁၃၇]၏ တစ်ဦးတည်းသောသား မောင်စောဖြိုးဝေနှင့် ဘွဲ့အယ်ဝါးအမည်မှာ တစ်ဦးတည်းဖြစ်ကြောင်း။

## သွေးသည်အသက်

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိတို့ကုမ္ပဏီ၏မူပိုင်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

... MYANMAR LEKKHAMOUN COMPANY LIMITED ...




... "WLC" ... "WORLD LETHWEI CHAMPIONSHIP" ... MYANMAR LEKKHAMOUN Co.,Ltd. ... Internet, Website, Facebook ...

လွှဲအပ်ညွှန်ကြားချက်အရ -
ဦး... B.A, B.L, DIR, DMA
ဒေါ်... LL.B, DBL



နိုင်ကမ္ဘာ
ဖုန်း ၀၉ ၄၅၀၈၅၀၅၃၁
၀၉ ၄၅၀၈၅၀၅၃၂

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၄)ရပ်ကွက်၊ ရွှေယင်းမာ(၃)လမ်း၊ မြေကွက်အမှတ်(၁၃၇၇/ခ)၊ ပေ(၂၀×၆၀)ရှိ ဦးတင်မြ(HGU-၁၂၉၈၈၁) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးတင်လှ[၁၂/ပဇတ(နိုင်)၀၂၅၈၄၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို စာရွက်စာတမ်း မူရင်းအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ယနေ့မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်နိုင်စိုး (LL.B) အထက်တန်းရှေ့နေ(စဉ်-၄၈၅၈၇)**
**ရှေ့နေများနားနေခန်း**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံးဝင်း၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၆၆၀၅၅၃၀၇**

# လက်တွေ့အသုံးချဆေးနည်းတိုများ(၃၄)

ကြည်လွင်မြင့်(မုဒြာ)

**ဆရာ မျက်စိအဖြူကျိန်းပြီး အောင့်နေပါတယ်။ ဘာဆေးသုံးရမလဲဆရာ။**

မန်ကျည်းခေါက် ဆားနဲ့သွေးကွင်းပေးပါ။ နေရောင် မကြည့်ပါနဲ့။ ဆရာဝန်ညွှန်ကြားတဲ့ မျက်စဉ်းခတ်ပါ။

**ဆရာ ကျွန်တော် ညဘက်ဆို အာခေါင်တွေခြောက်ပြီး ရေဆာသလိုဖြစ်ပါတယ်။ တံတွေး မကြာခဏမျိုရပြီး လည်ချောင်းနာသလိုဖြစ်ပါတယ်။ အဲဒါ ဘာရောဂါလက္ခဏာလဲဆရာ။ ရှင်းပြပေးစေလိုပါတယ်။**

အာခေါင်ခြောက်တာ အစာအိမ်လေပူရောဂါလက္ခဏာလည်း ဖြစ်နိုင်ပါတယ်။ ညစာစားပြီးနောက် ဖီးကြမ်းငှက်ပျောသီးမှည့် တစ်လုံး၊ နှစ်လုံး ပုံမှန်စားပေးပါ။ အိပ်ရာဝင်ခါနီး ရေအေးတစ်ခွက်သောက်ပါ။ ညစာမှာ ဆီနဲ့အပူအစပ်တွေ မပါစေနဲ့။

**ဆရာ ကျွန်တော့်ဇက်က ငုံ့လိုက်၊ မော့လိုက်ရင် တင်းနေပြီး အနှိပ်ခံလိုက်ရင်တော့ သက်သာသွားပါတယ်။ အာရုံကြောလား၊ အရိုးကျီးပေါင်းလား မသိလို့ ပြောပြပေးပါ ဆရာ။**

အထိုင်များ၊ အာရုံစိုက်တာများတဲ့သူတွေမှာ လည်ပင်းနဲ့ ဇက်ခိုင်တောင့်တင်းတဲ့ ရောဂါဖြစ်တတ်ပါတယ်။ နောက်ဆက်တွဲကြာရင် လည်ပင်းရိုးဆစ်ကျီးပေါင်းရောဂါလည်းဖြစ်နိုင်ပါတယ်။ တစ်နာရီ စာကြည့်ပြီးတိုင်း အနားပေးဖို့၊ ဇက်လေ့ကျင့်ခန်းလုပ်ပေးဖို့ လိုအပ်တယ်။ မျက်နှာသစ်တဲ့အခါတိုင်း ရေကိုလက်ခုပ်နဲ့ယူပြီး ကိုယ့်ဇက်ပိုးကို ရိုက်ပေးပါ။ ဇက်ခိုင်တောင့်တင်းရောဂါ ပျောက်ကင်းစေနိုင်ပါတယ်။

**ဆရာခင်ဗျာ ကျွန်တော့်အောက်နှုတ်ခမ်းတွေ အမြဲတမ်းလိုလို ခြောက်နေလို့၊ တစ်ခါတစ်ရံကွဲလို့ နေရခက်ပါတယ်။ ရေလည်း နေ့စဉ် အမြဲသောက်ပါတယ်။ မသက်သာလို့ ပျောက်ကင်းမယ့်နည်းလမ်းရှိရင် လမ်းညွှန်ပေးပါဆရာ။**

အပူ၊ အစပ် အငန် ရှောင်ပါ။ ငှက်ပျောအူ၊ ငှက်ပျောဖူး ချက်စားပါ။ ညအိပ်ရာဝင် ဒူးအောက်ပိုင်းရေလောင်းခြေဆေး ညစဉ်ရက်ဆက်ပြုလုပ်ပါ။ နှုတ်ခမ်းကွဲပြီး အဖတ်လန်ရင် အလှဆီ၊ သံလွင်ဆီ၊ အုန်းဆီတို့ပေးပါ။ ကွမ်းသီးခြမ်းကို သွေးပြီး နှမ်းဆီနဲ့သုတ်လိမ်းပေးပါ။ မန်ကျည်းသီးအစေ့ကို သွေးပြီး လိမ်းပေးပါ။ ထောပတ်နဲ့ နှမ်းဆီရောပြီးလိမ်းပေးပါ။ မနက်စောစော ထမင်းရည်ပူပူကို ဆားခတ်ပြီး သောက်ပေးပါ။

**ဆရာရှင့် ကျွန်မသားလေးက အသက် သုံးနှစ်ရှိပါပြီ။ စကားပြောတာ ထစ်နေပါတယ် ဆရာ။ ပျောက်ကင်းနိုင်မယ့်ဆေးနည်း သိချင်ပါတယ်ရှင့်။**

မြင်းခွာရွက် နှစ်ရွက်၊ သုံးရွက်ကို ညဘက်ကတည်းက ရေစိမ်ထားပြီး မနက်စောစော (အစာမစားခင်) ဝါးစားပေးရင် စကားထစ်ပျောက်တယ်လို့ ဆေးမြီးတိုကျမ်းတွေမှာပါတယ်။ ကလေးကို ချော့ကျွေးကြည့်ပါ။

**ဆရာ ခင်ဗျာ၊ ရဲယိုရွက်နဲ့ရှောက်ရွက်က သွေးတိုးသမားနဲ့ တည့်ပါသလား။ သွေးတိုးသမားနဲ့ အသင့်တော်ဆုံး ဟင်းသီးဟင်းရွက်က ဘာတွေဖြစ်မလဲ ဆရာ။**

ရဲယိုရွက်နဲ့ရှောက်ရွက်က သွေးတိုးသမားနဲ့တည့်ပါတယ်။ အသင့်တော်ဆုံးက ဒန့်သလွန်ရွက်ပါ။

**ဆရာရှင့် အမေက အသက် (၇၁) နှစ်ပါ။ ညာဘက်တစ်ခြမ်း လေဖြန်းသွားလို့ပါ။ ပါးစပ်နည်းနည်းရွဲ့ပြီး လျှာလိပ်နေပါတယ်။ စကားမပြောနိုင်ပါ။ ဆေးစစ်ချက်အရ ဦးနှောက်သွေးကြောတော့ မပေါက်ဘူးဆရာ။ ဘာဆက်လုပ်သင့်တယ်ဆိုတာ ကူညီပေးပါရှင့်။**

ဆေးရုံပေါ်မှာ ဆရာဝန်ကြီးတွေရဲ့ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ပါ။ ဆေးရုံက ဆင်းပြီးတဲ့အခါမှ စကားမပီသေးရင် စပါးကြီးသည်းခြေရှာပါ။ ရွှေးစေ့လောက် လျှာပွတ်ပေးပါ။ တစ်နေ့ လေးကြိမ်ထိ ပွတ်နိုင်ပါတယ်။ ညာဘက်ခြေဖဝါးကို ဆားကြမ်းနဲ့ပွတ်ပြီး ရေဖတ်တိုက်ပေးတာနဲ့လည်း အထောက်အကူဖြစ်နိုင်ပါတယ်။

**ဆရာခင်ဗျာ ကျွန်တော့်ခန္ဓာကိုယ်မှာရှိတဲ့ အဆစ်တွေအားလုံး နာကျင်နေပါတယ်။ လမ်းကောင်းကောင်း မလျှောက်နိုင်ပါ။ လမ်းလျှောက်များရင် ခြေဆစ်တွေရောင်လာပါတယ်။ အကိုက်အခဲပျောက်ဆေးတွေ သောက်တုန်းတော့ သက်သာပါတယ်။ ပြန်ပြန်နာပါတယ်။ ပျောက်နိုင်မယ့်ဆေးနည်းတိုလေးတွေ ပြောကြားပေးပါ။**







လေးဖက်နာဖြစ်နိုင်ပါတယ်။ တောင်မုရိုးပင်ခေါက် (ပရဆေးဆိုင်မေးဝယ်) အမှုန့်ကြိတ်ပြီး ပျားရည်နဲ့တေ့စားပါ။ ဟင်းစားဇွန်းတစ်ဇွန်းနဲ့ တစ်ကြိမ်၊ နှစ်ကြိမ် မနက်၊ ည ပုံမှန်စားပေးပါ။ အဆစ်ရောင် လေးဖက်နာ ပျောက်နိုင်ပါတယ်။

**မင်္ဂလာပါ ဆရာကြီးရှင့်။ သမီး ဆီးကျဉ်နေတာ တစ်နှစ်လောက်ရှိပါပြီ။ အစက တစ်လမှာ တစ်ခါလောက် ကျဉ်ပါတယ်။ အခု တစ်ပတ် နှစ်ခါလောက် ကျဉ်နေပါတယ်ရှင့်။ ဆရာကြီးစာတွေဖတ်ကြည့်တော့ ကြက်သွန်နီနဲ့သံပရာရည်သောက်ရမယ်ဆိုတော့ သမီးက ကြက်သွန်နီအနံ့ကို မခံနိုင်လို့ပါရှင့်။ တခြားဆေးနည်းလေး ကျေးဇူးပြုပြီး ပြောပြပေးပါရှင့်။**

ဆန်ဆေးရည်မှာ သကြားထည့်သောက်ပါ။ ဆန်ဆေးရည်အကြည်ကိုယူပါ။ တစ်ဖန်ခွက် နေ့စဉ်သောက်ပါ။ မြင်းခွာရွက်ကို နေရိပ်မှာ အခြောက်လှန်းပြီး လက်ဖက်ခြောက်လို ရေနွေးမှာ ခတ်သောက်ရင်လည်း ဆီးကျဉ်ရောဂါ ပျောက်နိုင်ပါတယ်။ စွဲသောက်ဖို့တော့ လိုပါတယ်။

**ဆရာ ကလေးက အသက် ၁၁ လပါ။ အထက်လှန်အောက်လျှောဖြစ်လို့ ဆေးရုံတက်ရပါတယ်။ သုံးရက်တက်ပြီး သက်သာသွားလို့ ပြန်ဆင်းလာပါတယ်။ အိမ်ပြန်ရောက်တော့ ဝမ်းက အနည်းငယ်လျှောနေပါသေးတယ်။ ဘယ်လိုဆေးမျိုး တိုက်ပေးရပါမလည်း။**

လက်ဖက်ခြောက် ဟင်းစားဇွန်း သုံးဇွန်း၊ သကြားဟင်းစားဇွန်း သုံးဇွန်း ရေနွေးမတ်ခွက်တစ်လုံးမှာ ရောကျိုဆားလှော်သင့်ရုံထည့်၊ ဖြည်းဖြည်းချင်းတိုက်ပါ။ ဝမ်းတဖြည်းဖြည်းရပ်သွားပါလိမ့်မယ်။

**ဆရာရှင့် ကျွန်မသားက မျက်ခုံးမွေးရှိပြီး ကျဲပါတယ်။ အရောင်က အနက်ရောင်မဖြစ်ဘဲ ဖျော့နေပါတယ်။ ကွမ်းရိုးနဲ့ဆွဲပေးပါတယ်။ သိပ်မထူးခြားလို့ပါဆရာ။ ဆံပင်လည်း ထူစေချင်ပါတယ်။ ဘယ်လိုလုပ်ပေးလို့ ရနိုင်မလဲရှင့်။**

ကြိတ်မှန်ရွက် အရည်ညှစ်၊ လက်ဖက်စိမ်း အရည်ညှစ် နှစ်မျိုးရောစပ် မျက်ခုံးမှာတို့ပေးပါ။ လက်နဲ့အနည်းငယ် ဖိပွတ်ပေးပါ။ ဦးခေါင်းမှာ အုန်းဆီနဲ့ရောစပ်လိမ်းပါ။

**ဆရာရှင့် ရိုသေလေးစားစွာကန်တော့ပြီး မေးလိုက်ပါတယ်ရှင့်။ သမီးက အပျိုပါ။ ရင်သားထိပ်နီရဲပြီး ယားပါတယ်ရှင့်။ ဘာလုပ်ရမယ်ဆိုတာ ကျေးဇူးပြုပြီး ဆေးနည်း ပြောပေးစေလိုပါတယ်ရှင့်။**

ဆားရေနွေးနဲ့ဆေးပါ။ သနပ်ခါးအမြစ်နဲ့ ဆားအနည်းငယ်ရောသွေးပြီး လိမ်းပေးပါ။ အတွင်းခံအကျီကို လျှော်ဖွပ်ပြီး နေရောင်ခြည်မှာ ခြောက်သွေ့အောင် နေလှန်းပြီးမှ ဝတ်ဆင်ပါ။

**ဆရာရှင့် သမီးရဲ့နားရွက်နောက်မှာ အကျိတ်လို အဖုထွက်လာပါတယ်ရှင့်။ ဆေးခန်းပြတော့ ခွဲစိတ်ရမယ်လို့ပြောပါတယ်ရှင့်။ မခွဲစိတ်ရဘဲ လိမ်းဆေးနဲ့ပဲ ပျောက်ချင်ပါတယ်။ အကြံဉာဏ်တွေ ပေးစေလိုပါတယ်ရှင့်။**

ဇာတိပ္ဖိုလ်သီးအဆန် သွေးလိမ်းပေးပါ။ တကယ်လို့ မရခဲ့ရင် ဥသျှစ်သီးအခွံကို သွေးလိမ်းရင်လည်း ပျောက်နိုင်ပါတယ်။

**ဆရာရှင့် လက်အကြောကပ်တဲ့ရောဂါဖြစ်နေပါတယ်ရှင့်။ ညာဘက်လက်သူကြွယ် ဒုတိယအဆစ်မှာ ကွေးပြီး ပြန်ဆန့်ရင် ထစ်နေသလို ခံစားရပါတယ်။ မနက်မိုးလင်း အိပ်ရာထချိန် လက်ကွေးလိုက်ရင် သူ့ဘာသာပြန်ဆန့်မရပါ။ နောက်လက်တစ်ဖက်နဲ့ ဆွဲဆန့်ရပါတယ်။ အင်္ဂလိပ်ဆေးခန်းပြတာ ခွဲစိတ်ကုသရမယ်လို့ ပြောပါတယ်။ မခွဲဘဲ တိုင်းရင်းဆေးနည်းနဲ့ ကုလို့ရပါသလားဆရာ။ တစ်နှစ်ခွဲအရွယ်ကလေးကို နို့တိုက်နေရလို့ ဆေးအပူလည်း မလိမ်းဖြစ်ပါ။ သင့်တော်မယ့်ဆေးနည်းတွေ ညွှန်ပြပေးစေလိုပါတယ်ဆရာ။**

လက်ဖဝါးအတွင်း လက်ဆစ်ရဲ့အရင်းမှာ ကျီးပေါင်းရှိလို့ဖြစ်တာပါ။ သံပရာသီးခြမ်းနဲ့ ပွတ်ပေးပါ။ သက်ရင်းကြီးရွက် မီးကင်ပြီး လက်ဖဝါးမှာကပ် ပတ်တီးစည်းထားပေးပါ။ ၁၀ ရက်လောက် စိတ်ရှည်ရှည်ပြုလုပ်ပါ။ သက်သာလာပါလိမ့်မယ်။

**ဆရာ ခင်ဗျာ၊ ကျွန်တော် စကားများများပြောရင် အသံဝင်သလို ကပ်ကပ်လာတယ်။ အိပ်ရေးနည်းနည်းပျက်တာနဲ့ အသံဝင်လာတယ်။ လည်ပင်းထဲမှာ ချွဲတွေတစ်သလို ခံစားရပါတယ်။ တစ်ခါတစ်ရံ ချောင်းဟန့်ရင် သလိပ်အခဲတုံးတွေ ထွက်ပါတယ်။ ဘယ်လိုဆေးဝါးတွေ မှီဝဲရမယ်ဆိုတာ ညွှန်ကြားပေးစေလိုပါတယ်။**

တိုင်းရင်းဆေး အမှတ်(၁) မက်လင်ချဉ်လျက်ဆား (သလိပ်ပုပ်နိုင်ဆေး)ကို ပရဆေးဆိုင်မှာ မေးဝယ်ပါ။ လျက်လည်းလျက်၊ ရှောက်ရည်နဲ့လည်း ဖျော်သောက်ပါ။ ဓာတ်စာအဖြစ် ပြည်ပန်းညိုရွက်ကို ဟင်းချိုချက်သောက်ရင်လည်း အသံဝင်သက်သာစေနိုင်ပါတယ်။

**ဆရာရှင့် ကျွန်မအမေက အသက် (၆၆) နှစ်ရှိပါပြီ။ မကြာခဏ ခါးနာတတ်ပါတယ်။ အခု မန်ကျည်းသီးမှည့် ကောက်ရင်း ခါးမျက်သွားတာ အိပ်ရာထဲက မထနိုင်လို့ သက်သာမယ့်ဆေးနည်းတွေပေးပါရှင့်။**

သက်ရင်းကြီးရွက် ခုနစ်ရွက်ကို ခါးတည့်တည့် အိပ်ရာအောက်မှာ ခင်းအိပ်ပါ။ မုန်ညင်းဆီ ငါးကျပ်သားမှာ ချင်းပါးပါးလှီး ခုနစ်လွှာထည့် မီးနဲ့ဆူအောင် ချက်ထားပါ။ အဲဒီဆီကို ခပ်နွေးနွေး ခါးမှာလိမ်း အဝတ်ပတ်စည်းထားပါ။ ဓာတ်စာအနေနဲ့ ကြောင်လျှာပွင့်သုပ်ကျွေး၊ ဒန့်သလွန်ရွက်ဟင်းချိုချက်တိုက်ပါ။

**ဆရာတစ်ခုလောက် မေးခွင့်ပြုပါ။ ကျွန်တော့်ဦးခေါင်းနောက်စေ့မှာ အကျိတ်လို အဖုလေးထွက်နေပြီး တစ်ချက်တစ်ချက် ခေါင်းမူးမူးနေပါတယ်။ အန္တရာယ်ရှိပါသလား ဆရာ။ ဘာဆေးသောက်သင့်ပါသလဲ ခင်ဗျာ။**

ဆားခါးကို အဝတ်နဲ့ထုပ် ကြပ်ထုပ်ပြုလုပ်ပြီး ရေနွေးငွေ့ခံပြီး အပူပေးပါ။ အကျိတ်ကို ထိုးပေးပါ။ အကျိတ်တဖြည်းဖြည်းသေးလာပြီး ခေါင်းမူးလည်း သက်သာစေနိုင်ပါတယ်။

**ဆရာရှင့် မကြာခဏ ခြေသလုံးကြွက်တက်လို့ပါ။ လူကလည်း ဝပါတယ်။ အိပ်ရာဝင်ခါနီးအချိန်မှာ ပိုပြီး တက်လေ့ရှိပါတယ်။ ဆေးနည်းလေးပေးပါ ဆရာ။**

ကြွက်တက်တဲ့အချိန်မှာ ပက်လက်အိပ်ပြီး ခြေထောက်ကို နောက်ပြန်အဆုံးထိရနိုင်သလောက် ကွေးပြီး ခြေကျင်းဝတ်ကို ဖိထားတဲ့ ခန္ဓာကိုယ်ရဲ့ဘေးကို ရောက်နိုင်သလောက် တခြားသူ တစ်ယောက်ကို ဆွဲထုတ်ခိုင်းပါ။ ခြေချောင်းများကို ရင်ဘတ်ထိအောင်ဆွဲပြီး ကပ်ထားပေးပါ။ ကျသွားတော့မှ ပြန်ဆန့်ထုတ်ပါ။ ကြွက်တက်သူတွေရဲ့ တံကောက်ခွက်ထဲကို စမ်းကြည့်ရင် အလုံးအဖု တွေ့ရတတ်ပါတယ်။ မုန်ညင်းဆီ ဒါမှမဟုတ် နှမ်းဆီကို မီးနဲ့အပူပေးပြီး အဲဒီ တံကောက်ခွက်ထဲကို စိမ့်ဝင်အောင် နာနာပွတ်ပေးပါ။ ပြီးရင် အဝတ် ဒါမှမဟုတ် ပတ်တီးနဲ့ တစ်နာရီလောက် စည်းထားပေးပါ။ တံကောက်ခွက်အကြောတွေ ပျော့လာရင် ကြွက်တက်သက်သာစေနိုင်ပါတယ်။ ညအိပ်ခါနီးတိုင်း သံပရာဖျော်ရည်မှာ ဆားလေးလေးထည့်ဖျော် သောက်ရင်လည်း ကြွက်တက်သက်သာစေနိုင်ပါတယ်။ ။

# သုတေသနစာတမ်းဖတ်ပွဲနှင့် Product Show 2017 ကျင်းပ

**တောင်ကြီး စက်တင်ဘာ ၂၉**

ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး) ပထမအကြိမ် သုတေသနစာတမ်းဖတ်ပွဲနှင့် Product Show 2017 ကို စက်တင်ဘာ ၂၉ ရက် နံနက် ၉ နာရီက အဆိုပါကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က တက္ကသိုလ်၏အသက်သည် သုတေသနဖြစ်သည့်အတွက် ဆရာ ဆရာမများအနေဖြင့် ဘာသာရပ်ဆိုင်ရာ သုတေသနများ ဆောင်ရွက်ခြင်းနှင့် သုတေသနများ၏ ရလဒ်များကို ယခုလိုသုတေသနစာတမ်းဖတ်ပွဲများ ကျင်းပပေးခြင်းဖြင့် စဉ်ဆက်မပြတ် သုတေသနဆောင်ရွက်မှုများကိုလည်း အားပေးပါကြောင်း၊ ကွန်ပျူတာတက္ကသိုလ် (တောင်ကြီး)မှ သုတေသနစာတမ်း ခြောက်စောင်၊ ကွန်ပျူတာတက္ကသိုလ် (လားရှိုး)မှ သုတေသနစာတမ်း သုံးစောင်၊ ကွန်ပျူတာတက္ကသိုလ် (ပင်လုံ)မှ သုတေသနစာတမ်း နှစ်စောင်၊ ကွန်ပျူတာတက္ကသိုလ် (လွိုင်ကော်)မှ သုတေသနစာတမ်း သုံးစောင်၊ ကွန်ပျူတာတက္ကသိုလ် (ကျိုင်းတုံ)မှ သုတေသနစာတမ်း သုံးစောင် စုစုပေါင်း စာတမ်း ၁၇ စောင်တို့ကို ဖတ်ကြားမှာဖြစ်သည့်အတွက် ဝမ်းမြောက်ကြိုဆိုပါကြောင်း၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်အတွင်းရှိ ကွန်ပျူတာတက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများအနေဖြင့် Product များ ဖန်တီးပြသရာတွင် ကွန်ပျူတာတက္ကသိုလ် (တောင်ကြီး)မှ Product ၁၇ ခု၊ ကွန်ပျူတာတက္ကသိုလ် (ပင်လုံ)မှ Product ၁၀ ခု၊ ကွန်ပျူတာတက္ကသိုလ် (လားရှိုး)မှ Product ခြောက်ခု၊ ကွန်ပျူတာတက္ကသိုလ် (လွိုင်ကော်)မှ Product ခြောက်ခု၊ ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ)မှ Product သုံးခု စုစုပေါင်း Product အမျိုးအစား ၄၂ ခုကို ပြသခဲ့သည့်အတွက် အလွန်ဝမ်းမြောက်ဂုဏ်ယူသည်ကို ထပ်လောင်းပြောကြားလိုကြောင်း၊ တက္ကသိုလ်များအနေဖြင့် ကမ္ဘာ့အဆင့်မီ ပညာရေးနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် တက္ကသိုလ်များဖြစ်လာစေရန် ဆရာ ဆရာမများအနေဖြင့် အစဉ်တစိုက် ကြိုးပမ်းအားထုတ်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသွားသည်။



ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းနှင့် ကွန်ပျူတာတက္ကသိုလ် တောင်ကြီး ပါမောက္ခချုပ် ဒေါက်တာသင်းသုနိုင်တို့က ကွန်ပျူတာတက္ကသိုလ် (တောင်ကြီး) ပထမအကြိမ် သုတေသနစာတမ်းဖတ်ပွဲနှင့် Product Show 2017 အခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကွန်ပျူတာတက္ကသိုလ်တောင်ကြီး ပါမောက္ခချုပ် ဒေါက်တာသင်းသုနိုင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့သည် ကွန်ပျူတာတက္ကသိုလ် (တောင်ကြီး၊ လားရှိုး၊ ပင်လုံ၊ ကျိုင်းတုံ၊ လွိုင်ကော်) တို့မှ ကျောင်းသား ကျောင်းသူများရေးသားဖန်တီးထားသည့် Product များအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# အပြည်ပြည်ဆိုင်ရာစစ်တုရင်ပြိုင်ပွဲဖွင့်

**မန္တလေး စက်တင်ဘာ ၂၉**

မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်နှင့် မန္တလေးတိုင်းဒေသကြီး စစ်တုရင်ဆပ်ကော်မတီတို့ ပူးပေါင်းကျင်းပသည့် တတိယအကြိမ် GMဇော်ဝင်းလေးအမှတ်တရ အပြည်ပြည်ဆိုင်ရာစစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၉ ရက် နံနက် ၉ နာရီက မန္တလေးမြို့ မဟာအောင်မြေမြို့နယ် (၅၃) လမ်းရှိ Hotel Hazel ခန်းမ၌ ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် မန္တလေးတိုင်းဒေသကြီး စစ်တုရင်ဆပ်ကော်မတီအတွင်းရေးမှူး ဦးနေဝင်းတို့က စစ်တုရင်ပထမရွှေ့ကွက်ကို ရွှေ့၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။ ပြိုင်ပွဲကို စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ရန်ကုန်၊ မန္တလေးအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ စစ်တုရင်အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူး ဦးဝေဇင်၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)ကျောင်းအုပ်ကြီး ဦးမျိုးမြင့်အောင်၊ မန္တလေးခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မွန်လတ်နှင့်တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး စစ်တုရင်ဆပ်ကော်မတီဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ပြိုင်ပွဲဒိုင်ချုပ်နှင့် ဒိုင်လူကြီးများ၊ ကြီးကြပ်သူများ၊ စစ်တုရင်ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

**သီဟကိုကို(မန္တလေး)**

# စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ကျောက်တန်း စက်တင်ဘာ ၂၉**

(၅၃) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ် (၇) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှူး ဒု-ရဲမှူးကြီးကျော်ဇင်၏ဦးဆောင်မှုဖြင့် ဌာနချုပ်တပ်ခွဲမှ ရဲမှူးဟိန်းမင်းထက်ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်မိသားစု ၁၀၆ ဦးတို့သည် စက်တင်ဘာ ၂၇ ရက်က ကျောက်တန်းမြို့ အေးမြသီတာရပ်ကွက်ရှိ ရဲတပ်ရင်းကျောင်း၌ ချုံနွယ် သစ်ပင်သစ်ကိုင်းများခုတ်ထွင်၍ စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြသည်။

**အောင်ဆွေ(ရွှေတံတား)**

# မုံရွာကလေးစာပေပွဲတော်သို့လာရောက်ကြမည့်ကလေးငယ်များ သွားလာမှု အဆင်ပြေစေရန် မုံရွာတက္ကသိုလ်အတွင်း ကားအစီး ၄၀၀ တစ်ပြိုင်တည်းထားနိုင်ရန်စီစဉ်

**မုံရွာ စက်တင်ဘာ ၂၉**

အောက်တိုဘာ ၁၃၊ ၁၄ နှင့် ၁၅ ရက်တို့တွင် ကျင်းပမည့် မုံရွာကလေးစာပေပွဲတော်သို့ လာရောက်ကြမည့် ကလေးငယ်များသွားလာမှုအဆင်ပြေစေရန် မုံရွာတက္ကသိုလ်အတွင်း ကားအစီး ၄၀၀ တစ်ပြိုင်တည်းထားနိုင်ရန်စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရလူမှုရေးဝန်ကြီးဒေါက်တာဇော်ဝင်းထံမှသိရသည်။

"ပွဲတော်လာမယ့်ကားတွေထားလို့ရအောင်မုံရွာတက္ကသိုလ်ဝင်းထဲမှာစီစဉ်နေပါတယ်။ တက္ကသိုလ်ထဲကကားအစီး ၄၀၀ လောက်တစ်ပြိုင်တည်းထားနိုင်တဲ့အကျယ်အဝန်းရှိတဲ့အတွက်အဆင်ပြေပါတယ်"ဟု ဝန်ကြီးဒေါက်တာဇော်ဝင်းကပြောပြသည်။

စက်တင်ဘာ ၂၆ ရက်က ကလေးစာပေပွဲတော်ကျင်းပမည့် မုံရွာတက္ကသိုလ်အတွင်း ကြိုတင်ဆောင်ရွက်မှုများစတင်နိုင်ရန်အတွက် လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်း၊ တိုင်းဒေသကြီးအတွင်းရေးမှူး၊ တိုင်းဒေသကြီးပြန်/ဆက်ဦးစီးမှူး၊ ဆောက်လုပ်ရေးဌာန၊ စည်ပင်သာယာရေးဌာန၊ မီးသတ်ဌာနစသည့် အဖွဲ့အစည်းအသီးသီးဖြင့် တက္ကသိုလ်အတွင်းကွင်းဆင်းကာ စတင်ဆောင်ရွက်ရန်များကို ဆွေးနွေးကာ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

" လက်ရှိကတော့တက္ကသိုလ်ဝင်းထဲမှာ ပြခန်းဆောက်မှာဖြစ်ပါတယ်။ လောလောဆယ် ပြခန်းက ၂၀ ခန်းပြမှာပါ။ ပညာရေး၊ နတလ၊ ကျန်းမာရေး၊ မီးသတ်၊ လူကယ်ပြန်၊ ရဲတပ်ဖွဲ့စတာတွေပါပါမယ်။ ၁၈ လက်မ × ၁၅ လက်မအရွယ် ကလေးစာပေပွဲတော် နံရံကပ်ပိုစတာ ၁၅၀၀ ကို မုံရွာမြို့ပေါ်နေရာအနှံ့မှာ ကပ်နေပါပြီ"ဟု စစ်ကိုင်းတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးဝင်းမြိုင်က ပြောပြသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



# မြစိမ်းရောင်ကျေးရွာ ကြီးကြပ်မှုကော်မတီဖွဲ့စည်း

**ညောင်တုန်း စက်တင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာ (၉)ယူနစ်အား စက်တင်ဘာ ၂၁ ရက်မှ ၂၅ ရက်အထိ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်း၊ ညောင်တုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးတင်ထွန်းအောင်၊ မြို့နယ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဝင်များ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့်အတူ စီမံကိန်းကျေးရွာများသို့ ကွင်းဆင်း၍ မြစိမ်းရောင်ကျေးရွာ ရန်ပုံငွေကြီးကြပ်မှုကော်မတီများ ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

# ငြိမ်းချမ်းရေးဂီတပွဲတော်သီချင်းဆိုပြိုင်ပွဲ ပဏာမအသံစစ်ဆေး

**ဘားအံ စက်တင်ဘာ ၂၉**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ငြိမ်းချမ်းရေးဂီတပွဲတော် (Peace Music Festival) ငြိမ်းချမ်းရေး သီချင်းဆိုပြိုင်ပွဲကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံတစ်ဝန်း၌ ကျင်းပပေးလျက်ရှိရာ ဘားအံမြို့၌ Voice Only ပဏာမအသံစစ်ဆေးခြင်းကို စက်တင်ဘာ ၂၈ ရက် နံနက် ၈ နာရီခွဲမှစ၍ အမှတ်(၄) ရပ်ကွက် ကန်သာဦးခန်းမ၌ ကျင်းပသည်။

ငြိမ်းချမ်းရေးဂီတပွဲတော်(Peace Music Festival) ငြိမ်းချမ်းရေး သီချင်းဆိုပြိုင်ပွဲ Voice Only ပဏာမအသံစစ်ဆေးခြင်းကို ပြည်နယ်အတွင်းရှိ ဘားအံ၊ ကော့ကရိတ်၊ မြဝတီ၊ လှိုင်းဘွဲ့ အစရှိသည့် မြို့နယ်ခုနစ်မြို့နယ်မှ တေးချစ်သူဂီတဝါသနာရှင်ဦးရေ ၂၀၀ ကျော် လာရောက်အသံစစ်ဆေးခဲ့ကြပြီး ၎င်းတို့အနက် ပဏာမ ၁၀ ဦးကို ရွေးချယ်ပြီး အောက်တိုဘာ ၁ ရက်တွင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ဘားအံမြို့၏ လက်ရွေးစင် သုံးဦးကို ရွေးချယ်မည်ဖြစ်ပြီး အဆိုပါသီဆိုရွေးချယ်မှုကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်သည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရခိုင်ပြည်သူများကိုလှူဒါန်းရန် ပန်းချီဆရာများ၏ ပန်းချီကားများ ပြသရောင်းချ

**မြင်းခြံ စက်တင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ မာလာဟေဝန်မြိုင်ပန်းခြံအတွင်း၌ မြင်းခြံမြို့ရှိ ပန်းချီဆရာများ စုပေါင်း၍ ရခိုင်ပြည်သူများအားလှူဒါန်းရန် ပန်းချီကားများပြသရောင်းချခြင်းကို စက်တင်ဘာ ၂၈ ရက် နံနက် ၈ နာရီက စတင်ပြသခဲ့ကြောင်း သိရသည်။

မြင်းခြံမြို့မှ ပန်းချီဆရာများသည် ရခိုင်ပြည်သူများအား လှူဒါန်းရန် 'ဧရာဝတီမှသည်ကစ္ဆပနဒီသို့' အမည်ဖြင့် ရေဆေးပန်းချီကားများကို မာလာဟေဝန်မြိုင်ပန်းခြံအတွင်း ခင်းကျင်းပြသကာ ပန်းချီကားများကို ရောင်းချ၍ရောင်းချရငွေ၏တစ်ဝက်အား ရခိုင်ပြည်သူများသို့ လှူဒါန်းသွားမည်ဖြစ်သည်။

ယခုပန်းချီပြပွဲကို ပန်းချီဆရာ ဦးရဲဝင်း (82 Art Gallery) က ဦးဆောင်စီစဉ်ခဲ့ပြီး ပန်းချီ ချစ်သော်၊ ပန်းချီကျော်သန်းအစရှိသည့် ပန်းချီဆရာများ၏ ပန်းချီကားများအပြင် ကျောင်းသား ကျောင်းသူများ၏ ပန်းချီကားများကိုပါ ပြသရောင်းချပေးသွားမည်ဖြစ်သည်။

ပန်းချီ ချစ်သော်က ယခုပန်းချီပြပွဲတွင်ပြသထားသော ပန်းချီကားများမှာ မူရင်းတန်ဖိုး၏ထက်ဝက်ခန့် လျှော့ချပြီး ရောင်းချခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ဈေးလျှော့ရောင်းချရခြင်းမှာ ပန်းချီနှစ်သက်မြတ်နိုးသူများ ဝယ်ယူနိုင်အောင်နှင့် ပန်းချီကားများရောင်းချရလေ ရခိုင်ပြည်သူများအား များများလှူဒါန်းနိုင်လေဖြစ်ကြောင်း ပြောသည်။

ရခိုင်ပြည်သူများအားလှူဒါန်းရန် 'ဧရာဝတီမှသည်ကစ္ဆပနဒီသို့' ပန်းချီပြပွဲအား သုံးရက်တိုင်တိုင် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ပြသသွားမည်ဖြစ်ပြီး လာရောက်သူတို့စိတ်ကြိုက် ရှုခင်းပန်းချီ၊ ပုံတူပန်းချီများကို ဝန်ဆောင်ခယူ၍ လက်တွေ့ရေးဆွဲပေးကြကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# လာမယ့်လအတွင်း စစ်မှုထမ်းတော့မယ့် ကင်ဆိုးဟွန်

တောင်ကိုရီးယား နာမည်ကျော်မင်းသား တစ်ဦးဖြစ်တဲ့ ကင်ဆိုးဟွန်ဟာ လတ်တလော မှာ အသက်(၂၉)နှစ် ပြည့်ပြီးပြီဖြစ်ကာ လာမယ့်လအတွင်းမှာတော့ စစ်မှုစတင်ထမ်း ဆောင်တော့မှာဖြစ်ကြောင်း မင်းသားရဲ့ ဖျော်ဖြေရေးအေဂျင်စီက အတည်ပြုပြောကြား ခဲ့ပြီဖြစ်ပါတယ်။

လာမယ့် အောက်တိုဘာ ၂၃ ရက်မှာ စတင်စစ်မှုထမ်းဆောင်ရမှာဖြစ်ပြီး အခြေခံ လေ့ကျင့်မှုသင်တန်းကိုတော့ သီတင်း ငါးပတ်ခန့် တက်ရောက်သွားရမှာဖြစ်ကြောင်း ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေ အရ သိရပါတယ်။

ကင်ဆိုးဟွန်ရဲ့ ဖျော်ဖြေရေးအေဂျင်စီ ဖြစ်တဲ့ ကီးအိစ်ထ်အန်တာတိန်းမန့်က ပြီးခဲ့တဲ့ စက်တင်ဘာ ၂၈ ရက်မှာ ကင်ဟာ စစ်မှု ထမ်းတော့မှာဖြစ်ကြောင်း တရားဝင်ထုတ် ဖော်ပြောကြားလာခဲ့တာဖြစ်ပြီး စစ်မှုစတင် ထမ်းဆောင်ရာမှာလည်း မီဒီယာတွေနဲ့ ပရိသတ်တွေကို တွေ့ဆုံနှုတ်ဆက်သွားမှာ မဟုတ်ဘဲ စစ်မှုထမ်းရက်တွေကို တိတ်တဆိတ် စတင်သွားမှာဖြစ်ကြောင်းလည်း ရေးသား ဖော်ပြခဲ့တာ တွေ့ရပါတယ်။ ဒ့ါအပြင် လတ်တလောမှာ စစ်မှုထမ်းဖို့ ဆုံးဖြတ်လိုက်ရ တာနဲ့ပတ်သက်ပြီးလည်း တောင်ကိုရီးယား နိုင်ငံသားတစ်ဦးအနေနဲ့ တိုင်းပြည်အတွက် အရေးကြီးတဲ့ တာဝန်တစ်ရပ်ဖြစ်တာကြောင့် ထမ်းဆောင်ဖို့ ဆုံးဖြတ်ခဲ့တာဖြစ်တယ်လို့လည်း ထည့်သွင်းဖော်ပြခဲ့တာတွေ့ရပါတယ်။

ကင်ဆိုးဟွန်ဟာ ပြီးခဲ့တဲ့ ၂၀၀၈ ခုနှစ် အတွင်း ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ သူ့ရဲ့ ကျန်းမာရေးအခြေအနေ မကောင်း ကြောင်း၊ မကြာခဏဖျားလေ့ရှိကာ နှလုံးခုန် နှုန်း မမှန်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါ တယ်။ ယင်းအခြေအနေကြောင့် ဆေးစစ်ကြည့် ရာမှာလည်း ကင်ရဲ့ ကျန်းမာရေးဟာ အဆင့် လေးမှာသာ ရှိနေပါတယ်။ ဒီလိုအဆင့်ဟာ စစ်မှုထမ်းရာမှာ လူမှုရေးလုပ်ငန်းတွေ လုပ်ဆောင်ခြင်းဖြင့် တာဝန်ထမ်းဆောင်ရမှာ ဖြစ်ပေမယ့် ကင်ကတော့ ကျန်းမာရေး အခြေအနေ တိုးတက်ကောင်းမွန်အောင် အမြဲဂရုစိုက်နေထိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒ့ါကြောင့် ကင်ဟာ သာမန်စစ်မှုထမ်းတဲ့ ပုံစံ မျိုးနဲ့ တာဝန်ထမ်းဆောင်သွားမှာ ဖြစ်တယ်လို့လည်း သိရပါတယ်။

စစ်မှုထမ်းပြီးနောက် လာမယ့် ၂၀၁၉ ခုနှစ် ဇူလိုင် ၂၂ ရက်မှာ တာဝန်တွေပြီးဆုံးမှာ ဖြစ်တာကြောင့် ကြားကာလအတွင်းမှာ ကင်ရဲ့ ပရိသတ်တွေကတော့ သူ့ရဲ့အနုပညာလှုပ်ရှား မှုတွေနဲ့ ဝေးကွာနေရဦးမှာဖြစ်ပါတယ်။







# လီဆီယောင်းရဲ့ မင်္ဂလာဓာတ်ပုံများထုတ်ဖော်ပြသ

မကြာမီမှာ လက်ထပ်ပွဲဆင်နွှဲတော့မှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်တဲ့ တောင်ကိုရီးယား မင်းသမီးတစ်ဦးဖြစ်သူ လီဆီယောင်းက လတ်တလောမှာတော့ မင်္ဂလာဓာတ်ပုံတွေကို ထုတ်ဖော်ပြသလာခဲ့တာဖြစ်ပါတယ်။ စက်တင်ဘာ ၃၀ ရက်မှာ လက်ထပ်ပွဲကျင်းပမှာဖြစ်တဲ့ လီဆီယောင်းက မင်္ဂလာဓာတ်ပုံတွေကို ရိုက်ကူးခဲ့ရာမှာတော့ အနောက်တိုင်းဝတ်စုံနဲ့သာမက ရိုးရာဝတ်စုံကိုပါ ဝတ်ဆင်ရိုက်ကူးခဲ့တာတွေ့ရပါတယ်။

လီဆီယောင်းဟာ သူ့ရဲ့မင်္ဂလာဓာတ်ပုံတွေနဲ့အတူ ခင်ပွန်းလောင်းဖြစ်သူရဲ့ ဓာတ်ပုံကိုပါ ထုတ်ဖော်ပြသခဲ့တာလည်း ဖြစ်ပါတယ်။ အနုပညာကြယ်ပွင့်တစ်ဦးဖြစ်တဲ့ လီဆီယောင်းရဲ့ ခင်ပွန်းလောင်းကတော့ အနုပညာလောကထဲမှမဟုတ်ဘဲ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်ပါ တယ်။ အခြားသော အနုပညာကြယ်ပွင့်တွေက သူတို့ရဲ့ သတို့သားလောင်းတွေဟာ အနုပညာ လောကသားမဟုတ်ပါက ဓာတ်ပုံတွေကို မြင်သာအောင်ဖော်ပြလေ့မရှိပေမယ့် လီဆီယောင်း ကတော့ အတူတွဲကာ ဖော်ပြခဲ့တာလည်း ဖြစ်ပါတယ်။

နာမည်ကျော်မင်းသမီးတစ်ဦးဖြစ်တဲ့ လီဆီယောင်းရဲ့ ခင်ပွန်းဖြစ်သူဟာ အစားအစာနဲ့ အဝတ်အထည်လုပ်ငန်းတွေကို လုပ်ဆောင်နေတဲ့ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်ပြီး လီဆီယောင်းထက် အသက်ကိုးနှစ်ခန့် ပိုကြီးတာလည်းဖြစ်ပါတယ်။ လီဆီယောင်းဟာ လတ်တလောမှာလည်း ရင်သွေးလေးလွယ်ထားရပြီဖြစ်ကာ မင်္ဂလာသတင်း ထုတ်ဖော် ပြောကြားခဲ့ချိန်ကတည်းက ရင်သွေးလေးရနေပြီဖြစ်ကြောင်း တစ်ပါတည်း ထုတ်ဖော်ပြောကြား ခဲ့တာလည်း ဖြစ်ပါတယ်။

နှစ်ဦးအကြားက ဆက်ဆံရေးနဲ့ပတ်သက်ပြီး လျှို့ဝှက်ထားခဲ့ကာ ချစ်သူရနေပြီဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် မကြာမီ လီဆီယောင်းက လက်ထပ်တော့မှာ ဖြစ်ကြောင်းနဲ့ ရင်သွေးလေးရနေပြီဖြစ်ကြောင်း ဖွင့်ဟလာခဲ့တာလည်း ဖြစ်တယ်လို့ အောကေ ပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

**အေးပြည့်-စုစည်းသည်**



# စေ့စပ်လိုက်ပြီဖြစ်ကြောင်း တရားဝင်ထုတ်ဖော်လာတဲ့ ကစ်ထ်ဟာရင်တန်နဲ့ ရို့စ်လက်စ်လီ

ဟောလိဝုဒ်ရဲ့ နာမည်ကျော်ရုပ်သံဇာတ်လမ်းတွဲတစ်ခု ဖြစ်တဲ့ "Game of Thrones"ရုပ်ရှင်တွေမှာ ပါဝင် သရုပ်ဆောင်ခဲ့ကြတဲ့ မင်းသား ကစ်ထ်ဟာရင်တန်နဲ့ မင်းသမီး ရို့စ်လက်စ်လီတို့ဟာ မကြာသေးမီက လက်ထပ် ဖို့အတွက် စဉ်းစားနေပြီဖြစ်ကြောင်း သတင်းတွေ ပေါ်ထွက်လာခဲ့ပြီး နောက်ဆက်တွဲအဖြစ် စေ့စပ်ထားပြီး ဖြစ်ကြောင်း ကြယ်ပွင့်စုံတွဲက လတ်တလောမှာတော့ တရားဝင်ထုတ်ဖော်လာတာဖြစ်တယ်လို့ အေ့စ်ရှိုး ဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ယင်းဇာတ်လမ်းတွဲရုပ်ရှင်တွေမှာ အဓိက ဇာတ်ဆောင်တစ်ဦးဖြစ်တဲ့ ဂျွန်စနိုးအဖြစ် ပင်တိုင် ပါဝင်ထားတဲ့ ကစ်ထ်ဟာရင်တန်နဲ့ ယင်းရုပ်ရှင်မှာပဲ ဂျွန်စနိုးရဲ့ ချစ်သူ ဝိုင်းဒင်းဂရစ်တီအဖြစ် ပါဝင်ထားတဲ့ ရို့စ်လက်စ်လီတို့ဟာ သူတို့နှစ်ဦး စေ့စပ်လိုက်ပြီဖြစ် ကြောင်း ဗြိတိန်သတင်းစာ သည်စန်းမှာ ဖော်ပြခဲ့ကာ မင်္ဂလာပွဲဆင်နွှဲသွားမယ့်အကြောင်းကိုလည်း ယင်း သတင်းစာမှာ ထုတ်ဖော်ခဲ့တာ ဖြစ်ပါတယ်။

သူတို့နှစ်ဦးဟာ ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ်အတွင်း ချစ်သူ တွေအဖြစ် စတင်လက်တွဲခဲ့ကြတာဖြစ်ပြီး ယခုနှစ် အစပိုင်းမှာတော့ အတူတူနေထိုင်နေကြတာဖြစ်တယ် လို့လည်း သိရပါတယ်။ ဒီလို ချစ်သူသက်တမ်း လေးနှစ် ကျော်ကြာခဲ့ပြီးနောက်မှာတော့ နှစ်ဦးသား လက်ထပ်ဖို့ အတွက် စဉ်းစားလာတာဖြစ်ကြောင်းလည်း သိရပါတယ်။

လတ်တလောမှာတော့ အသက် (၃၀)အရွယ်ရှိကြ ပြီဖြစ်တဲ့ သူတို့နှစ်ဦးစလုံးဟာ ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ် အတွင်း စတင်လက်တွဲခဲ့ကြပေမယ့် နှစ်ဦးအကြားက ဆက်ဆံရေးနဲ့ပတ်သက်ပြီး အတော်လေးလျှို့ဝှက်တာ ကိုလည်း တွေ့ရပါတယ်။ ချစ်သူတွေဖြစ်ပြီးနောက် အတူ တွဲမတွေ့ရဘဲ ပြီးခဲ့တဲ့နှစ်အတွင်းကမှ နှစ်ဦးသားလက်တွဲ ကာ အများရှေ့မှောက် ပထမဆုံးအကြိမ်အဖြစ် တရားဝင်ပေါ်ထွက်လာခဲ့တာလည်း ဖြစ်ပါတယ်။ ယခုနှစ် ဇန်နဝါရီအတွင်းမှာတော့ နှစ်ဦးသား ပေါင် ၁ ဒသမ ၇၅ သန်းတန်တဲ့ နေအိမ်မှာ အတူပြောင်းရွှေ့နေထိုင် ခဲ့ကြတာဖြစ်ပြီး စေ့စပ်လိုက်ပြီဖြစ်ကြောင်း သတင်းတွေ လည်း စတင်ပေါ်ထွက်လာခဲ့ပါတယ်။

ဒီလို "Game of Thrones"ရုပ်ရှင်ရဲ့ သရုပ်ဆောင် နှစ်ဦးလက်ထပ်ကြမယ့် မင်္ဂလာပွဲဖြစ်တာကြောင့် "Game of Thrones" မင်္ဂလာပွဲလို့ခေါ်ဆိုနိုင်ကြောင်း ပြီးခဲ့တဲ့ စက်တင်ဘာ ၂၇ ရက်မှာ ပရိသတ်တစ်ဦးက အွန်လိုင်းမီဒီယာပေါ်မှာ ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။ အဆိုပါလက်ထပ်ပွဲဟာ သူတို့နှစ်ဦးစလုံး အတွက် ပထမဆုံးသော လက်ထပ်ပွဲလည်းဖြစ်ပါတယ်။

# ဘေဘုတ်ရဲ့ အနာဂတ်မျိုးဆက်သစ်အနုပညာရှင်စာရင်းမှာ ဖော်ပြခြင်းခံခဲ့ရတဲ့ TWICE

တောင်ကိုရီးယားရဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ် တဲ့ TWICE ကတော့ ယခုနှစ်မှာ အောင်မြင်မှုတွေ ဆက်တိုက်ရနေတာ ဖြစ်ပါတယ်။ တေးသီချင်းသစ်တွေ ထုတ်လွှင့်ခဲ့ချိန်က ဒေသတွင်းနဲ့ နိုင်ငံတကာ တေးဂီတ ဇယားတွေကို ဦးဆောင်နိုင်ခဲ့ပြီး လတ်တလောမှာလည်း နောက်ထပ်အောင်မြင်မှုတစ်ခုအဖြစ် နိုင်ငံတကာ တေးဂီတ ဝက်ဘ်ဆိုက်တစ်ခုဖြစ်တဲ့ဘေဘုတ်က ရွေးချယ်ဖော်ပြခဲ့တဲ့ အသက် (၂၁)နှစ်အောက် လူငယ်တွေအနက် အနာဂတ် မျိုးဆက်သစ်အနုပညာရှင်စာရင်းမှာ ထည့်သွင်းဖော်ပြ ခြင်းခံခဲ့ရတာဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ စက်တင်ဘာ ၂၈ ရက်မှာ ရေးသားဖော်ပြခဲ့ တဲ့ ဘေဘုတ်ရဲ့ ဆောင်းပါးတစ်ပုဒ်မှာ လတ်တလောမှာ အသက် (၂၁)နှစ်အောက်ရှိတဲ့ တေးသံရှင်တွေနဲ့ တေးဂီတ အဖွဲ့တွေအနက် အအောင်မြင်ဆုံးနဲ့ အလားအလာ အရှိဆုံးသူတွေကို ရွေးချယ်ဖော်ပြခဲ့တာဖြစ်ပါတယ်။ ဒီလို ဖော်ပြခဲ့ရာမှာတော့ တောင်ကိုရီးယားအမျိုးသမီး တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ TWICE ဟာ ထည့်သွင်းဖော်ပြ ခြင်းခံခဲ့ရတာဖြစ်ပါတယ်။

ဒီလိုဘေဘုတ်က ရွေးချယ်ဖော်ပြရာမှာတော့ ကမ္ဘာ တစ်ဝန်းက အသက် (၂၁)နှစ်အောက် တေးသံရှင်တွေနဲ့ တေးဂီတအဖွဲ့တွေအနက် အလားအလာအရှိဆုံး ၂၁ ဦးကို ရွေးချယ်ခဲ့တာဖြစ်ပြီး အောင်မြင်မှုအတိုင်းအတာအလိုက် အဆင့်သတ်မှတ်ဖော်ပြခဲ့ရာမှာတော့ TWICE ဟာ နံပါတ် ၁၈ နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။ ဒီလို ဖော်ပြခံခဲ့ရတဲ့ မျိုးဆက်သစ်အနုပညာရှင်တွေအနက် TWICE ဟာ တစ်ဖွဲ့တည်းသော တောင်ကိုရီးယား ကေပေ့ါပ်အဖွဲ့ဖြစ်တယ်လို့လည်း သိရပါတယ်။

ဘေဘုတ်က ဖော်ပြခဲ့တဲ့ အဆိုပါဇယားမှာ ထိပ်ဆုံးက ရပ်တည်နေတဲ့ တေးသံရှင်ကတော့ လတ်တလောမှာ အသက် (၁၉)နှစ်အရွယ်ရှိပြီဖြစ်တဲ့ တစ်ကိုယ်တော် တေးသံရှင် ဆွမ်န်မန်းဒက်စ် ဖြစ်ပါတယ်။ ဒုတိယ နေရာမှာတော့ အသက် (၂၀) နှစ်အရွယ် အမျိုးသမီး တေးသံရှင် လော်ဒီက ရပ်တည်နေပြီး တတိယနေရာ ကိုတော့ အမေရိကန်လူမျိုး (၁၉)နှစ်အရွယ် ကာလစ်ဒ်က ပိုင်ဆိုင်ထားတာ တွေ့ရပါတယ်။



Vol.2 No-38

# 4TV ၏ တစ်ပတ်စာ ကြည့်ရှုရာ အစီအစဉ်ကောင်းများ

## (၃၀ - ၉ - ၂၀၁၇ မှ ၆ - ၁၀ - ၂၀၁၇ အထိ)

အပတ်စဉ် စနေနေ့တိုင်း TV Guide မှ စီစဉ်ထုတ်ဝေသည်။

4TV HD Receiver ကို ဝယ်ယူတပ်ဆင်လိုပါက
01- 230 6166 ကို ဖုန်းဆက် ဆက်သွယ်ပါ
01-230 6166







## မန္တလာမြေပေါ်တွင် ခြေစမ်းမည့် မြန်မာလက်ရွေးစင်အသင်းနှင့် ထိုင်းလက်ရွေးစင်အသင်း

**မြန်မာ လက်ရွေးစင်အသင်း Vs ထိုင်း လက်ရွေးစင်အသင်း**

October 5 , 6:30 PM , For Sport

[illegible]





## MacGyver 2

Premieres Sep 30, Sat 7:35pm

[illegible]




## Scandal S7 (Final Season)



Premieres Oct 6th, Friday @7:30PM
Weekly Show | Drama

[illegible]







5 ကာတွန်း **Zootopia (ST)**
7:30 AM, 3.10.17 (Tue)




5 SERIES **ဟာဝိုင်ယီ အထူးတပ်ဖွဲ့**
9:00 PM, 5.10.17 (Mon to Thurs)



5 SPECIAL **မက်ဟတ်တန်အချစ်ဇာတ်လမ်း**
8:00 PM, (Mon to Fri)




5 MOVIES **Once**
7:50 PM, 4.10.17 (Wed)

# ဂုဏ်ယူဝမ်းမြောက်ခြင်း




" PARADISO CINEMAS CO., Ltd " မှ အဌမမြောက်ရုပ်ရှင်ရုံ (၁၀၀/၈) PARADISO (ဘိုကလေး) ရုပ်ရှင်ရုံအား ၂၄–၉–၂၀၁၇ ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ရုပ်ရှင်ရုံ (၁၀၀) စီမံကိန်း အမြန်ဆုံးပြည့်မီ အောင်မြင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

အောင်သီရိရုပ်ရှင်ထုတ်လုပ်ရေး
အောင်တိုင်းကျော်ရုပ်ရှင်ထုတ်လုပ်ရေး
ဝေရုတ်ရုပ်ရှင်ထုတ်လုပ်ရေး
မိုးကောင်းကင်ရုပ်ရှင်ထုတ်လုပ်ရေး
ထားဝယ်ရုပ်ရှင်ထုတ်လုပ်ရေး
သုခမိန်ရုပ်ရှင်ထုတ်လုပ်ရေး
စန်းဗိုက်ရုပ်ရှင်ထုတ်လုပ်ရေး
မေတ္တာရောင်ပြန်ရုပ်ရှင်ထုတ်လုပ်ရေး
ရွှေမင်းသမီးရုပ်ရှင်ထုတ်လုပ်ရေး
စိမ်းဝါနီရုပ်ရှင်ထုတ်လုပ်ရေး
ခရေဖြူရုပ်ရှင်ထုတ်လုပ်ရေး

လှစွမ်းကောင်းရုပ်ရှင်ထုတ်လုပ်ရေး
စိန်ငွေရုပ်ရှင်ထုတ်လုပ်ရေး
နှင်းဆီရင်ခွင်ရုပ်ရှင်ထုတ်လုပ်ရေး
သောဝန်းကြာဖြူရုပ်ရှင်ထုတ်လုပ်ရေး
ဗိုးသူတော်ရုပ်ရှင်ထုတ်လုပ်ရေး
ပါဝါကင်းရုပ်ရှင်ထုတ်လုပ်ရေး
သင်္ကေတရုပ်ရှင်ထုတ်လုပ်ရေး
မိုးရုပ်ရှင်ထုတ်လုပ်ရေး
အောင်ခေတ်မင်း ရုပ်ရှင်ထုတ်လုပ်ရေး
ဆောင်းညပြာသိုရုပ်ရှင်ထုတ်လုပ်ရေး

အနော်မာသုခအင်တာတိန်းမန့်ရုပ်ရှင်ထုတ်လုပ်ရေး
Lavendar ရုပ်ရှင်ထုတ်လုပ်ရေး
Media ကမ္ဘာရုပ်ရှင်ထုတ်လုပ်ရေး
The Grade ဖိုးစိန်ရုပ်ရှင်ထုတ်လုပ်ရေး
Yangon Post
Myanmar Media Group
Laurel ရုပ်ရှင်ထုတ်လုပ်ရေး
Royal Hero ရုပ်ရှင်ထုတ်လုပ်ရေး
Lucky Seven ရုပ်ရှင်ထုတ်လုပ်ရေး
SEVEN SENSE ရုပ်ရှင်ထုတ်လုပ်ရေး



Sein Gay Har

# Thadingyut Special Offers

SKY MART

စိန်ဂေဟာ(ပြည်လမ်း)၂၀၁၇ သီတင်းကျွတ်အထူးဈေးရောင်းပွဲတော်

21 to 29 Sep




ငွေကျပ် 50000ဖိုးဝယ်ယူတိုင်း
50000ကျပ်တန်Gift Voucher
နေ့တိုင်းရရှိနိုင်မည့်အခွင့်အရေး



စိန်ဂေဟာ(ပြည်လမ်း)
အမှတ် ၄၄ ၊ ပြည်လမ်း
ဒဂုံမြို့နယ်၊ရန်ကုန်မြို့။



သီတင်းကျွတ် ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကို မြင်တွေ့ ဖူးမြော်ရန်ရသကဲ့သို့ အများပြည်သူအား ဖူးမြော်စေလိုသော ဆန္ဒမွန်ဖြင့် ကုသိုလ်ဖြစ်ဘုရားဖူးခရီးစဉ်

**KMB Travels & Tours** သီရိလင်္ကာ ဗုဒ္ဓမြတ်စွာ ဘုရားဖူးခရီးစဉ်များ

၅ ညအိပ်၊ ၆ ရက် (၁၁) သိန်းကျပ် } သီဟိုဠ်ကျွန်း သီရိလင်္ကာနိုင်ငံရှိ ဗုဒ္ဓမြတ်စွာ၏ ... ဘုရားရှိုး၊ ... ဘုရားဖူးခရီးစဉ်များ

ခရီးစဉ်(၁)- နိုဝင်ဘာလ ၂၀၁၇
ခရီးစဉ်(၂) - မတ်လ ၂၀၁၈
ခရီးစဉ်(၃) - ဇူလိုင် ၂၀၁၈
ခရီးစဉ်(၄)- နိုဝင်ဘာလ ၂၀၁၈

ခရီးစဉ်များကို ဘုရားဖူးလိုက်ပါလိုသူများသည် ကြိုတင်စာရင်းပေးသွင်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဆက်သွယ်ရန် - KMB Travels & Tours ... ရန်ကုန်မြို့။ Ph : 09 5016253, 09 261603987

---

Trip Planner Co.,Ltd

မြတ်သဒ္ဓါ ဗုဒ္ဓဂယာအဆင့်မြင့် ခရီးသွားဘုရားဖူးအဖွဲ့
ရက် အိန္ဒိယ + နီပေါ(မြား ပွင့်၊ ဖောား စ) ဟိုတယ်တည်း/စားကြိုး USD 999
(နိုဝင်ဘာ ၂) (နိုဝင်ဘာ ၁၆) (ဒီဇင်ဘာ ၁) (ဒီဇင်ဘာ ၂၅) (ဇန်နဝါရီ ၁၅) (ဇန်နဝါရီ ၂၀)
ခရီးစရိတ် (USD 750) ...
Tel: 01-535970, 09-428196127
Tel: 09-965196127, 09428201359

---

# ဦးသန်းဇေအောင်

# LCCI Level I & II, III

သင်တန်းကျောင်း အရစ်ကျစနစ်

Hp - 09-508 6487, 09 4200 20993, 09 26121 8687

---

တရုတ် | ENGLISH Conversation Practice

Sayar Yang

Great Wall

TAMWE - 540714, 09 5183636
09 420230133

---

# N-WINNER Co.,Ltd

ထိမ်း၊ ခြံ၊ မြေ ၊ "အမြန်ဗျူးရော"

Ph:09450073838,09783233356-57,09254418033

| | | | | |
|---|---|---|---|---|
| ၁။ ... (ဂိုဒ်) | (40'x70') | 3M,5BR | 3RC | $ 4500 |
| ၂။ ... (ဘဟ) | (50'x100') | 3M | 2RC | 30 L |
| ၃။ ... (ဂိုဒ်) | (80'x75') | 1M,3BR | 2RC | 21 L |
| ၄။ ... (ဂိုဒ်) | (25'x50') | ... | 2BN | 16 L |
| ၅။ ... | (30'x55') | 1M,... | 2RC | 15 L |
| ၆။ ... (အ/စ) | (30'x60') | 3M | 2RC | 13 L |
| ၇။ ... | (45'x45') | 3M,1BR | 2RC | 12 L |
| ၈။ ... | (30'x70') | 1M,3BR | 2BN | 10 L |
| ၉။ ... Condo (မဟ) | (2500sqft) | 1M,2BR,F.F | | $ 2500 |
| ၁၀။ ... Condo (မဟ) | (1250sqft) | 1M,2BR,F.F | | $ 1200 |
| ၁၁။ ... Condo (ဂိုဒ်) | (1820sqft) | 2M,1BR,F.F | | 17 L |
| ၁၂။ Tosta Plaza (သဃက) | (1250sqft) | 1M,2BR,F.F | | 9 L |

---

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း
(ကျောက်မျက်ပညာသင်တန်း/ဓါတ်ခွဲခန်းကော်မတီ)
အခြေခံကျောက်မျက်ပညာသင်တန်း (အပတ်စဉ်-၃၃)
သင်တန်းသားခေါ်ယူခြင်း

- ကျောက်စိမ်း၊ ပုလဲနှင့် စိန်၊ ပတ္တမြား၊ နီလာ နှင့် အခြားကျောက်မျက်တို့၏ အမျိုးအစားခွဲခြားခြင်း၊ အတုအစစ်ခွဲခြားခြင်း။
- စာတွေ့-လက်တွေ့-သင်ထောက်ကူပစ္စည်းများဖြင့် သင်ကြားမည်။
- (O-Level အပတ်စဉ်-၃၃) (၁၀.၁၀.၂၀၁၇)ရက်နေ့တွင် စတင်မည်။ သင်တန်းချိန် - နံနက် (၇း၃၀) မှ (၉း၃၀)ထိ
- သင်တန်းကာလ(၅)ပတ်ခန့်၊ အပတ်စဉ်(အင်္ဂါနေ့မှ တနင်္ဂနွေနေ့ထိ)
- မြန်မာ့ကျောက်မျက်ရတနာအရောင်းခန်းမ၊ အမှတ်(၆၆)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

Ph: 09-73143496, 09-425021912, 01-663080

---

ဝိုင်းလောကရဲ့ သရုဆရာများကိုယ်တိုင်သင်တဲ့

# S.S.

*(Science Sholarship)*

၁၀ တန်းအထူးစာသင်ဝိုင်း

သချာအောင်မှတ်(၅)လပြတ်

အောက်တိုဘာ (၇)ရက် ဖွင့်ပြီ

အမှတ်(၁၀၈)... ရန်ကုန်မြို့။

09-250 031 747,09-975 449 954 , 09-730 480 13

---

မူလှုင်ရှူ-မောလှုင်သောက်

ရွှေမှန်ကြေး အမှတ်တံဆိပ် ပန်းပေါင်းစုံ ဆေးဆေး

TMR000849(0516)

အမူးအမောများခြင်း၊ ထိုင်မော၊ ထမောဖြစ်ခြင်း၊ နှစ်ခြိုက်စွာအိပ်မပျော်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ အသားအရေရှိုမြေပွကင်းခြင်း၊ တင်းတိပ်ထွက်ခြင်း၊ မီးယပ်ကွက်များထွက်ခြင်းနှင့် မီးယပ်သွေးဆုံးရောဂါများအတွက် မြန်မာ့ဆေးစွမ်းကောင်း

မြန်မာ့ဆေး - အမှတ်(...)... ရန်ကုန်မြို့ ...

---

Home

# Readymade Flooring



သီတင်းကျွတ် အထူးလက်ဆောင်

Beauty Mirror

> အမှတ် F(2~8) ... ရန်ကုန်မြို့။
> အမှတ် (E-11A) ... ရန်ကုန်မြို့။

HOTLINE 09-79 700 70 70
09-79 700 70 80

---

MMC Myanmar Metropolitan College
Where learning comes alive

UBIS UNIVERSITY

- 100% Assignment-based Programme
- NO Exam Stress
- Various Flexible Payment Plans
- AYA Education Loan



Early Bird Discounts
များလည်း ပေးအပ်နေပါပြီ။

January 2018 Intake ၏
Batch 15 တန်းခွဲသစ်အတွက်
ကျောင်းအပ်လက်ခံနေပါပြီ။

# MBA Master of Business Administration

... Myanmar Metropolitan College တွင် Switzerland နိုင်ငံ University of Business and International Studies မှ ... Master of Business Administration (MBA) ဘွဲ့ ... 100% Assignment-Based Programme ဖြင့် ... Master Degree ကိုရယူနိုင်မည်ဖြစ်ပါသည်။

Hotline
YGN: 09 2633 34223/4
MDY: 09 2633 34225/6

Yangon:
No. 232, Bargayar Street,
Myay Ni Gone,
Sanchaung Tsp.

Mandalay:
Block (4), Unit (3),
Mingalar Mandalay
Chanmyatharsi Tsp.

www.yourmmc.com | Myanmar Metropolitan College | info@yourmmc.com


22nd BIRTHDAY
29 September - 8 October 2017 (All Branches)
FOLLOW ME
Anakku
CREATOR
PERSONA
Time
Step
GLAMOUR
camella
Amby LONDON
bsc
Cotton Candy
LiLy
Q.C
L'ORÉAL PARIS
DABO
Giordano
NOBODY
b'cozy
SHISEIDO
DELIGHT
C'CARE
Kanebo
POLICE
Kracie
Sabina
bossini
KMA
Bloom
LADARNO
LIFE
CATRICE
About-U
ZEAL
REVLON
DIVA
Dr.madino
essence
KOSÉ
THREE HWAK
SHOE GALLERY
Sweetie kids
AUSTINO
BANC BANC
OO-PP
GoldCoil
Fujiko


Good Morning
Happy Lighting Festival
Fancy Cake
Assorted Fancy Cake
FRUITY CAKE


'မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်မှုအရည်အသွေးကို တိုးတက်စေခြင်း'
FREE Admission
INTERMACH MYANMAR
Your Key to Better Business
MANUFACTURING Myanmar 2017
Friday - Sunday
20-22 OCTOBER 2017
MEP at Mindama YANGON
Myanmar's Largest International Manufacturing Machinery, Equipment, Materials, Services and Subcontracting Event
Organised by
UBM
Supported by
Incorporating
TOOLS & HARDWARE Myanmar 2017
Co-located with
SUBCON MYANMAR
UBM Myanmar
Tel: +95 1512 887 (Ext: 503)
Fax: +95 1513 519
www.intermachmyanmar.com
www.manufacturingmyanmar.com
Please note: Open to trade professional only. Minors below the age of 16 years are NOT allowed admission.




ဒေါ်ခင်ခင်ညွှန့် ဦးစီးသော
မေဃဝတီခရီးသွားလုပ်ငန်း
အထူးPromotion-Nov-၁-ရက်(၁၅) ရက်ခရီး-၁၂သိန်း(ဓါတ်တော်တိုက်ဖူးပွဲ)
၁။ အိန္ဒိယ-နီပေါ ၁၅-ရက်ခရီး -Nov -1,Jan-27,Feb-14,Mar-2-24,
၂။ အိန္ဒိယ-နီပေါ ၈-ရက်ခရီး-Dec 6-28,Jan 10,Feb-14,Apr-13-14
Ph;01539789/095065130/09420084998/0973109503,
Email:maygawaddy02@gmail.com.

ကား မျိုးစုံ
Alphard,Hiace
Ph: 09795549249,095418128
09-795546884

ROYAL ART MEDIA
01-391020 , 09- 73049820
09-450003870

GROUP TOUR TRAVEL
ထွက်ခွာမည့်နေ့ - 04.10.2017
ထွက်ခွာမည့်နေ့ - 04.10.2017
ထွက်ခွာမည့်နေ့ - 03.10.2017
Hotlines 09 2610 20062 , 09 5138 553
09 514 7771 , 09 96 121 2222









SNN

# ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင်

ရွှေချစ်သူများအတွက် ကံစမ်းရန်မလိုပါ။ ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင် မှ
သီတင်းကျွတ် Promotion အထူးအစီအစဉ် (1.10.2017 မှ 31.10.2017) အတွင်း
ကြိုက်နှစ်သက်သော ရွှေထည်ပစ္စည်း (၂)မျိုးဝယ်ယူအားပေးသော မိတ်ဟောင်း ၊ မိတ်သစ်
Customer များကို အေးဆိုးရွှေကလေစ် (၁)ခု မေတ္တာလက်ဆောင်ပေးသွားပါမည်။
အမှတ်(၁၉)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၊ ၀၁-၅၃၆၀၀၀၊ ၅၃၉၅၁၂ ၅၂၃၈၈၈
PH; ၀၉-၄၄၃၀၀၂၆၉၇၊ ၀၉- ၂၅၄၂၈၀၀၂




တောင်ကြီးမောက်မယ်က အကောင်းဆုံးသနပ်ခါးကိုထုတ်လုပ်ထားပါသည်။
မြန်မာနိုင်ငံ (FDA) ခွင့်ပြုချက်အမှတ် MN11070400
စင်္ကာပူနိုင်ငံ TUV ဓါတ်ခွဲခန်းတွင်ပုံမှန်စစ်ဆေးသည်။
ISO (9001:2015) Certified







ROYAL STAR (လှုံ့ဆော်ရေးဘလိတ်ဓါးဆူးကြိုးလိပ်အရောင်းပြခန်း) များမှ
(Promotion)ကာလအတွင်းဘလိတ်ဓါးဆူးကြိုးလိပ်များကို (အရောက်ပို့ ၊ ခေါင်တိုင်စိမ်း၊ နေ့ချင်းပြီး)
မြို့နယ်/ ဒေသခံသမခွဲ ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ပြင်
အိမ်တိုင်ရာရောက် ဝါရင့် ဝန်ထမ်းများနှင့်တိုက်ရိုက် တာဝန်ယူ တပ်ဆင်ပေးနေပါသည်။
မှတ်ချက် - သံဈေးတက်ဆူးကြိုးလိပ်များ (လုံး၁) မရောင်းပါ၊
တပ်ဆင်ပြီးမှငွေရှင်းပေးနိုင်ပါသည်။



ရန်ကုန် :09-50 54 189,09-50 63 596, နေပြည်တော် :09-5190698, ပဲခူး :09-253000550, မော်လမြိုင် :09-454501133
မန္တလေး :09-2039591, ရုံးချုပ် - အမှတ်(၉၉၁)ကန်သာယာမှတ်တိုင်သုဝဏ္ဏလမ်းမဖြောက်ဥက္ကလာပမြို့နယ်ရန်ကုန်မြို့

မင်္ဂလာပါ
အိမ်ပြောင်းအိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားများဖြင့်
အလုပ်သမားစိုက်ပေးသည်။
09-450042704
09-250095116
09-420096296

"Better English For a Smarter Life"
ဦးရဲဇော်လတ်
M.A(UFL),MBA(UTCC)
APPLIED GRAMMAR & SPOKEN ENGLISH
SPECIAL ENGLISH COURSES
Basic 4 Skills
Intermediate 4 Skills
Advanced 4 Skills
October (2) Open !
09-73175231, 09-5057138

SAMSUNG
DAY
October 2017

အောက်တိုဘာလအတွက် အထူးလက်ဆောင်
1.10.2017~5.10.2017



Samsung Smartphones
နှင့် Tablets တွေ ဝယ်ယူပြီး
လက်ဆောင်များ
ရယူလိုက်ပါ...



ကျပ် ၅၀၀,၀၀၀ အထက်
ဝယ်ယူသူတိုင်းအတွက်


Backpack


Phone Holder

ကျပ် ၂၀၀,၀၀၀ မှ ၅၀၀,၀၀၀ အထိ
ဝယ်ယူသူတိုင်းအတွက်


Backpack

ကျပ် ၂၀၀,၀၀၀ အောက်
ဝယ်ယူသူတိုင်းအတွက်



Drawstring Bag


Bluetooth Speaker

samsungmobilemyanmar samsungmyanmar mySamsung.com/mm samsung.com/mm
Call Center 01 2399 888 (Mon-Sun) 7AM to 11PM
အနီးဆုံး Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။

**SILVER SONG TRAVELS & TOURS**
Ph : 2304255, 09253423943, 0973257907 (Oct 4,6)
(10 ဦးလျှင် 1 ဦး Free)

ASIA KING
12000
15000
10000
09-778585912, 09-43114301

Eternal Memory Travels & Tours
*ပုပ္ပါး–ပုဂံ–ညောင်ဦး Oct 4 to 7
တိုတယ်(၂)ည ကျပ်(135,000) 5+1 FOC
Ph:09-5025032,09-765025032,09-965025032

Myanmar Culture Land Travels & Tours
Oct-3,Nov-2
Oct-14,21,28
Oct-14,21,28
Nov-2,10
Nov-2,10
Oct.15 5% Discount







FEROFORT®
Iron, B-Complex, Vitamins, Zinc, Lysine
သွေးအားနည်းခြင်းအတွက် အကောင်းဆုံး
သံဓာတ်အားဖြည့်ဆေး ဖယ်ရိုဖေါ့
စုပ်ယူမှု အားကောင်းသော သန့်စင်သည့်
သံဓာတ် ဖယ်ရိုနိုင်း (Ferronyl)
၉၈% ပါဝင်သည်။
စတော်ဘယ်ရီရနံ့
NEW
FEROFORT®
Iron, B-complex vitamins, Zinc, Lysine
FEROFORT®
Iron, B-complex vitamins, Zinc, Lysine
တစ်နေ့ (၁)လုံး သောက်သုံးရန်
Lady Power by Ferofort
KALBE

# မဏိပူရမြစ်ရေတိုက်စားမှုကြောင့် ကလေးမြို့နယ် မြောက်စည်းကျေးရွာကမ်းပါးရှိ ကျောက်စီမြေထိန်းနံရံများ ပျက်စီး



**ကလေး စက်တင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ် မြောက်စည်းကျေးရွာကို မဏိပူရမြစ်(ခေါ်)နန်းကသည်းချောင်းရေတိုက်စားမှုမှ ကာကွယ်ရန် သံခြင်းအခြေပြုကျောက်စီမြေထိန်းနံရံ အရှည်ပေ ၈၄၀ ဆောက်လုပ်ထားခဲ့သော်လည်း စက်တင်ဘာလအတွင်း တောင်တရုတ်ပင်လယ်တွင်ဖြစ်ပေါ်ခဲ့သော ဒွေ့ါဆူရီမုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းသဖြင့် အဆိုပါမြေထိန်းနံရံမှာ အရှည် ၆၃၈ ပေ ပျက်စီးသွားကြောင်း သိရသည်။**(ယာပုံ)**

မြောက်စည်းကျေးရွာသည် နန်းကသဲချောင်းကမ်းပါးဘေးတွင် တည်ရှိပြီး မိုးရာသီကာလတိုင်း ကျေးရွာအနီးချောင်းကမ်းပါးကို ရေတိုက်စားခြင်းကြောင့် နှစ်စဉ်နှစ်တိုင်းပြိုကျလျက်ရှိရာမှ ချောင်းကမ်းပါးကို သံခြင်းအခြေပြုကျောက်စီမြေထိန်းနံရံ တည်ဆောက်ပေးခြင်းဖြစ်ကြောင်း၊ အဆိုပါသံခြင်းအခြေပြုကျောက်စီမြေထိန်းနံရံကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၃၉ သန်း အကုန်အကျခံ၍ အလျားပေ ၈၄၀ နှင့် အမြင့်ဆုံးနေရာ ကိုးပေဖြင့် နိုင်လင်းကျော် ကုမ္ပဏီလီမိတက်က ၂၀၁၇ ခုနှစ်ဖေဖော်ဝါရီ ၅ ရက်တွင် စတင်တည်ဆောက်ခဲ့ရာ ယခုနှစ် မေ ၁၇ ရက်တွင် လုပ်ငန်းဆောင်ရွက်မှု ရာနှုန်းပြည့် ပြီးစီးသည့် မြေထိန်းနံရံ ဖြစ်သည်။

အဆိုပါ ပျက်စီးသွားသည့် သံခြင်းအခြေပြု ကျောက်စီမြေထိန်းနံရံအား အမြန်ဆုံးပြန်လည်တည်ဆောက်နိုင်ရန်အတွက် သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ဂျိုးနက်)**



ရှမ်းယူနိုက်တက်နှင့် ရော်ဝတီအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

# တောင်ကိုရီးယားအသင်း ခြေစစ်ပွဲအောင်မြင်

**ရန်ကုန် စက်တင်ဘာ ၂၉**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် အာရှ ယူ-၁၆ ခြေစစ်ပွဲ အုပ်စု(H) နောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ကျင်းပရာ တောင်ကိုရီးယားအသင်းက သုံးပွဲစလုံးအနိုင်ရကာ ခြေစစ်ပွဲ အောင်မြင်ခဲ့ပြီး နောက်ဆုံးပွဲတွင် မြန်မာအသင်း ဂိုးပြတ်နိုင်ခဲ့သည်။

ခြေစစ်ပွဲအောင်မြင်ရေးအဆုံးအဖြတ်ပွဲတွင် တောင်ကိုရီးယားအသင်းက တရုတ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ သရေကျလျှင် နှစ်သင်းစလုံး ခြေစစ်ပွဲ အောင်မြင်မည်ဖြစ်သော်လည်း ရှုံးပွဲကြုံတွေ့ခဲ့သည့် တရုတ်အသင်းမှာမူ အကောင်းဆုံးအုပ်စုဒုတိယနေရာရ ခြောက်သင်းစာရင်းနှင့် လွဲချော်ခဲ့ရသည်။ တောင်ကိုရီးယားအသင်းသည် ပွဲစကတည်းက ခြေအသာဖြင့် ဖိကစားခဲ့သော်လည်း ဂိုးရရှိနိုင်ရန် ဖန်တီးနိုင်မှု အားနည်းခြင်း၊ ပင်နယ်တီကန်ခွင့်သုံးကြိမ်ရသော်လည်း တစ်ဂိုးသာဝင်ခြင်းတို့ကြောင့် တစ်ဂိုးဖြင့်သာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ တောင်ကိုရီးယားအသင်းအတွက် အနိုင်ဂိုးကို ၆၁ မိနစ်တွင် ဒုတိယပင်နယ်တီမှ ချောင်မင်ဆိုက သွင်းယူခဲ့သည်။ ၄၂ မိနစ်တွင်ရရှိသည့် ပထမပင်နယ်တီကို ဟောင်ယွန်ဆွတ်၊ ၆၈ မိနစ်တွင်ရရှိသည့် တတိယပင်နယ်တီကို ဂျောင်ဆောင်ဘင် ဂိုးဝင်အောင်မသွင်းနိုင်ခဲ့ပေ။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✻

စာမျက်နှာ ၉ ကော်လံ ၁ သို့



တောင်ကိုရီးယားအသင်း ဂိုးသွင်းရန် ကြိုးပမ်းမှုကို တရုတ်ဂိုးသမား ကာကွယ်နေစဉ်။

# ရှမ်းယူနိုက်တက်နှင့် ရော်ဝတီ သရေကျ

**ရန်ကုန် စက်တင်ဘာ ၂၉**

၂၀၁၇ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက် ပြိုင်ပွဲ ဆီမီးဖိုင်နယ် ပထမအကျော့ (ပထမနေ့)ကို ယနေ့ ညနေပိုင်းက တောင်ကြီး ကွင်း၌ ကျင်းပရာ ရှမ်းယူနိုက်တက်နှင့် ရော်ဝတီအသင်း တစ်ဂိုးစီ သရေကျခဲ့သည်။

ရှမ်းယူနိုက်တက် - တစ်ဂိုး

ရော်ဝတီ - တစ်ဂိုး

ရှုံး/ထွက်ပြိုင်ပွဲတွင် အစဉ်အလာကြီးမားပြီး ချန်ပီယံဆု သုံးကြိမ်ရဖူးသည့် ရော်ဝတီအသင်းသည် အဝေးကွင်းတွင် သရေရလဒ်ရယူနိုင်ခဲ့သောကြောင့် ဗိုလ်လုပွဲအား တစ်ကျော့ပြန် တက်ရောက်ခွင့်ရရန် မျှော်လင့်ချက်ရှိလာခဲ့သည်။ အိမ်ကွင်း၌ သရေသာကစားနိုင်ခဲ့သည့် ရှမ်းယူနိုက်တက်အသင်းမှာမူ ဒုတိယအကျော့တွင် ရုန်းကန်ရတော့မည်ဖြစ်သည်။

နှစ်သင်းစလုံး နိုင်ငံခြားသားကစားသမား သုံးဦးအပါအဝင် လူစုံပါဝင်ခဲ့ပြီး ပြည်တွင်းကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့သည်။ ပထမပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ပိုဖိကစားနိုင်ခဲ့ပြီး ခရစ္စတိုဖာ၊ ဒွေးကိုကိုချစ်နှင့် ရန်နိုင်ဦးတို့၏ တိုက်စစ်တွဲလုံးက ရော်ဝတီဘက်သို့ ဖိအားပေးနိုင်ခဲ့သည်။ ကိုးမိနစ်တွင် ရှမ်းယူနိုက်တက်အသင်း ဂိုးစရခဲ့ပြီး ဒွေးကိုကိုချစ်က သွင်းယူခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ဂိုးစရခဲ့သော်လည်း ပွဲကို ထိန်းချုပ်နိုင်ခြင်းမရှိဘဲ ရော်ဝတီအသင်း၏ ဖိအားပေးခြင်းကို ခံခဲ့ရသည်။ ရော်ဝတီအသင်းသည် ချေပဂိုးရရန်ကြိုးစားခဲ့ပြီး မာတူနာ၊ ဆီဘန်စတန်တို့၏ တိုက်စစ်တွဲလုံးများကို ရှမ်းနောက်တန်းခက်ခက်ခဲခဲ ထိန်းချုပ်ခဲ့ရသည်။ ၅၃ မိနစ်တွင် ရော်ဝတီအသင်းချေပဂိုးပြန်ရခဲ့ပြီး အသင်းခေါင်းဆောင် မင်းမင်းသူက အဝေးမှကန်သွင်းခဲ့ခြင်းဖြစ်သည်။ သရေကျပြီး နောက်ပိုင်းတွင် ရော်ဝတီအသင်းက ပွဲကိုထိန်းကစားသွားခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းသည် ရော်ဝတီ **စာမျက်နှာ ၉ ကော်လံ ၅ သို့** ■

Established in 1958
အဆင့်မြင့်ချည်ချောလုံချည်
The Ultimate Quality and Fastness.
အရည်အသွေးနဲ့ ဆေးခိုင်ခံ့မှုရဲ့ အဆုံးစွန်

# တိုင်းရင်းသားရေးရာ
Affair of National Races

မြန်မာ့အလင်း
အထူးကဏ္ဍ

က

စက်တင်ဘာ ၃၀၊ ၂၀၁၇




၁၉၄၆ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ရင်းရင်းနှီးနှီး ဆုံတွေ့ခဲ့သော ကချင်တိုင်းရင်းသူနှစ်ဦးအား နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလက ပင်လုံမြေတွင် တွေ့ဆုံခဲ့စဉ်။




# တို့တိုင်းရင်းဖွား ပြည်ထောင်စုသား

မြန်မာနိုင်ငံသည် ပြည်ထောင်စုနိုင်ငံဖြစ်ပြီး ရှေးနှစ်ပေါင်းထောင်ချီကာလကတည်းက တိုင်းရင်းသားလူမျိုးစုများ နိုင်ငံအတွင်းပျံ့နှံ့နေထိုင်ခဲ့ကြသည်။ နိုင်ငံအတွင်း လူမျိုး စတင်ဖြစ်တည်လာစဉ်က တိဗက်-တရုတ်နှင့် မွန်-ခမယ်အနွယ်တို့ရှိကြသည်။ တိဗက်-တရုတ်မှ တိဗက်-မြန်မာနှင့် တရုတ်ထိုင်းဟူ၍ အုပ်စုနှစ်စု ကွဲထွက်သည်။ တိဗက်-မြန်မာအုပ်စုမှာ ယခုမြန်မာနိုင်ငံ၏ အရှေ့၊ အလယ်၊ အနောက်အရပ်များသို့ သုံးစုကွဲကာပျံ့နှံ့သွားသည်။

အထူးကဏ္ဍ (ဂ) သို့ ››››

## ကချင်ပြည်နယ်

သတင်းဆောင်းပါး – နိုင်ထွန်း(TGI)၊ ဓာတ်ပုံ – ဌေးအောင်

ကချင်ပြည်နယ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ မြောက်ဘက်ဆုံးအပိုင်းတွင် တည်ရှိသည်။ အကျယ်အဝန်း ၃၄၃၇၉ ဒသမ ၂၂ စတုရန်းမိုင်ကျယ်ဝန်းပြီး အရှေ့မှ အနောက်သို့ ၆၈ မိုင်၊ တောင်မှ မြောက်သို့ ၁၆၄ မိုင် ရှည်လျားသည်။ ကချင်ပြည်နယ်သည် အရှေ့ဘက်နှင့် မြောက်ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အနောက်ဘက်တွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် အိန္ဒိယနိုင်ငံ၊ တောင်ဘက်တွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့နှင့် ထိစပ်လျက်ရှိသည်။ ကချင်ပြည်နယ်အား မြစ်ကြီးနားခရိုင်၊ ပူတာအိုခရိုင်၊ ဗန်းမော်ခရိုင်၊ မိုးညှင်းခရိုင်တို့နှင့် ဖွဲ့စည်းထားပြီး မြို့နယ် ၁၈ မြို့နယ်၊ မြို့ ၃၀၊ ရပ်ကွက် ၁၆၀၊ ကျေးရွာအုပ်စု ၅၉၆ အုပ်စု၊ ကျေးရွာပေါင်း ၂၅၇၇ ရွာရှိပြီး မြို့တော်မှာ မြစ်ကြီးနားမြို့ ဖြစ်သည်။ ရန်ကုန်မြို့မှ ၉၁၉ မိုင်နှင့် မန္တလေးမြို့မှ ၄၈၇ မိုင် ကွာဝေးသည်။ တောတောင်ထူထပ်သော ပြည်နယ်တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံ၏ အမြင့်ဆုံးတောင်ထွတ်များဖြစ်သော ခါကာဘိုရာဇီတောင် (အမြင့်ပေ ၁၉၂၉၆)နှင့် ဂမ်လန်ရာဇီတောင်(အမြင့်ပေ ၁၉၁၄၂၁) တို့လည်း တည်ရှိသည်။ မြစ်ချောင်းများအနေဖြင့် မေခမြစ်နှင့် မလိခမြစ်တို့သည် မြစ်ကြီးနားမြို့အနီးတွင်ပေါင်းဆုံပြီး ဧရာဝတီအမည်ဖြင့် လည်းကောင်း၊ တာပိန်မြစ်နှင့် ဥရုမြစ်၊ မိုးကောင်းချောင်း၊ ကောက်ကွေ့ချောင်းတို့သည် ထင်ရှားသော မြစ်ချောင်းများဖြစ်သည်။

အထူးကဏ္ဍ (ဂ) သို့ ››››



## ရဝမ်လူမျိုး (The RAWANGS)

ရဝမ်လူမျိုးများမှာ တိဗက်-မြန်မာလူမျိုးအုပ်စုကြီးမှ ပေါက်ဖွားဆင်းသက်လာကြသော လက်ရှိတိုင်းရင်းသားလူမျိုးဖြစ်သည်။ ယေဘုယျအားဖြင့် မြန်မာနိုင်ငံ၏မြောက်ဘက်အစွန်ဆုံးကျသော ပူတာအိုခရိုင်အတွင်း၌ ရဝမ်ခေါ် ကချင်တိုင်းရင်းသား တောင်ပေါ်လူမျိုးများကို တွေ့ရတတ်သည်။ နိုးကြားတက်ကြွသော လူမျိုးဖြစ်သည်။ ၁၉၅၆ ခုနှစ်က ကချင်ပြည်နယ်ဥက္ကဋ္ဌတာဝန်ယူခဲ့သူ ဦးဇန်ထဆင်မှာ ရဝမ်လူမျိုးဖြစ်သည်။

အထူးကဏ္ဍ (ခ) သို့ ››››



ဧရာဝတီအစ မေခ၊ မလိခ ပေါင်းဆုံရာ မြစ်ဆုံအလှ။

တိုင်းရင်းသားရေးရာ
Affair of National Races

## ရဝမ်လူမျိုး (The RAWANGS)

အထူးကဏ္ဍ (က) မှ »»»

တိဗက်-မြန်မာလူမျိုးအုပ်စုကြီးမှ ဆင်းသက်ပေါက်ဖွားလာကြသော တိုင်းရင်းသားလူမျိုးတို့တွင် ရဝမ်လူမျိုးတို့သည် ရှေးမြန်မာအနွယ်များအုပ်စုတွင် ပါဝင်သည်ဟု ယုံကြည်ကြသည်။ ကချင်ပြည်နယ်အတွင်းရှိ တောင်ပေါ်တိုင်းရင်းသားလူမျိုးဖြစ်သည်။ ရှေးရှေးနှုတ်စကားများအရ ရဝမ်လူမျိုးတို့သည် မဲခေါင်နှင့်သံလွင်မြစ်ဖျားကြားဝယ်တည်ရှိသော ရန်နုကလွန်ခေါ် တောင်ကြီးတွင် စတင်မွေးဖွားခဲ့ကြသည်ဟုဆိုသည်။ ရန်နုကလွန်တောင်ကြီးကို တရုတ်နိုင်ငံရှိ လွန်းဂွေးရာဇီတောင်ပေါ်မှ လှမ်းမြင်နိုင်သည်ဟု ဆိုသည်။ အချို့ရဝမ်လူမျိုးများမှာ တောင်ဘက်ဆွန်ပရာဘွမ် ဒေသဘက်သို့ဆင်းသက်ကြပြီး ဟူးကောင်းတောင်ကြားဒေသတွင် နေထိုင်ခဲ့ကြသည်။ အချို့အမျိုးအနွယ်များမှာ အနောက်ဘက်သို့ခွဲထွက်၍ တရုံမြစ်ဝှမ်းအတွင်းနေထိုင်ကြသည်။ အချို့ တောင်ဘက်သို့ ဆင်းသက်သွားကြပြီးနောက် ပြည်မအတွင်းသို့ ရောက်သွားကြသည်။

### ဘာသာစကား

ရဝမ်ဘာသာစကားကိုလေ့လာခဲ့သူ ဗြိတိသျှအရာရှိ ဂျေတီအိုဘားနဒ်က ရဝမ်စကား၌ အသံနေအသံထား လေးမျိုးရှိရာ သုံးမျိုးမှာ မြန်မာစကား အသံနေအသံထားနှင့် ဆင်သည်ဟု မှတ်ချက်ပြုခဲ့သည်။ ရဝမ်စကားတွင် မြန်မာစကားနှင့် အသံထွက်ပုံချင်းတူသောစကားလုံးများ များစွာရှိရာ အောက်ပါစကားလုံးအချို့ကို လေ့လာကြည့်နိုင်သည်။

| ရဝမ် | မြန်မာ |
|---|---|
| အဖိုင် | အဖေ |
| အမိုင် | အမေ |
| ငါ | ငါ(ကျွန်တော်) |
| ငါး | ငါး |
| ငိုအေ | ငိုသည် |
| ချွတ်အေ | ချွတ်သည် |
| အဆူအေ | ဆူသည် |
| ထမီး | မီး |
| ထဝါး | ဝါး(ဝါးပင်) |
| နမ်ပန်း | ပန်း |
| မှ | မိုး(မိုးကောင်းကင်) |
| ခိုမယာမ | ဟိုမှာဒီမှာ |
| တီယောက် | လူတစ်ယောက် |
| အနီးယောက် | လူနှစ်ယောက် |
| တီဆယ်(လ်) | တစ်ဆယ် |

### အမျိုးအနွယ်နှင့် ပုံသဏ္ဌာန်

ရဝမ်ဟူသောစကားမှာ ၎င်းတို့ဘာသာအားဖြင့် ဖြူစင်သောအဝတ်အစားများကို ဝတ်ဆင်သောလူမျိုးဟု အဓိပ္ပာယ်ရကြောင်း သိရသည်။ ရဝမ်လူမျိုးများကို မြန်မာပြည်အတွင်း၌သာမက တရုတ်နိုင်ငံရှိ တရုံမြစ်ဝှမ်းအထက်ပိုင်း မွန်းဒမ်ဒေသတွင်လည်းတွေ့ရှိရကြောင်း သိရသည်။ ရဝမ်လူမျိုးတို့၏ မူလဌာနေဒေသများမှာ လမ်းပန်းဆက်သွယ်ရေးခက်ခဲသောကြောင့် တစ်နေရာတစ်မျိုး အမျိုးအနွယ်များကွဲပြားသွားသည်။ ရဝမ်အမျိုးအနွယ်များတွင် ထရုံ (Taron)၊ ထလု(Htalu)၊ ဇယ်ဝမ်(Ze Wang)၊ အခူဖိုင်(Ahku-Hpai)၊ ဒရူ(Daru)၊ တန်ဆာ(Tangsar)၊ ကွင်းဖန်(Quinhpan)၊ ရမွန်(Ramun)၊ လွန်မီ(Lung Mi)၊ တမန်(Taman)၊ မတ်ဝမ်(Matwang)၊ ဒဆူ(Dasu) တို့ပါဝင်သည်။ ရဝမ်လူမျိုးစုလေးများသည် ခေါင်လန်ဖူး၊ နောင်မွန်နယ်တို့တွင် ပျံ့နှံ့နေထိုင်ကြသည်။ ရဝမ်လူမျိုးများမှာ ယခုအခါ မျိုးတုံးပျောက်ကွယ်သွားပြီဖြစ်သော လူပုထရုံလူမျိုးမှလွဲ၍ ကျန်လူမျိုးများမှာ သန်မာကြံ့ခိုင်သော ကိုယ်ခန္ဓာအချိုးအစားရှိသည်။ ကိုယ်ကာယအသွင်စိုစိုပြည်ပြည်ရှိသည်။ ၎င်းတို့နေထိုင်ရာ ရေမြေသဘာဝရာသီဥတုအခြေအနေကြောင့် အသားအရေ ဖြူ၍ စိုစိုပြည်ပြည်ရှိသည်။ အရပ်အမောင်းမှာ မနိမ့်မမြင့်ဖြစ်သည်။ မျက်နှာဝိုင်း၍ မျက်လုံးပေါက်ကျဉ်းသည်။ ဆံပင်များမှာ မည်းမှောင်၍သန်သည်။ ရှေးရဝမ်အမျိုးသားများမှာ ရှေးမြန်မာများကဲ့သို့ ဆံပင်ရှည်ထား၍ သျှောင်ထုံးကြသည်။

ဆက်လက်ဖော်ပြပါမည်။



မနောပွဲတွင် ပါဝင်ဆင်နွှဲနေကြသော ရဝမ်လူမျိုးများ။

---

ကယားတိုင်းရင်းသားရိုးရာပွဲတော်

# လွိုင်ကော်မြို့၌ (၆) ကြိမ်မြောက် ကယားအမျိုးသားတို့၏ စုပေါင်းအဲ့ဒိုပေါ်မီပွဲတော် ကျင်းပ

ကိုစိုင်း(လွိုင်ကော်)

**လွိုင်ကော် စက်တင်ဘာ ၂၉**

ကယားလူမျိုးများတွင် ပွဲတော်များရှိသည့်အနက် ထင်ရှားသည့်ပွဲတော်နှစ်ခုဖြစ်သည့် ကေ့ထျိုးဘိုးနှင့် အဲ့ဒိုပေါ်မီပွဲတော်တို့ဖြစ်ရာ စက်တင်ဘာ ၂၇ ရက်က ကယားရိုးရာ စုပေါင်းအဲ့ဒိုပေါ်မီပွဲတော်အား ကယားရိုးရာ အီရိုးဖြင့် ဖွင့်လှစ်ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေး၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ၊ ကယားတိုင်းရင်းသားပြည်သူများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ရှေးဦးစွာ (၆) ကြိမ်မြောက် ကယားအမျိုးသားတို့၏ စုပေါင်းအဲ့ဒိုပေါ်မီဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဖိုးရယ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ကယားအမျိုးသားစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးခူးပလုရယ်က ကယားအမျိုးသားတို့၏ စုပေါင်းအဲ့ဒိုပေါ်မီပွဲတော် ပြုလုပ်ရခြင်း၏ရည်ရွယ်ချက်နှင့် အဲ့ဒိုပေါ်မီ၏ သမိုင်းကြောင်း (၁၅) ချက်ကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက "ဒီပွဲဟာ ကယားတစ်မျိုးသားလုံးကို ကိုယ်စားပြုတဲ့ စုပေါင်းအဲ့ဒိုပေါ်မီပွဲဖြစ်တယ်။ ကျွန်တော်တို့အားလုံးဟာ စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ ပြည်ထောင်စုအသွင်၊ ပြည်ထောင်စုစိတ်ဓာတ်တွေနဲ့ ပြည်နယ်ရဲ့အကျိုးကို ဝိုင်းဝန်းဖော်ဆောင်နေတာဟာလည်း ဒီ စုပေါင်းအဲ့ဒိုပေါ်မီပွဲတော်ကို ကြည့်ခြင်းအားဖြင့် သိနိုင်ပါတယ်။ ဆက်လက်ထိန်းသိမ်းရမယ့်တာဝန်နဲ့ နောင်လာနောက်သားတွေ လက်ဆင့်ကမ်းရမယ့် တာဝန်လည်းရှိတယ်။ ကယားပြည်နယ်မှာရှိတဲ့ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းတွေ ထိန်းသိမ်းမြှင့်တင်မယ့် အခန်းကဏ္ဍအနေနဲ့ ကယားပြည်နယ်မှာရှိတဲ့ တိုင်းရင်းသား (၉) မျိုးလုံးကို ကိုယ်စားပြုတဲ့ စာပေရုံးမြေနေရာကိုလည်း ရှာဖွေတွေ့ရှိခဲ့ပြီးဖြစ်တယ်။ တိုင်းရင်းသားအခွင့်အရေးနဲ့ ပတ်သက်ပြီး တတ်နိုင်တဲ့အခန်းကဏ္ဍကနေ ပံ့ပိုးသွားမှာဖြစ်ပြီး ရိုးရာဓလေ့အစဉ်အလာကို ဘုံသတ်မှတ်နိုင်ရေးအတွက် တူညီတဲ့အမြင်၊ တူညီတဲ့စိတ်ထားနဲ့ စည်းလုံးညီညွတ်စွာ ဆောင်ရွက်ကြဖို့ တိုက်တွန်းလိုတယ်"ဟု အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အလှူငွေ ကျပ် ခုနစ်သိန်း ပေးအပ်ရာ ကယားအမျိုးသားတို့၏ စုပေါင်းအဲ့ဒိုပေါ်မီ ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဖိုးရယ်က လက်ခံရယူပြီး ဥက္ကဋ္ဌ ဦးဖိုးရယ်နှင့် တာဝန်ရှိသူများက ပြည်နယ်ဝန်ကြီးချုပ်နှင့် အလှူရှင်များအား အမှတ်တရလက်ဆောင်ပစ္စည်းနှင့် ဂုဏ်ပြုမှတ်တမ်းများပေးအပ်ပြီး ကယားအမျိုးသားတို့၏ စုပေါင်းအဲ့ဒိုပေါ်မီ ဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ဦးခူးညွန့်ရယ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။



အခမ်းအနားအပြီးတွင် တက်ရောက်လာသော ဧည့်သည်တော်များနှင့် ပြည်သူလူထုအားလုံးက ကယားရိုးရာ အဲ့ဒိုပေါ်မီအကဖြင့် အတူတကွကပြခဲ့ကြကြောင်း သိရှိရသည်။ ■

---

**ဖိတ်ခေါ်ပါသည်**

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့်စပ်ဆိုင်သော အကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။ [စာတည်း]

## ကချင်ပြည်နယ်

အထူးကဏ္ဍ (က) မှ »»»

ကချင်ပြည်နယ်သည် ပူနွေးစွတ်စိုသော ရာသီဥတုရှိပြီး အမြင့်ဆုံးအပူချိန် ၃၈ ဒီဂရီ စင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်မှာ ၅ ဒသမ ၆ ဒီဂရီစင်တီဂရိတ် ဖြစ်သည်။ ကချင်ပြည်နယ်တွင် လူဦးရေ ၁ ဒသမ ၃၅ သန်းကျော် နေထိုင်ကြပြီး ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း၊ နာဂ၊ ကဒူး ကနန်း စသည့် လူမျိုးများစုပေါင်းနေထိုင်ကြသည်။ ကချင်ပြည်နယ်သို့ လာရောက်နိုင်သည့် လမ်းကြောင်းများအနေဖြင့် ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းတို့ဖြင့် လာရောက်နိုင်လေသည်။ လေယာဉ်ဖြင့် ရန်ကုန်၊ မန္တလေးမြို့တို့မှလည်းကောင်း၊ ကုန်းလမ်းအနေဖြင့် မန္တလေးမှတစ်ဆင့် သပိတ်ကျင်း၊ ဗန်းမော် လမ်းကြောင်းနှင့် မန္တလေး၊ ရွှေဘို၊ မြစ်ကြီးနား မဟာဗျူဟာလမ်းအတိုင်း မြစ်ကြီးနားမြို့သို့ ရောက်ရှိနိုင်သည်။ ရေလမ်းကြောင်းအနေဖြင့် မန္တလေးမှ ဗန်းမော်အထိ ဆန်တက်ပြီး ဗန်းမော်မှ ကားဖြင့် ဆက်လက်သွားရောက်နိုင်သည်။ မီးရထားဖြင့်ဆိုပါက မန္တလေး-မြစ်ကြီးနား မီးရထားလမ်းအတိုင်း သွားနိုင်သည်။

ကချင်ပြည်နယ်တွင် ထင်ရှားသောနေရာများမှာ ဧရာဝတီမြစ်ဆုံ၊ ပူတာအိုရေခဲတောင်ဒေသ၊ အင်းတော်ကြီးအိုင်နှင့် ရွှေမဥ္ဇူရေလယ်ဘုရား၊ ဝိုင်းမော်မြို့အနီးရှိ ဝါရှောင်ဆည်၊ ဆဒုံးမြို့အနီးရှိ ဆဒုံးရေတံခွန်နှင့် ကြိုးတံတားတို့အပြင် မြစ်ကြီးနားမြို့ပေါ်ရှိ စီတာပူမနောကွင်း၊ ကရိန်နော်အပန်းဖြေ ရိပ်သာ၊ အောင်မြင်သာကျေးရွာအနီးရှိ ဝါးရုံတောအပန်းဖြေစခန်း၊ မိုးမောက်မြို့အနီးရှိ ကျောက်စခန်းရွာ (Stone Village)၊ ကောင်းတုံခံတပ်ဟောင်း၊ နာမည်ကျော် ငဆောင်ချမ်းကျေးရွာနှင့် ဧရာဝတီ၏ ပထမနှင့် ဒုတိယမြစ်ကျဉ်းတို့သည် သွားရောက်လေ့လာလည်ပတ်သင့်သော နေရာများပင်ဖြစ်သည်။ ကချင်ရိုးရာအစားအစာများဖြစ်သည့် ဆီပါ၊ ကြက်ကချင်ချက်၊ ခရုဆန်လှော်၊ မိုးလွှတ်သုတ် (ဝက်/အမဲ)၊ ကချင်ရိုးရာ တောင်ယာတောလက်ဆုံထမင်းစားပွဲ(ဆန်ကောထမင်း)၊ ငါးကင်၊ ငါးပေါင်းနှင့် ဗန်းမော်မျှစ်ချဉ်ခေါက်ဆွဲ၊ မိုးမောက်ကြက်ပေါင်းတို့မှာလည်း ထင်ရှားသည့်အစားအစာများပင် ဖြစ်သည်။ ရိုးရာဓလေ့ပွဲများတွင် မနောပွဲသည် ထင်ရှားသည်။ နှစ်စဉ် ဇန်နဝါရီ ၁၀ ရက် ကချင်ပြည်နယ်နေ့တွင် ကျင်းပကြသည်။ အခြားသောပွဲများမှာ ကောက်သစ်စားပွဲ၊ အိမ်သစ်တက်ပွဲတို့ပင် ဖြစ်သည်။ သို့ဖြစ်၍ သာယာလှပပြီး မြန်မာနိုင်ငံ၏ အသည်းနှလုံးသဖွယ်တည်ရှိသည့် ဧရာဝတီမြစ်ကြီးဖြစ်တည်ရာ ကချင်ပြည်နယ်သို့ လာရောက်လေ့လာနိုင်ရန် တင်ပြလိုက်ရပါသည်။



မနောတိုင်နှင့် မနောအက။

အထူးကဏ္ဍ (က) မှ »»»

အလယ်ပိုင်းသို့ခွဲထွက်သွားသောအစုတွင် မြန်မာ အစု၊ မရု-အဇီအစု၊ ကတူး-ကနန်းအစု၊ ခနု-တောင်ရိုးအစု၊ ရခိုင်အစု၊ အင်းသားအစု၊ ထားဝယ်အစု၊ ယော-တောင်သားအစုလေးများ ပါဝင်သည်။ အရှေ့ဘက်သို့ခွဲထွက်သော တိဗက်-မြန်မာအစုတွင် စီ-ဖန်အစု၊ လိုလို အစုနှင့် အခြားအစုများပါဝင်သည်။ အနောက်ဘက်သို့ ခွဲထွက်သော တိဗက်-မြန်မာအစုတွင် ကချင်အစု၊ ချင်းအစု၊ လူရှိုင်းအစု၊ နာဂအစုတို့ပါဝင်သည်။

မွန်-ခမယ်အနွယ်တို့တွင် မျောင်-ယောင်အစု၊ မင်-ချိုင်အစု၊ ဝ-ပလောင်အစု၊ မွန်အစုနှင့် အခြားအစုများပါဝင်သည်။ တရုတ်ထိုင်းအနွယ်တွင် ကရင်အစု၊ သျှမ်းအစုနှင့် အခြားအစုငယ်များပါဝင်သည်။ ယင်းသို့ဖြင့် ဒေသအလိုက်၊ အစုအလိုက်စုဝေးနေထိုင်ကြပြီး ထိုမှ လူမျိုးစုများပျံ့နှံ့ခွဲထွက်လာကာ မျက်မှောက်ကာလအထိ တိုင်းရင်းသားလူမျိုးစု ၁၃၅ စုအထိ ဖြစ်တည်နေသည်။

တိုင်းရင်းသားလူမျိုးစုများသည် ပြည်ထောင်စုအတွင်း ပျံ့နှံ့ဖြစ်တည်ခဲ့ရာတွင် မူလ လူမျိုးအနွယ်ကြီးများသည် မြန်မာပြည်မြောက်ဖျားမှ စတင်ဆင်းသက်လာခြင်းဖြစ်ရာ မြန်မာပြည်မြောက်ဖျားလူမျိုးများမှ ပြည်ထောင်စုသားများကို စတင်ဖော်ညွှန်းပြလျှင် လျော်ကန်သင့်မြတ်ပေလိမ့်မည်ဟု ယူဆပါသည်။ ယင်းသို့ဖော်ပြရာတွင် ရှေးဦးလူမျိုးစုများနှင့် ယခုတည်ရှိနေသော လူမျိုးစုများအား ယှဉ်တွဲဖော်ပြခြင်းဖြင့် လူမျိုးစုဖြစ်တည်မှုပိုမိုခိုင်မာလိမ့်မည်ဟု ယူဆပါသည်။

ယခုမြန်မာနိုင်ငံနယ်နိမိတ်အရ မြန်မာပြည်မြောက်ပိုင်းတွင် ကချင်ပြည်နယ်တည်ရှိပြီး ကချင်တိုင်းရင်းသားအစု ရှစ်မျိုးရှိနေသည်။ ကချင်ပြည်နယ်၏ မြောက်ပိုင်းအစွန်း ပူတာအိုခရိုင်တွင် လွတ်လပ်ရေးရပြီးကာလအထိ ဒုံခေါ် ရဝမ်လူမျိုး၊ လီဆူးလူမျိုး၊ ဂျင်းဖောဒူလင်းလူမျိုး၊ ခန္တီးရှမ်းလူမျိုးများ ယနေ့ထက်တိုင် တည်ရှိကြပြီး တိမ်မြုပ်ပျောက်ကွယ်နေသော ထရုံလူမျိုးနှင့် တိဗက်လူမျိုးများရှိခဲ့သည်မှာ အံ့သြဖွယ်ဖြစ်သည်။ သို့ဖြစ်၍ ယနေ့ ပြည်ထောင်စုကြီးအတွင်း ပျံ့နှံ့တည်ရှိနေသော ပြည်ထောင်စုတိုင်းရင်းသားများ၏ ပထဝီဝင်သမိုင်းနှင့်တကွ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ ဘာသာရေး၊ လူမျိုးရေး၊ စီးပွားရေးတို့ကိုစုစည်း၍ အပတ်စဉ်ဖော်ပြပေးလိုက်ပါသည်။

*ရည်ညွှန်းကိုးကား - ဦးမင်းနိုင်(ဘီအေ) (ရှေးဟောင်းသုတေသန)*
*တို့တိုင်းရင်းဖွား ပြည်ထောင်စုသား*
*- ဗိုလ်မှူးကြီးစောမြင့် (ယိမ်းနွဲ့ပါးအဖွဲ့)*
*ပူတာအိုနယ်စာတမ်း*

ချင်းတိုင်းရင်းသားရိုးရာပွဲတော်

# ချင်းတိုင်းရင်းသားမျိုးနွယ်စုတစ်ခုဖြစ်သော ဇိုမီးလူမျိုးတို့၏ ရိုးရာခွါဒိုပွဲတော်ကျင်းပမည်

■ ဇိုဟောဆာ




**တီးတိန် စက်တင်ဘာ ၂၉**

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်း တစ်ရာကျော် စုပေါင်းမှီတင်းနေထိုင်လျက်ရှိရာ ချင်းတိုင်းရင်းသားမျိုးနွယ်စုတစ်ခုဖြစ်သော ဇိုမီးလူမျိုးတို့၏ ခွါဒိုပွဲတော် (ရိုးရာကောက်သစ်စားပွဲတော်)ကိုလည်း ယခုနှစ်တွင် တီးတိန်မြို့နယ် ဆိုင်းဇန်ကျေးရွာ၌ စည်ကားစွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ရိုးရာခွါဒိုပွဲတော်ကို ချင်းပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တီးတိန်မြို့မှ ခုနစ်မိုင်ခန့်ကွာဝေးသော ဆိုင်းဇန်ကျေးရွာ၌ နိုဝင်ဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် စည်ကားစွာကျင်းပမည်ဖြစ်ကြောင်း၊ ချင်းပြည်နယ် ကျေးလက်လူထုအခြေပြုခရီးသွားလုပ်ငန်းမြှင့်တင်ရေး အစီအစဉ်တစ်ရပ်အနေဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ပြီးခဲ့သည့်နှစ် ခွါဒိုပွဲတော်ကို တီးတိန်မြို့နှင့် လိုင်လိုးကျေးရွာတွင် ကျင်းပခဲ့ကြောင်း၊ ခွါဒိုပွဲတော်ကို ဇိုမီးတိုင်းရင်းသားမျိုးနွယ်စုတို့၏ ရိုးရာဓလေ့တစ်ခုအဖြစ် အစဉ်အလာမပျက် နှစ်စဉ်ကျင်းပခြင်းဖြစ်ပြီး ထိုသို့ နှစ်စဉ်ကျင်းပပေးခြင်းအားဖြင့် ဇိုမီးတိုင်းရင်းသားမျိုးဆက်သစ်များကိုလည်း လက်ဆင့်ကမ်းပေးရာရောက်မည်ဖြစ်ကြောင်း ပွဲဖြစ်မြောက်ရေးကော်မတီဝင်တစ်ဦးက ပြောကြားသည်။

"ကျွန်တော်တို့ရဲ့ ရိုးရာဓလေ့တစ်ခုဖြစ်တဲ့ ရိုးရာကောက်သစ်စားပွဲကို ကျွန်တော်တို့ ဘိုးဘွားလက်ထက်ကတည်းက လုပ်ခဲ့တဲ့ပွဲပါ။ စည်းလုံးမှုရှိဖို့အတွက် အေးအတူပူအမျှနေဖို့အတွက် ရည်ရွယ်ပြီးပြုလုပ်တဲ့ပွဲလေးပါ။ မျိုးဆက်သစ်လူငယ်တွေကိုလည်း ဆက်လက်ပြီး လုပ်ဆောင်နိုင်ဖို့အတွက် လက်ဆင့်ကမ်းပေးသွားမှာပါ"ဟု ၎င်းက ဆက်လက်ပြောပြသည်။

ခွါဒိုဆိုသည်မှာ ဇိုမီးတိုင်းရင်းသားတို့၏ စကားဖြစ်ပြီး ချင်းတိုင်းရင်းသားများတွင် မျိုးနွယ်စုကွဲများစွာရှိသည့်အတွက် ရိုးရာပွဲတော်တစ်ခုဖြစ်သည့် ခွါဒိုပွဲတော်ကျင်းပပုံများလည်း မတူညီကြကြောင်း၊ နေရာဒေသအလိုက် အမျိုးမျိုးခေါ်ဝေါ်သုံးစွဲကြသော်လည်း ခွါဒိုပွဲ၏အနှစ်သာရမှာ သီးနှံများရိတ်သိမ်းပွဲ၊ ကောက်သစ်စားပွဲ၊ နှစ်သစ်ကူးပွဲ၊ ကျေးဇူးတော်ချီးမွမ်းပွဲနှင့် ပူဇော်ပသပွဲများပင်ဖြစ်ကြောင်း သိရသည်။

ဇိုမီးတိုင်းရင်းသားတို့၏ ခွါဒိုပွဲတော်ကို တီးတိန်၊ တွန်းဇံ၊ ကျီခါးမျိုးနွယ်စုများက ခွါဒို (Khuado, Anlak, Tuktun, Kumkhen, Cianlep)ပွဲဟူ၍လည်းကောင်း၊ ဟားခါးမျိုးနွယ်စုများက ထို(Tho)ပွဲဟူ၍ လည်းကောင်း၊ ထန်တလန်မျိုးနွယ်စုများက ထလိုင်ထာရ် (Thlaithar)ပွဲဟူ၍လည်းကောင်း၊ ဖလမ်းမျိုးနွယ်စုများက ဖာန်းအဲရ်(Fanger)၊ ဒေါင်းပွီး (Dongpui)ပွဲဟူ၍လည်းကောင်း၊ မတူပီမျိုးနွယ်စုများက စပ်ယိမ်း(Cekzing)ပွဲဟူ၍ လည်းကောင်း၊ ကန်ပက်လက်မျိုးနွယ်စုများက နာမ်ပွေး(Nampui)ပွဲဟူ၍ လည်းကောင်း၊ မင်းတပ်မျိုးနွယ်စုများက ကုန်ကြီ(Kunci)ပွဲဟူ၍လည်းကောင်း၊ ထာဒို(Thado)နှင့် မီဇိုး (Mizo)မျိုးနွယ်စုများက ကြတ်ကြာကွတ် (Capcar Kut)ပွဲဟူ၍လည်းကောင်း၊ ပလက်ဝမြို့နယ်နေ ခမီးလူမျိုးနွယ်စုများကလည်း ဒေသအလိုက် အသီးသီးခေါ်ဝေါ်၍လည်းကောင်း နှစ်စဉ်ကျင်းပလျက်ရှိကြကြောင်း သိရသည်။

ချင်းတိုင်းရင်းသားရိုးရာဓလေ့



# ပါးမည်းထိုးခဲ့ရတဲ့ အကြောင်းကို သူတို့ ဒီလိုပြောခဲ့တယ်. . .

ဓာတ်ပုံ-အင်တာနက်

■ စည်သာ

ကျွန်တော်တို့ ရောက်ခဲ့သည့်နေရာမှာ ချင်းပြည်နယ် (တောင်ပိုင်း)မှာရှိသည့် ကန်ပက်လက်မြို့နှင့် မင်းတပ်မြို့တို့ဖြစ်သည်။ မင်းတပ်မြို့ အနောက်ရပ်ကွက်တွင် နေထိုင်သည့် အသက် (၅၆) နှစ်အရွယ်ရှိ မြန်မာစကား ပြောပြလျှင် နားလည်ပြီး ပြန်မပြောတတ်သည့် ဒေါ်ဟုန်းရှဲင်းက အသက်(၁၅)နှစ်အရွယ်မှာ ပါးမည်းထိုးခဲ့ရသည့်အကြောင်းကို ချင်းဘာသာစကားပြန်ကတစ်ဆင့် ပြောပြရာမှာ "ကျွန်မတို့ဟာ တိဗက်က ဆင်းသက်လာပြီး ကချင်လူမျိုး ချင်းတိုင်းရင်းသားများဖြစ်လာတယ်။ ချင်းဆိုတာ အသက်ကြီးသူဟု ခေါ်ပါတယ်။ ပါးမည်းထိုးခဲ့ရတဲ့အကြောင်းကတော့ ချင်းဒေသမှာ ကျားတွေပေါပါတယ်။ ကျားက လူကိုကြောက်အောင် ထိုးခြင်းဖြစ်ပါတယ်။ ကျားမျက်စိထက်များအောင် မျက်နှာမှာ အခုလို အစက်အပြောက်အများကြီးကို မျက်နှာပြည့်ထိုးခဲ့ရပါတယ်။ ပါးမည်းကို မကန်း၊ ဒိုင်နဲ့ မွန်းမျိုးနွယ်စုတွေက ထိုးကြပါတယ်။ ကျွန်မက မကန်းမျိုးနွယ်ဖြစ်ပြီး မကန်းဆိုတဲ့ အနက်အဓိပ္ပာယ်ကတော့ လွတ်လပ်တယ်၊ လှပချောမောတယ်၊ ဖော်ရွေတယ်၊ သစ္စာရှိတယ်၊ ရဲရင့်တယ်လို့ အဓိပ္ပာယ်ရပါတယ်။ ကျွန်မက အိမ်ထောင်ရှိပြီး သားသမီးလည်း ရှိပါတယ်"ဟု ပြောပြသည်။

ဒေါ်ဟုန်းရှဲင်း၏ ပါးမည်းမျက်နှာနှင့်အတူ သူ၏နားတွင် တပ်ဆင်ထားသော နားတောင်း (မြန်မာအခေါ် နားကပ်)နှင့် ပတ်သက်၍ ထပ်မံမေးမြန်းကြည့်ရာ"ကျွန်မ နားပေါက်ကို ဖြူဆူးနဲ့ ဖောက်ခဲ့တာပါ။ အပေါက်ဖောက်ပြီး မြက်သက်ငယ်ရိုးနဲ့ ထိုးခဲ့ရတယ်။ အဲဒီနောက်မှာ ငယ်ရာကနေကြီးလာတဲ့အထိ ဘူးသီးခြောက်အရွယ်အစား အလိုက်ကို ပိုင်းဖြတ်ပြီး နားပေါက်မှာစွပ်ထားပါတယ်။ အဲဒီကနေမှ အခုနားပေါက်ဟာ တဖြည်းဖြည်း ကျယ်ပြီးကြီးလာတာပါ။ သာမန်အချိန်မှာတော့ ဘူးသီးခြောက်ပိုင်းကို တပ်ထားပါတယ်။ ပွဲလမ်းသဘင်နဲ့ ဧည့်ခံပွဲတွေရှိရင်တော့ ရောင်စုံကျောက် ပုတီးစေ့တွေနဲ့ လုပ်ထားတဲ့ နားတောင်းအဝိုင်းကြီးကို တပ်ဆင်ပါတယ်"ဟုပြောရင်း သူ၏တစ်ကိုယ်ရေအသုံးအဆောင်ပစ္စည်းများဖြစ်သည့် ဆွဲကြိုးများ၊ ခါးပတ်များ၊ အင်္ကျီများနှင့် အသုံးအဆောင်ပစ္စည်းများကို အိတ်ကြီးတစ်လုံးအတွင်းမှ ထုတ်ယူဝတ်ဆင်ပြပြီး သူသောက်သုံးနေကျ ကြေးဆေးတံကြီးနှင့်အတူ ဓာတ်ပုံအရိုက်ခံနေရသည်မှာ ပျော်ရွှင်နေသယောင် တွေ့မြင်နေရသည်။ သူသည် မင်းတပ်မြို့တွင် မသိသူမရှိဖြစ်ပြီး မင်းတပ်မြို့သို့ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များလာရောက်လည်ပတ်ကြလျှင်လည်း သူ၏ဝတ်စားဆင်ယင်နေထိုင်မှု ဓလေ့စရိုက်များကို ဓာတ်ပုံနှင့်ဗီဒီယိုများဖြင့် ရိုက်ကူးမှတ်တမ်းတင်ခြင်းကို ခံကြရကြောင်း သိရသည်။

တနင်္ဂနွေနေ့ ဘုရားရှိခိုးကျောင်း ဝတ်ပြုဆုတောင်းပွဲသို့ တက်ရောက်လာသော ဘဝသစ်ရပ်ကွက်မှ အသက် ၅၅ နှစ်ရှိ ဒေါ်လိန်းလဲင်းကလည်း ပါးမည်းထိုးခဲ့ရခြင်းနှင့် ပတ်သက်ပြီး သူ၏ အတွေ့အကြုံကို ပြောရာမှာတော့ "ကျွန်မတို့ အသက် ၁၄ နှစ်၊ ၁၅ နှစ်အရွယ် အပျိုဖြစ်လာတဲ့အချိန်မှာ ပါးမည်းထိုးကြရပါတယ်။ အခုအိမ်ထောင်ကျပြီးသားသားသမီးတွေရှိပါတယ်။ ကျွန်မတို့ ပါးမည်းထိုးတဲ့အခါ မျက်နှာမှာ ထိုးတဲ့ပုံစံဒီဇိုင်းက မကန်းနဲ့ ဒိုင်မျိုးနွယ်စုတွေက တူပါတယ်။ မွန်းမျိုးနွယ်စုထိုးတဲ့ ပုံစံဒီဇိုင်းကတစ်မျိုးပါ။ ပါးမည်းထိုးတဲ့အခါ ကြိမ်ဆူးခြောက်တွေ၊ ဖြူဆူးတွေနဲ့ထိုးကြရပါတယ်။ အခုခေတ်မှာတော့ ပါးမည်းမထိုးကြတော့ပါဘူး။ ရှေးခေတ်က အယူဝါဒတွေကြောင့် ထိုးကြတာပါ။ ကျွန်မတို့ ထိုးခဲ့ရတဲ့အကြောင်းကတော့ လူကြီးသူမတွေပြောစကားအရဆိုရင် ရှေးယခင်က ဘုရင်တွေတိုင်းခန်းလှည့်လည်ရင် မိန်းကလေးတွေကို တော်ကောက်သွားကြတယ်။ အဲဒါကြောင့် ကျွန်မတို့ရဲ့အလှတွေကို မမြင်ရအောင် ပါးမည်းထိုးကြရတယ်" ဟု သူ ပါးမည်းထိုးဖြစ်ခဲ့ရသည့် ပုံပြင်ဆန်ဆန်အကြောင်းလေးကို ပြန်ပြောင်းပြောပြသည်။

မကန်းနှင့် ဒိုင်မျိုးနွယ်စုများထိုးသော ပါးမည်းပုံစံ ဒီဇိုင်းနဲ့မတူဘဲ ပုံစံဒီဇိုင်းတစ်မျိုးဖြင့် မျက်နှာတွင် ပါးမည်းထိုးထားသော မွန်းမျိုးနွယ်စုဝင်တစ်ဦးဖြစ်သည့် အသက် (၆၃) နှစ်အရွယ်ရှိ ဒေါ်ဆွေလီကို ပါးမည်းအကြောင်း မေးမြန်းကြည့်ရာ "ကျွန်မအသက် ၁၄ နှစ်အရွယ်ကတည်းက ပါးမည်းထိုးခဲ့တာပါ။ သစ်ပင်ဆူးနဲ့ ထိုးခဲ့တာပါ။ အခုတော့ သားသမီး ခြောက်ဦးရှိပါတယ်။ ကျွန်မတို့ မွန်းမျိုးနွယ်စုက နားတောင်းမဝတ်ဆင်ပါဘူး။ ကျွန်မတို့ပါးမည်းထိုးတဲ့အခါ မိန်းကလေးတွေ အချင်းချင်း တစ်ဦးနဲ့တစ်ဦးထိုးပေးခဲ့ကြရပါတယ်။ ကျွန်မရဲ့ သူငယ်ချင်းလေးဦးကို ကျွန်မကိုယ်တိုင် ထိုးပေးခဲ့တယ်။ အခု အဲဒီထဲက နှစ်ဦးကျန်သေးတယ်။ ပါးမည်းထိုးရတဲ့အကြောင်းကတော့ ရှေးခေတ်မင်းတွေက ပါးမည်းထိုးထားရင်မယူကြတော့ဘူး။ အဲဒါကြောင့် လူကြီးတွေက အပျိုဖြစ်ပြီဆိုရင် ပါးမည်းထိုးပေးကြတယ်"ဟု ရှင်းပြသည်။

မျက်နှာပြင်မှာ ဖြူဝင်းသန့်ရှင်းကြည်လင်ကာ အပြုံးမျက်နှာဖြင့် မြင်တွေ့ရသူ အသက် (၃၅) နှစ်အရွယ်ရှိ အိမ်ထောင်ရှင် ဒိုင်မျိုးနွယ်စုဝင် အမျိုးသမီးတစ်ဦးဖြစ်သော မကီးရောင်ကလည်း သူ လူမှန်းသိတက်စ အရွယ်ကစတင်၍ မိခင်ဖြစ်သူပါးပြင်၌ ပါးမည်းထိုးထားသည်ကို မြင်တွေ့ရသည့်အခါ အထူးအဆန်းဖြစ်ကာ မေးမြန်းဖြစ်ခဲ့ပုံလေးကို မြန်မာစကားပီပီသသဖြင့် ပြုံးရွှင်စွာပြောပြရာ အဖြေက တစ်မျိုးထွက်လာပြန်ပါသည်။ "ကျွန်မ အမေကို အမေ ပါးမည်းထိုးထားတာ မနာဘူးလားလို့ မေးကြည့်တော့ အမေက အလွန်နာတာပေါ့ သမီးရယ်တဲ့။ သူများတွေထိုးတာမြင်တော့ ထိုးချင်တာနဲ့ ထိုးလိုက်တာ၊ ပါးမည်းဟာ ချင်းရိုးရာဖြစ်တယ်။ လှတယ်လို့ ခံစားရတယ်တဲ့၊ အမေက အခုထိရှိပါသေးတယ်။ ကျွန်မကလည်း အခု အိမ်ထောင်ရှင်တစ်ဦးပါ။ ကျွန်မတို့ခေတ်ကစပြီး အရွယ်ရောက်လာတော့ ပါးမည်းမထိုးကြတော့ပါဘူး။ ထိုးပေးမယ့်သူလည်း မရှိကြတော့ဘူး။ အထိုးခံမယ့်သူက အများကြီးလို့ကြားဖူးတယ်။ အခုတော့ ကျွန်မနဲ့ ကျွန်မတို့သားသမီးတွေခေတ်မှာ မတိမ်ကောမပျောက်ကွယ်သေးတဲ့ ပါးမည်းထိုးထားတဲ့သူတွေကိုတော့ တွေ့နေရတုန်းပဲ။ အခုခေတ်မှာ အမြင်နဲ့ပြောရရင် ခေတ်အရလည်း မြင်ရတာမကောင်းတော့ဘူး။ မျက်နှာမှာ မည်းမည်းကြီးနဲ့မြင်လို့လည်း မကောင်းဘူး။ ထိုးလည်း မထိုးသင့်တော့ဘူး။ အဲဒါကြောင့် အခုဘယ်သူမှ မထိုးကြတော့ဘူး" ဟု ခေတ်နှင့်အညီ အမြင်ကျယ်ကာ ဗဟုသုတရှိစွာဖြင့် ပြောပြသည်။ ■

ကချင်တိုင်းရင်းသားရိုးရာအစားအစာ

# ဆီ၊ အချိုမှုန့်မပါ ကျန်းမာရေးအတွက် အထူးကောင်းမွန်တဲ့ ကချင်ရိုးရာအစားအစာ ဆတ်ကချင်သုပ်

■ အလင်းသစ်



အစားအစာတွေထဲမှာ တိုင်းရင်းသားတွေရဲ့ ရိုးရာဓလေ့အစားအစာများအဖြစ် တိုင်းရင်းသားတိုင်းမှာ သူ့ဓလေ့နဲ့သူ စားစရာအမယ်များစွာရှိနေတာသည်လည်း ရိုးရာအစားအစာတစ်ခုစားတဲ့အခါတိုင်းမှာ တိုင်းရင်းသားတို့ကို အမှတ်တရဖြစ်နေစေမယ်လို့ ထင်ပါတယ်။ အဲဒီအစားအစာတွေထဲက ဒီတစ်ပတ်ရဲ့ တိုင်းရင်းသားရေးရာကဏ္ဍမှာ ကချင်အစားအစာနဲ့ပတ်သက်ပြီး ဖော်ပြချင်တာကတော့ ရိုးရာအစားအစာတွေထဲကနေ ကချင်ရိုးရာအစားအစာတစ်မျိုးဖြစ်တဲ့ ဆတ်ကချင်သုပ်ပဲဖြစ်ပါတယ်။

ဆတ်ကချင်သုပ်ဆိုတာကတော့ တောတွင်းအစားအစာတစ်မျိုးပါပဲ။ တောတွင်းမှာတော့ ချက်တဲ့သူကချက်၊ မီးဖုတ်စားတဲ့သူက စားကြတယ်။ လက်ရှိမှာတော့ ဆတ်သားကို ပြုတ်ထားလိုက် ဆတ်သားအနံ့ထွက်လာအောင် လှော်လိုက်တယ်။ ပြီးတော့ အစပ်တွေထည့်ပြီး ကချင်စာပုံစံပြန်လုပ်ရပါတယ်။ ဆီမပါဘူး။ အချိုမှုန့်မပါဘူး။ ကချင်အစားအစာမှာ အစပ်ပါတာဟာ အစပ်ကြိုက်လို့တော့မဟုတ်ဘူး။ အအေးဒဏ်ခံနိုင်အောင်လို့ပါ။

တောတွင်းသွားတဲ့အချိန်မှာ စားတဲ့အစားအစာဖြစ်ပါတယ်။ ရာသီဥတုကလည်းအေးတာဆိုတော့ အများစုက အစပ်စားကြတယ်။ ကချင်အစားအစာအများစုက လီဆူးရိုးရာ အစားအစာတွေပါ။ အဲဒီကနေဆင်းသက်လာတော့ ကချင်အစားအစာတွေဖြစ်လာတာပါ။ တောတွင်းမှာချက်စားရင်းကနေ နာမည်ပေါက်သွားတာတွေက များပါတယ်။

ဆတ်ကချင်သုပ်မှာ အဓိကပါဝင်တာကတော့ ဖက်ဖယ်ဖြစ်ပါတယ်။ ဖက်ဖယ်၊ ပင်စိမ်းတို့လို ပူပူရှိန်းရှိန်းအရွက်တွေပါ။ ကချင်ပြည်နယ်မှာတော့ ရေနဲ့နီးစပ်တဲ့ မြစ်ကမ်းနံဘေး၊ လျှိုနံဘေးနဲ့ တောစပ်စတဲ့နေရာတွေမှာ ပေါက်ရောက်တတ်တဲ့ အပင်တစ်မျိုးပါ။ အခု မြန်မာပြည်တွင်းမှာတော့ အေလာမှာတောင် ဖက်ဖယ်ကို စိုက်ပျိုးနေပါပြီ။ ငါးကင်တွေမှာလည်း ဖက်ဖယ်ကို ထည့်သုံးနေပါပြီ။ ဖက်ဖယ်ရဲ့အရသာက စူးစူးရှရှအရသာ ဖြစ်ပါတယ်။

ဆတ်ကချင်သုပ်မှာ မဆလာနဲ့ ငရုတ်ကောင်းတို့ပါဝင်ပြီး အစပ်အရသာ ရှိလာအောင် ငရုတ်သီးကိုလည်း သုံးရပါတယ်။ ဒီအစားအစာဟာ ကချင်လူမျိုးတွေရဲ့ ရိုးရာအစားအစာတစ်မျိုးဖြစ်ပေမယ့် အအေးပိုင်းမှာ နေထိုင်သူတွေနဲ့ အစပ်အရသာကို ကြိုက်နှစ်သက်သူတွေအတွက်တော့ ထူးခြားတဲ့အရသာတစ်မျိုးကို ရရှိစေမှာလည်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံမြောက်ပိုင်းမှာအနေများတဲ့ ကချင်လူမျိုးတွေရဲ့အစားအစာဟာ အဆီနည်းပြီး တချို့သောအစားအစာတွေမှာ ဆီလုံးဝမပါတာတွေလည်း ရှိပါတယ်။ အငန်ဓာတ်လျော့နည်းတဲ့အပြင် ကျန်းမာရေးနဲ့ညီညွတ်ပြီး ဆေးဖတ်ဝင်တာကြောင့် တစ်ကြိမ်တစ်ခါပဲဖြစ်ဖြစ်စားသုံးကြည့်သင့်ကြောင်း ညွှန်းဆိုလိုက်ပါတယ်။ ■

## မဟာဗောဓိမဏ္ဍရိပ်သာ၌ တရားစခန်းဖွင့်မည်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ လေးထောင့်ကန်စံပြရှိ မဟာဗောဓိမဏ္ဍရိပ်သာကျောင်းတိုက်တွင် (၇) ရက် အဓိဋ္ဌာန်တရားစခန်းပွဲ ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် တရားစခန်းဝင်လိုသော ယောဂီများသည်

ဖုန်း-၀၉ ၄၂၀၁၄၅၉၃၄ သို့ စာရင်းပေးသွင်းနိုင်ပါပြီ။

| | | |
|---|---|---|
| တရားစခန်းဝင်ရမည့်နေ့ | - | ၂၂-၁၀-၂၀၁၇ ရက် (တနင်္ဂနွေနေ့) ညနေ ၄ နာရီအရောက် လာရမည်။ |
| တရားစခန်းပြီးဆုံးမည့်နေ့ | - | ၂၉-၁၀-၂၀၁၇ရက် (တနင်္ဂနွေနေ့) |

## လယ်တီမူဝိပဿနာအချိန်ပိုင်း တရားစခန်းပွဲ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗဟိုရ်လမ်း၊ ဆီဆုံလမ်းထိပ်၊ ဗားကရာကျောင်းတိုက်အတွင်း တိုက်ကြီးမြို့နယ်အသင်းဓမ္မာရုံ၌ လစဉ် ၁ ရက်မှ ၇ ရက်အထိ ညနေ ၅ နာရီခွဲမှ ၇ နာရီအထိ မြတ်ဗုဒ္ဓ၏ ပဋိပတ်အကျင့်မြတ်ဖြစ်သော သစ္စာလေးပါး တရားတော်များကို လယ်တီမူ အနာဂါမ်ဆရာသက်ကြီး၏ ဥပနိဿယဖြင့် ကမ္မဋ္ဌာန်းနည်းပြဆရာ ဦးအေးထွန်း (ညောင်လွန့်)မှ ဟောကြားပို့ချ ဓမ္မဒါန ပြုမည်ဖြစ်ပါ၍ မည်သူမဆို တရားတော်များ လာရောက်ပွားများ အားထုတ်နိုင်ကြပါရန် ဖိတ်ကြားနှိုးဆော်အပ်ပါသည်။

**ဆက်သွယ်ရန်**

**ဖုန်း-၀၉-၄၄၄၆၂၄၅၇၇**

## မြောက်ဦးဆရာတော်၏ ရန်ကုန်(၁၂)ကြိမ်မြောက် ကထိန်အလှူပွဲ ဖိတ်ကြားလွှာ

ရတနာမာရ်အောင်တောရဓမ္မရိပ်သာများ၏ ဦးစီးပဓာန နာယကချုပ် ဖြစ်တော်မူသော မြောက်ဦးဆရာတော်ဝနဝါသီ အရှင်ဝါယာမိန္ဒ (မဟာကမ္မဋ္ဌာနာစရိယ)အား အမှူးထား၍ ပုရိမဝါမှ ထတော်မူကြသော သံဃာတော်များနှင့် ပင့်သံဃာ (၁၈၀)ပါးတို့အား အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကထိန်မြတ်သင်္ကန်း၊ ဆက်ကပ်လှူဒါန်းခြင်း၊ ပုနောပသမ္ပဒ စုပေါင်းသိက္ခာထပ် ပူဇော်ပြီး ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ရခိုင်ပြည်နယ်ရှိ တပည့်ဒါယကာ-ဒါယိကာမများမှ "စုပေါင်းမဟာဘုံကထိန်"အလှူတော်မင်္ဂလာ ဆင်ယင်ကျင်းပလှူဒါန်းပူဇော်ကြမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးရှိ ဆရာတော်ကြီး၏ တပည့်ဒါယကာ-ဒါယိကာမ အပေါင်းတို့အား လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| **မြတ်ကထိန်အလှူ၏ ကျင်းပမည့်နေ့ရက်** | - | ၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်၊ (စနေနေ့) ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ(၇)ရက် |
| **မြတ်ကထိန်အလှူ၏ အချိန်** | - | နံနက် ၈ နာရီ |
| **မြတ်ကထိန်အလှူ၏ ကျင်းပမည့်နေရာ** | - | နွယ်ဘာကီလမ်း၊ ဉာဏရပ်ကွက်၊ ပုလဲမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့ |
| **လမ်းညွှန်** | - | အမှတ်(၃)လမ်းမကြီး၏ ရခိုင်ကျောင်းလမ်းမှတ်တိုင်မှ မြောက်ဦးဆရာတော်ကျောင်း လမ်းညွှန်အတိုင်း လာရောက်နိုင်ပါသည်။ |

**(ဓမ္မဝန်ဆောင်အဖွဲ့)**

### လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
### လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနတွင် အသုံးပြုရန် လျှပ်စစ်အန္တရာယ်နှင့် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးအတွက် လိုအပ်သော Safety Equipments များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| | | |
|---|---|---|
| တင်ဒါပုံစံရောင်းချမည့်ရက် | - | ၂၉-၉-၂၀၁၇ ရက် |
| တင်ဒါပိတ်မည့်ရက် | - | ၁၇-၁၀-၂၀၁၇ ရက် |
| တင်ဒါပိတ်မည့်အချိန် | - | ၁၄:၀၀ နာရီ |

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်။**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂**

**အားကစားစက်ပစ္စည်းများ ရောင်းရန်ရှိသည်**
မျက်မြင်ကြည့်ရှု ဝယ်ယူနိုင်သည်။
(လျှော့ဈေးဖြင့် ရောင်းသည်။)
**ဆက်သွယ်ရန်**
**ဖုန်း-၀၉-၉၆၅၁၇၅၁၀၇၊ ၀၉-၄၂၄၀၁၀၉၄၂**

ဖုန်း Sim Card ဝယ်သည်
73, 47, 49, 50, 86
ရဲမင်းထွန်း
Ph: 09-5014706

ဝါကျွတ်ကန်တော့ပန်းအထူးလက်ဆောင်မွန်များ
Coffee Cherry-Natural Pure Ready Coffee
ဆက်သွယ်ရန် -09-5015613, 09-250356674

KMD Institute
ISO 9001:2008
ဆရာဦးသန့်ဇော်ဦး ကိုယ်တိုင်သင်ကြားသော
LCCI Level I, II, III (စာရင်းကိုင်သင်တန်းများ)
• Level 1 & 2 Book Keeping and accounts Course ကိုသင်ကြားပေးပါမည်။
• Exam
• Level 3 သင်တန်းပြီးဆုံးပါက KMD တွင် On Job Training ဆင်းနိုင်ပြီး
LCCI - I, II
17 October 2017 | 7:30-10:30 | Tue, Wed
KMD
MYOB
LCCI
20%
Discount
Myaynigone Center

ဝါကျွတ်ချိန်ခါ ပူဇော်ကန်တော့ကြသူတိုင်း
စတုမဓုနှင့်ကန်တော့၍ ကုသိုလ်ယူကြသည်။
ဦးဘညိန်-သား
စတုမဓု
TMR-003261



ရွှေပိုးမျှင် ဝိုးထည် ၊ ချည်ထည်
သီတင်းကျွတ်အထူးဈေးရောင်းပွဲတော်
50000ကျပ်ဖိုးနှင့်အထက်ဝယ်ယူသူတိုင်း
လက်ဆောင်ပစ္စည်းများရယူနိုင်ပါပြီ........
Sein Gay Har (Pyay Road) No. 44, Pyay Road, Yangon, Myanmar.
Pre Thidingyut Longyi Promotion
Sein Gay Har
Sep 15 to 13 Oct 2017
Buy 100000Ks
Get
Get 10000Ks(GV)
Buy 50000Ks
Get
Get 3500Ks(GV)





2017 Thadingyut
Shirt Festival
Up to 70% Off +
Buy 70000Ks Get 1
Buy 50000Ks Get 1
Sein Gay Har
23 Sep to 10 Oct 2017
@SeinGayHar All Branches
Ph ; 01 395140,395260

2017 Thadingyut Watch Fair
Sein Gay Har
Up to 70% Off + Present
"သီတင်းကျွတ်အခါသမယတွင်"
ချစ်ခင်လေးစားရသူများအား
တန်ဖိုးရှိသော နာရီနှင့်ဘောပင်များကို
လက်ဆောင်ပေးခြင်းဖြင့်
ဂါရဝပြုလိုက်ပါ.......
Sep 23 to 15 Oct 2017
No-44, Pyay Road , Yangon. Ph 01;395140,395260

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်

ဦးခနဝင်း
ဒေါ်နီနီဆွေ (တရားလွှတ်တော်ရှေ့နေ)(စဉ်-၃၉၃၃)
၁၁/တခန(နိုင်) ၀၃၃၆၃၂ တိုက်(၅) အခန်း(၆) (၁၁)လမ်း၊ (၃)ရပ်ကွက်၊
၏လွှဲအပ်ညွှန်ကြားချက်အရ သုဝဏ္ဏနောင်အိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

ထင်ထင်ပေါ်ပေါ်ဖြစ်ချင်သူတို့စုဝေးရာ...
မဟာ
အဝေးသင်တက္ကသိုလ်သင်တန်း
ပထမနှစ်၊ ဒီဂျာတဲ့ ဒုတိယအသုတ်ခေါ်ယူမည့် ကျောင်းသား/သူတိုင်းအတွက်
အခမဲ့ကောင်ချက်ပြတ်သင်တန်း
(၃.၁၀.၂၀၁၇ မှ ၁၃.၁၀.၂၀၁၇ နေ့အထိ)
အမှတ်-၁၁(A)၊ မြေညီထပ်၊ လှည်းတန်း (၁)လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၅၀၄၈၆၁၊ ၀၁-၅၀၄၃၆၀၊ ၀၁-၂၃၀၄၃၅၄၊ ၀၉-၄၃၁၆၈၁၁၃၅။

## အများသိစေရန် သတိပေးကြေညာချက်

[illegible]

ဦးအောင်ရိုး
B.A.R.L.D.B.L.D.M.L.D.I.L
LL.B

ရောင်းခြည်ထင်
အိမ်ခြံဖြင့်/အိမ်ခြံလပ်မိန်း
10',14',15' တာများဖြင့်
လုပ်သားအခြေခံမြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
Ph:09-450454771
09-450454772
09-450454773

"အသံဆို-မှန်ချိုတွင်ဂီတာနည်းပညာရှင်များလက်ရွေး"
မှန်ချိ
သဘောတော်ကြီး ဦးသုတေသ (တသ-၀၀၀၈၂)မှန်ချိုလတ်တင်ဆောင်းဦး(တသ-၀၁၁၈၀) Ph.D(Alternative Medicine) (India)
မြန်နိုင်ရေး-မှန်ချိုဆေးတိုက်မှရှေ့ဆုံသား အသုံးဆောင်တန်အိုးမြို့နယ် ☎ ၀၁-၃၈၄၆၅၁၊၃၇၅၁၀၃၊၃၈၇၃၅

ခရုံမြို့သစ်
သဘောမြို့
အိမ်ကမ်းမြို့နယ်
ထောက်ပိုင်း မြေကွက်ပိုင်း
များရှိ မြေကွက်များကို
ရောင်းပေးပါသည်။
09-6809893
09-5120620

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉၊ မြေကွက်အမှတ်-၁၀၅၊ ၁၀၆၊ ၁၀၇၊ ၁၀၈၊ မြေကွက်တည်နေရာအမှတ်(၁၀၅၊ ၁၀၆၊ ၁၀၇၊ ၁၀၈)၊ မိုးဟိန်းလမ်း၊ (၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ထွန်းလင်းရောင်ကုမ္ပဏီလီမိတက်အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ထွန်းလင်းရောင်ကုမ္ပဏီလီမိတက်ထံမှ မြေကွက်အပြီးအပိုင်အရောင်းအဝယ်စာချုပ်အမှတ်-၅၉၇၉(၂၆-၉-၂၀၁၁)ဖြင့် ဝယ်ယူထားသူ ဒေါ်တင်တင်ဝင်း[၁၂/မရက(နိုင်)၀၀၆၃၄၆](ဇနီး)ကွယ်လွန်သဖြင့် ဦးအောင်ဇော်[၁၂/မရက(နိုင်)၀၀၆၃၄၈]မှ တစ်ဦးတည်းသော တရားဝင်ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်း၊ သန်းခေါင်စာရင်းနှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ လျှောက်ထားမြေကွက်(၄)ကွက်တွင် မြေကွက်အမှတ်(၁၀၅)နှင့်(၁၀၆)တို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ စွန့်လွှတ်ကြောင်းတင်ပြခဲ့သဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အမည်ပေါက်ပြန်လည်မှတ်သားပြီးဖြစ်ပါသည်။ မှတ်ပုံတင်စာချုပ်ဖြင့် ပိုင်ဆိုင်သူ ဒေါ်တင်တင်ဝင်း(ဇနီး)ကွယ်လွန်သဖြင့် ခင်ပွန်းဖြစ်သူ ဦးအောင်ဇော်မှ ကျန်မြေကွက်အမှတ်(၁၀၇)နှင့် (၁၀၈)တို့ကို ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအဆိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ